pdf by Kawhtoo S'gaw

သမိုင်းလေ့လာရေး

ရှိုင်းသစ်

စာစောင် (၂)

အာဇာနည်နေ့အထူးထုတ်

(ကရင်အမျိုးသားသမိုင်းသုတေသနအဖွဲ့)

PDF by Kawhtoo S'gaw

မာတိကာ

၁။နိုင်ငံသစ်အာဘော်	၁
၂။စောအောင်လှ၏"မူလကရင်ပြည်သမိုင်း"	၂
၃။မြန်မာပြည်၏သန်းကောင်စာရင်းကောက်ယူမှုသမိုင်းနှင့် ကရင်အမျိုးသားပြဿနာ	၁၁
၄။မန်းဘဇန်ပြောပြသော"စောဘဦးကြီး"	၁၈
၅။ဗိုလ်ချုပ်မင်းမောင်အထုပ္ပတ္တိ	၂၁
၆။အနှစ်(၄၀) မြောက်ကရင့်တော်လှန်ရေးနေ့၌ ကေအဲန်ယူမှ ထုတ်ပြန်သောသမိုင်းဝင်ဓာတ်ပုံမှတ်တမ်းများ	၂၄
၇။အမျိုးသားအတွက်ကိုယ်ကျိုးစွန့်တာဝန်ထမ်းဆောင်ခဲ့သော ခေါင်းဆောင်များ	၃၂
၈။ဆရာကြီးစကောလယ်တော၏မှတ်စု (၁၉၅၀) ဖာပွန်ကွန်ဂရက်	၃၄
၉။တမျိုးသားလုံးပေါင်းစည်း၍ကရင်သမိုင်းဖေါ်ထုတ်ကြပါစို့	၃၆
၁၀။မန်းဘဇန်နှင့်ကရင်တော်လှန်ရေး	၄၂
၁၁။Bibliography on the Karen people in Burma and Thailand	၆၀
၁၂။မှတ်တမ်းတင်အပ်သူတဦးနှင့်ကဗျာတပုဒ်	၇၄
၁၃။အမှားပြင်ဆင်ချက်	၇၅

နိုင်ငံသစ်အာဘော်

ဩဂုတ်လ (၁၂)ရက်နေ့သည် "စောဘဦးကြီး"ကျဆုံးသောနေ့ ဖြစ်သည်။ ထိုနေ့ကို အာဇာနည်နေ့အဖြစ် ကေအဲန်ယူ ခေါင်းဆောင်များက သတ်မှတ်ပြီး တမျိုးသားလုံးက လက်ခံကျင်းပခဲ့သည်မှာ (၄၃)နှစ်မြောက် ရှိပြီဖြစ်သည်။

"စောဘဦးကြီး"သည် ကြွယ်ဝချမ်းသာသော မျိုးရိုးမှ ဆင်းသက်လာပြီး ပညာတတ် ရှေ့နေတဦး ဖြစ်သည်။ ရှေ့နေလုပ်ငန်းဖြင့် ဘဝတသက်တာ ဆောင်ရွက်ရန် ရည်ရွယ်သော်လည်း ၊မြန်မာပြည် လွတ်လပ်ရေး တိုက်ပွဲနှင့် ကရင်ပြည်တောင်းဆိုမှုကိစ္စများ ရှုတ်ထွေးသောကာလ၊ ရှေ့နေလုပ်ငန်းကို စွန့်လွှတ်၍ အမျိုးသားနိုင်ငံရေးကို ခြေစုံပစ်ဝင်ရောက်ဆောင်ရွက်ရတော့သည်။

၁၉၄၇ခုနှစ် တမျိုးသားလုံး တောင်းဆိုချက်အပေါ် ကေဝိုင်အို ကရင်လူငယ်တစုက သွေးဖိခဲ့ပြီး ဖဆပလနှင့် ပူးပေါင်းသွားခဲ့ရာကေအဲန်ယူ၏ဥက္ကဋ္ဌတာဝန်ကိုတနိုင်ငံလုံးမှ ကိုယ်စားလှယ်များက တင်မြှောက်ခဲ့သည်။ မိမိအကျိုးထက် တမျိုးသားလုံး အကျိုးကို ရှေ့တန်းထားပြီး အများစုဆန္ဒကို လေးနက်စွာ နာယူတတ်ခြင်းအတွက် တပြည်လုံးက သူ့ကိုမှတ်တမ်းတင် ဂုဏ်ပြုချီးကျူးခဲ့ကြသည်။

သီးခြားကရင်ပြည် တောင်းဆိုမှု အထွဋ်အထိပ်နှင့် တမျိုးသားလုံး အနာဂတ်ရေးရာ မပီမပြင်ကာလမှာပင် မြန်မာ့လွတ်လပ်ရေးကို ကြေညာခဲ့သည် ဖဆပလနှင့် ကေအဲန်ယူ အကြား အမျိုးသားရေးကိစ္စသည် ပြေလည်မှု မရှိခဲ့ "စောဘဦးကြီးက "ကရင်ကလည်း ဗမာက ပြည်နယ်ပေးချင်အောင်လုပ်။ ဗမာကလည်း ကရင်တွေ ကရင်ပြည်နယ် မတောင်းချင်အောင် လုပ်ပါ။"ဟု အပြန်အလှန် နားလည်မှု၊ သဘောထားကြီးမှုနှင့် တရားမျှတသော အခြေခံမှုတရပ်ကို အဆိုပြုခဲ့သည်။ လက်တွေ့တွင်မူ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒစပ်ကြား ပြေငြိမ်းနိုင်စရာနည်းလမ်းကား မရှိခဲ့ပါ။ တဖက်မှ ကရင်လူထုကြီး၏ ကြွေးကြော်သံကား ကျယ်လောင်လှသည်။

"ကရင်တကျပ် ဗမာတကျပ် ချက်ခြင်းပြ"

"ကရင်ပြည်ချက်ခြင်းပေး"

"ပြည်တွင်းစစ်အလိုမရှိ"

"လူမျိုးရေးအဓိကရုဏ်းအလိုမရှိ"

မင်းမဲ့စရိုက်သည် အခွင့်ကောင်းများကို ဖျက်ဆီးတတ်သည်။ စစ်သွေးကြွနေသော လူငယ်တစုသည် "မအုပင်"ဘဏ်ကိုဝင် ရောက်လုယက်ခြင်းဖြင့် တမျိုးသားလုံး၏ ဂုဏ်သိက္ခာ ကျဆင်းနိုင်သည့်အတွက်"စောဘဦးကြီး"သည် မိမိပိုင်ဆိုင်သော လယ်ကေတထောင်ကျော်ကို ဖဆပလအစိုးရအား လျော်ကြေးအဖြစ် ပေးခဲ့သည်။ အမျိုးဂုဏ်ကို စည်းစိမ်ဖြင့် လဲလှယ်ခြင်းသည် ကရင်လူ့အဖွဲ့အစည်း အတွင်း ကိုယ်ကျိုးမဖက်သော ခေါင်းဆောင်ကြီးတဦးအဖြစ် ကမ္ဘာ ရှားလှသည်။

၁၉၄၉ခုနှစ် ဇန်နဝါရီလ (၃၁)ရက်နေ့ "အင်းစိန်တိုက်ပွဲ"ဖြင့် ပြည်တွင်းစစ်မီးကြီး တောက်လောင်ခဲ့သည်။ "စောဘဦးကြီး"သည် စစ်၏အနိဋ္ဌာရုံကို ရှုမြင်ပြီး၊ စေ့စပ်ဆွေးနွေးရေးကို လက်မနှေးတန်း ဆောင်ရွက်ခဲ့သည်။ အုပ်စိုးသူဘက်မှ ရိုးသားမှုမရှိ ဆွေးနွေးရေးကို အချိန်ဆွဲအခွင့်ကောင်းယူပြီး တဖက်တွင် စစ်ကိုပြင်ဆင်ချိန် ရလိုက်သည်။

ကရင်လက်နက်ကိုင် တိုက်ပွဲသည် လက်နက်ကိုင်တိုက်ပွဲပြင်ဆင်မှု မရှိခြင်းနှင့် စနစ်မကျခြင်းကြောင့် အခွင့်ကောင်းကို မဆုတ်ကိုင်နိုင်ခဲ့ပေ။ သိမ်းပိုက်ထားသော နယ်မြေအသီးသီးကို ပြန်လည် စွန့်လွှတ်လိုက်ရသည်။ စစ်သည် ဆက်လက် ရှည်ကြာတော့မည်။ အရင်းအနှီးကြီးမားသော ဤစစ်ပွဲသည် သမိုင်းရေးရာ ကိစ္စတရပ်ဖြစ်သည်။ လူမျိုးတမျိုး၏ ဂုဏ်သိက္ခာနှင့် တည်တန့်မှုသည် ဤစစ်ပွဲအပေါ်တွင် တည်သည်။ အနာဂတ်ရေးရာအတွက် သူ့အပေါ်တွင် တာဝန်ရှိနေသည်။

၁၉၅၀ခုနှစ် "ဖာပွန်ကွန်ဂရက်"ကာလမှာပင် တမျိုးသားလုံးအတွက် မူ(၄)ချက်ကို ထုတ်ပြန်လိုက်သည်။

"လက်နက်ချစကားမပြောရ"

"ကရင်ပြည်ပြီးပြည့်စုံရမည်"

"ကရင့်လက်နက်ကရင့်လက်ထဲမှာရှိရမည်"

"ကိုယ့်ကြမ္မာကိုယ်ဖန်တည်းပိုင်ခွင့်ရှိရမည်"

ဤမူ(၄)ချက်သည် ခေါင်းဆောင်ကြီး၏ သေတမ်းစာလည်းဖြစ်သည်။ သူ၏ နောက်ဆုံးအမွေလည်း ဖြစ်သည်။ ဩဂုတ်လ(၁၂)ရက်နေ့သည် ခေါင်းဆောင်ကြီး၏ ကျဆုံးသောနေ့ဖြစ်သည်။ သူ့ဘဝ သူ့စည်းစိမ် သူ့အသက်ကို တမျိုးသားလုံး အတွက်ပေးခဲ့သည်။ "စံပြခေါင်းဆောင်နှင့် စံပြကရင်တဦး"ဖြစ်သည်။ ဤနေ့တွင် ကျွန်ုပ်တို့ ကရင်အမျိုးသားများသည် သူ့ကို အမှတ်ရနေသည်။ သူသည် စွန့်လွှတ်မှု အားလုံး၏ စံပြတဦးဖြစ်သည်။ အနာဂတ်အတွက် နိုင်ငံရေးကျင့်စဉ် အားလုံး၏ စံလည်းဖြစ်သည်။ ကျွန်ုပ်တို့ အမျိုးသားများက သူ၏ကျင့်စဉ်အတိုင်း သူ၏

၁ သို့ ၇၅

စောအောင်လှ၏ "မူလကရင်ပြည်သမိုင်း"

သမိုင်းဦးပုံပြင်အရကရင်ပြည်သည်ယခုမြန်မာနိုင်ငံ ဟုခေါ်ပြီးရှေးပဝေသဏီကာလကပင်လယ်ပြင်ကြီးလွှမ်းမိုးသောဒေသကြီးဖြစ်ခဲ့သည်။ နှစ်ပရိစ္ဆေဒကြာမြင့်လာသည်နှင့်အမျှပင်လယ်မျက်နှာပြင်တွင်တဖြည်းဖြည်းတနေရာပြီးတနေရာကုန်းမြေများပေါ်ထွန်းလာလေသည်။ပထမဦးဆုံးကျွန်းသဖွယ်ပေါ်လာပြီးအရှေ့ဘက်ရှမ်းကုန်းပြင်မြင့်၊သထုံ၊မြိတ်အထိ၊ကျွန်းစွယ်များသွယ်တန်း၍ပေါ်လာသည်။ကျွန်းသဘွယ်ကုန်းပြင်မြင့်များသည်နှစ်ပေါင်းကြာသော်ရေများခန်းခြောက်လာသည်။ထို့နောက်ကုန်းမြင့်များတဆက်တစပ်တည်းဖြစ်ပေါ်လာပြီးအရှေ့ရိုးမတောင်တန်းကြီးဖြစ်ပေါ်လာလေသည်။အရှေ့ရိုးမပေါ်ထွက်လာသောအချိန်တွင်ကျန်ဒေသများသည်ပင်လယ်ပြင်လွှမ်းမိုးနေဆဲဖြစ်သည်။အရှေ့ရိုးမကုန်းပြင်မြင့်ပေါ်လာသောအချိန်ပင်လယ်ကမ်းရိုးတန်းကိုမြေပုံအမှတ်(၃)တွင်ဖော်ပြထားသည်။အရှေ့ရိုးမပေါ်ထွန်းပြီးနှစ်ပရိစ္ဆေဒကြာမြင့်ပြန်သောအခါ အနောက်ရိုးမ(သို့)ရခိုင်ရိုးမတောင်တန်းကြီးပေါ်ထွန်းလာလေသည်။ထိုနောက်နှစ်ပေါင်းကြာမြင့်ပြန်သော်အရှေ့နှင့်အနောက်ရိုးမတို့အကြားပဲခူးရိုးမတောင်တန်းကြီးပေါ်ထွန်းလာပြန်သည်။အနောက်နှင့်ပဲခူးရိုးမတို့ပေါ်ထွန်းလာသည်မှာအရှေ့ရိုးမနှင့်အလားတူကဲ့သို့ပင်ဖြစ်သည်။အရှေ့ရိုးမ၊အနောက်ရိုးမ၊ပဲခူးရိုးမ၊တောင်တန်း၊အကြားပင်လယ်ပြင်ကြီးဆက်လက်ရှိနေသေးသည်။ ထိုပင်လယ်ရေလွှမ်းသောမျက်နှာပြင်သည်နောက်ပိုင်းတွင်မြေနိမ့်၊မြစ်ဝှမ်း၊တောင်ကြားဒေသများပေါ်ထွန်းလာပြီး၊စိုက်ပျိုးရန်မြေသြဇာကောင်းမွန်သောမြေပြန့်ဒေသများဖြစ်လာလေသည်။ပင်လယ်ရေပြင်နှင့်ထိစပ်နေသောကမ်းရိုးတန်းကုန်းပိုင်းဒေသတွင်မြစ်ချောင်းများသည်၊ပင်လယ်တွင်းသို့စီးဆင်းလာလေသည်။ထိုမြစ်ရေများသည်ရွှံ့၊နွံ၊သစ်ရွက်၊ဝါးရွက်၊ကျောက်နှင့်သဲများကိုသယ်ဆောင်ပြီးပင်လယ်ကြမ်းပြင်သို့စုပုံကျရောက်ပြီး၊နုံးတင်မြေနုများတဖြည်းဖြည်းပေါ်ထွန်းလာသည်။ထိုနုံးတင်မြေနုများသည်ကျွန်းအဖြစ်၊တကျွန်းပြီးတကျွန်း၊ဆက်လက်ပေါ်လာရာ၊မြစ်ဝကျွန်းပေါ်ဒေသကြီးအဖြစ်၊ပေါ်ထွက်လာလေသည်။အရှေ့ရိုးမနှင့်ပဲခူးရိုးမစပ်ကြားကုန်းမြေဖြစ်သောဧရာဝတီမြစ်ဝမှာလည်းအထက်ပါအတိုင်းမြေပြန့်၊မြေနုကျွန်းများပေါ်ထွက်လာလေသည်။ရိုးမနှစ်ခုကြားမြေပြန့်ဒေသမပေါ်ထွက်မီမြေကြီးနှင့်ပင်လယ်ပြင်အနေအထားကိုမြေပုံအမှတ်(၄)တွင်တွေ့မြင်နိုင်သည်။ပဲခူးရိုးမတောင်တန်းနှင့်ရခိုင်ရိုးမတောင်တန်းစပ်ကြားဒေသကိုချင်းတွင်းမြစ်နှင့်ဧရာဝတီမြစ်(၂)သွယ်ပူးပေါင်းပြီးမြေနုကျွန်းများတနေရာပြီးတနေရာပေါ်ထွန်းစေခြင်းဖြင့်၊မျက်မှောက်ပထဝီအနေအထားအတိုင်းဖြစ်ပေါ်လာလေသည်။ပင်လယ်ကမ်းစပ်နှင့်ကမ်းရိုးတန်းဒေသများကိုမြေပုံအမှတ်(၅)တွင်ဖော်ပြထားသည်။ဆက်လက်ပြီးနှစ်ပရိစ္ဆေဒကြာလာပြန်သော်၊သဲ၊ကျောက်၊သစ်ပင်၊သစ်ရွက်၊ဝါးရွက်များဖြင့်စီးဆင်းကြသောမြစ်များသည်မြေနိမ့်များကိုနုံးမြေတို့ဖြင့်ဖြည့်ဆည်းပြီးကုန်းမြေများတစပြီးတစပေါ်ထွန်းလာစေရာ၊ပြည်၊တောင်ငူ၊တောင်ဘက်ဒေသများဖြစ်သောပုသိမ်၊မြောင်းမြ၊ဖျာပုံ၊ပဲခူး၊ဟံသာဝတီဒေသတို့ပေါ်ပေါက်လာလေသည်။(မြေပုံအမှတ်(၆)ကိုကြည့်ပါ)အချိန်ကာလအလိုက်ဖြစ်ပေါ်လာသောမြစ်များ၊ကိုမျက်မှောက်မြစ်များတည်ရှိပုံနှင့်နှိုင်းယှဉ်ကြည့်လျှင်ကွဲပြားခြားနားသည်ကိုတွေ့ရပေလိမ့်မည်။မြေပုံအမှတ်(၆)နှင့်(၇)ကိုလေ့လာနှိုင်းယှဉ်ကြည့်ပါ။

ကရင်ပြည်မကြီးအကြောင်း

လွန်ခဲ့သောနှစ်ပေါင်းများစွာအခါသမယကကရင်လူမျိုးတို့သည်တိုင်းနှင့်ပြည်နှင့်ရှိခဲ့ကြခြင်းကိုကရင်မျိုးနွယ်စုများအတွင်းသားစဉ်မြေဆက်ဂွတ်ဆိုခဲ့ကြသောကဗျာလင်္ကာများကဖော်ထုတ်ခဲ့၍သိရှိရသည်။ ပထမဆုံးကဗျာတပုဒ်တွင်အပိုဒ်(၈)ပိုဒ်ရှိပြီးကဗျာ၏အဓိပ္ပါယ်မှာ" ကရင်" လူမျိုးများ၏တိုင်းပြည်အစစ်အမှန်သည်မည်သည့်ဒေသတွင်ရှိပါသလဲဟူသောအမေးဖြင့်ကဗျာ၏ပထမအပိုဒ်ကိုစတင်ထားပါသည်။ပြန်လည်

မြေပုံ(၁)



၁။ ကရင်ပြည်မကြီးကိုဖေါ်ပြသောပုံဖြစ်သည်။တောင်ပိုင်းတွင်ပင်လယ်မှ၊ ကျွန်းငယ်များသဖွယ်ပေါ်ထွက်လာပြီးကြာသော်တောင်များဖြစ်လာသည်။

မြေပုံ(၂)

၂။ ကရင်ပြည်မကြီးနှင့်ပြည်သစ်ကိုဖေါ်ပြထားပုံ၊ပုံ(၁)တွင်ဖေါ်ပြထားသော ပင်လယ်ပြင်နေရာမှ၊တောင်တန်း၊မြစ်၊ကုန်းမြင့်ပြင်ညီဒေသများ ပေါ်ထွက်ပြီး၊ကရင်ပြည်သစ်ကြီးပေါ်ထွန်းလာပုံ။

မြေပုံ(၃)



ရခိုင်နှင့်ပဲခူးရိုးမ၊မပေါ်ထွန်းမှီ၊အရှေ့ရိုးမတောင်တန်းနှင့်ကမ်းရိုးတန်း
ကိုဖော်ပြထားပုံ၊ရှမ်းကုန်းပြင်မြင့်ဟုလည်းခေါ်သည်။

မြေပုံ(၄)



အရှေ့ရိုးမတောင်တန်းနှင့်ပင်လယ်ကမ်းရိုးတန်း၊ရခိုင်ကမ်းရိုးတန်း
နှင့်ပဲခူးရိုးမ ပေါ်ထွန်းစမြင်ရပုံ–တောင်ကြားများအကြား
ပင်လယ်ပြင်ကြီးရှိနေသည်။

မြေပုံ(၅)



မြန်မာပြည်ပင်လယ်ကမ်းပြည်မြို့နှင့်တောင်ငူမြို့များကိုဖော်ပြထားပုံ

မြေပုံ(၆)



မြန်မာပြည်မြစ်ချောင်းများတည်ရှိပုံ၊သံလွင်မြစ်နှင့်ယန်စီမြစ်ဝတို့၊မျက်မှောက်ကဲ့သို့မဟုတ်ပေ၊သံလွင်မြစ်မဲ နမ်မြစ်သည်တချောင်းတည်းစီးဆင်းသည်။

ဖြေကြားသည်မှာ၊" ကရင်တို့၏မူလနေထိုင်ခဲ့သောတိုင်းပြည်နှင့်ပတ်သက်၍ရှေးဦးလူကြီးသူမများကပြည့်ပြည့်စုံစုံသေသေချာချာပြောပြထားခဲ့သည်။ထိုပြောပြချက်များကိုတဆင့်ပြီးတဆင့်ပြောပြရမည်ဟုမှာကြားထားလေသည်။ကရင်လူမျိုးတို့၏တိုင်းပြည်စစ်စစ်၊ပြည်ရင်း၊ပြည်မ၊အမှန်တကယ်ရှိခဲ့ပါသည်။ထိုတိုင်းပြည်သည်သဲမြေကျယ်နှင့်သဲများစီးဆင်းသောမြစ်ချောင်းများလည်းရှိသည်။ရေမျက်နှာပြင်ပေါ်စီးဆင်းနေသောသဲများ၏အရောင်သည်ရွှေဝါရောင်၊အရောင်အဆင်းရှိလေသည်။

ဒုတိယကဗျာတွင်အပိုဒ်(၄)ပိုဒ်ရှိပြီး"ရှေးရှေးအခါက၊ကရင်ပြည်အစစ်အမှန်တွင်ခေါင်းဆောင်တဦးအမည်မှာမည်သူပါလဲ" ဟုမေးထားသည်အဖြေမှာကရင်လူမျိုးတို့၏ခေါင်းဆောင်ကြီးမှာ" ထောမဲပါ" ဖြစ်ပါသည်။ဆက်လက်ပြီးကဗျာ၏အမေးတွင်" ထိုကရင်ပြည်သည်မည်မျှလောက်ပျော်မွေ့ဘွယ်ကောင်းပါသလဲဟုဆိုထားသည်။အဖြေက" ထိုကရင်ပြည်သည်" ထောမဲပါ" ပြည်" " သဲချောင်းစီးမြစ်သဲဝါမြစ်" ဖြစ်ပြီးအလွန်သာယာပျော်မွေ့ဘွယ်ကောင်းပါသည်။

တတိယကဗျာတွင်အပိုဒ်(၄)ပိုဒ်ပါရှိပြီး"သဲချောင်းစီးမြစ်" " သဲဝါမြစ်" သည်မည်သည့်အရပ်တွင်ရှိပါသလဲ" ဟုမေထားသည်။" ထောမဲပါ" ပြည်သာယာ၊ပြည်ငြိမ်းချမ်းသည်ခုနှစ်စဉ်ကြယ်ရှိသောအရပ်တွင်ရှိပြီး၊ခုနှစ်စဉ်ကြယ်၊အောက်တည့်တည့်တွင်ရှိသည်။ခုနှစ်စဉ်ကြယ်ထွက်ပေါ်ရာအရပ်တည့်တည့်သို့သွားလျှင်" သဲဝါမြစ်" အရပ်ကိုရောက်မည်ဖြစ်ပြီး၊ခုနှစ်စဉ်ကြယ်အောက်တည့်တည့်ရောက်လျှင်" သဲချောင်းစီးမြစ်" နှင့်ကရင်ပြည်မကိုရောက်မည်ဖြစ်သည်၊

စတုတ္ထကဗျာတွင်အပိုဒ်(၄)ပိုဒ်ရှိပြီး"သဲချောင်းစီးမြစ်" နှင့်ကရင်ပြည်မသည်မည်သို့ရှိနေပါသနည်း။အဖြေမှာထိုပြည်မသည်သဲသောင်တခွင်တပြင်ကြီးနှင့်သဲပြင်ကိုဖြတ်ကျော်လျက်၊သဲနှင့်ရေရောနှောစီးဆင်းသောမြစ်အသွယ်သွယ်ရှိနေသည်၊၊ခရီးသွားလာရာတွင်အလွန်ခက်ခဲပါသည်။အဘယ်ကြောင့်ဆိုသော်သဲကန္တာရကြီးနှင့်ချောင်းများရှိနေသောကြောင့်ဖြစ်သည်။တွေ့မြင်သမျှအရာတို့သည်ရေလါးပင်လယ်လားကုန်းခေါင်ခေါင်လားဆိုသည်မှာခွဲခြားသိနိုင်ရန်ခက်ခဲပါသည်။

ပဥ္စမကဗျာတွင်အပိုဒ်(၄)ပိုဒ်ရှိပြီး"သဲချောင်းစီးမြစ်" " သဲဝါမြစ်" ဒေသ၏ပတ်လယ်တွင်မည်သည့်အရာများရှိပါသလဲ။အဖြေမှာ" သဲချောင်းစီးမြစ်" တိုင်းပြည်၏အရပ်မျက်နှာ(၃)ဘက်မှာကုန်းမြေပြင်ဖြစ်ပြီး၊ကျန်တမျက်နှာမှာပင်လယ်ကမ်းခြေဖြစ်လေသည်။ကုန်းမြေဒေသမှာအရှေ့အနောက်နှင့်မြောက်ဘက်ဒေသများဖြစ်ပြီး၊ပင်လယ်ဒေသအရပ်မှာတောင်ဘက်အရပ်ဖြစ်သည်။ပင်လယ်ပြင်ရှိသောဒေသမှာ၊နောက်ပိုင်းကရင်နိုင်ငံသစ်ပေါ်ထွက်လာလေသည်။" နိုင်ငံသစ်" ထွက်ပေါ်မလာမှီထိုဒေသသည်ပင်လယ်လှိုင်တံပိုးများအဆက်မပြတ်လှုပ်ရှားသောဒေသကြီးဖြစ်ခဲ့သည်။

ဆဋ္ဌမကဗျာတွင်အပိုဒ်(၄)ပိုဒ်ရှိသည်"သဲချောင်းစီးမြစ်" သည်ကရင်ပြည်တဖက်၊ပင်လယ်ပြင်ကြီးသည်ကျောက်ဆောင်ကြီးများ၊ဒီလှိုင်းကြီးများရှိသည်။လှိုင်းကြီးများသည်ဆင်းလိုက်တက်လိုက်ဖြင့်အစဉ်၊အပြန်အလှန်ရိုက်ခတ်လှုပ်ရှားလေသည်။

သတ္တမကဗျာသည်အပိုဒ်(၆)ပိုဒ်ရှိသည်၎င်းကဗျာမှအမေးက" လူကြီးသူမများပြောကြားခဲ့သောကရင်နိုင်ငံသစ်နှင့် ပတ်သက်၍ မည်သို့ပြောဆိုခဲ့ပါသလဲ "အဖြေမှာထို" နိုင်ငံသစ်" သည်ပင်လယ်သမုဒ္ဒရာနှင့်လှိုင်းလေ၊များအကြားမှပေါ်ထွက်လာလေသည်။ကရင်နိုင်ငံသစ်ပေါ်စကကြက်မတဝပ်စါမျှလေါက်သာရှိပြီးသေးငယ်ရာမှတစထက်တစအလျှင်အမြန်ပင်ကြီးမားကျယ်ပြန့်လာလေသည်။ပင်လယ်သမုဒ္ဒရာလှိုင်းလေများအကြားမှအလျှင်အမြန်ကျယ်ပြန့်ကြီးမားလာခြင်းဖြင့်ကျောက်တေါင်(၉)လုံးအကြား၊ကုန်းမြင့်၊တောင်ကြား၊ချိုင့်ဝှမ်း၊မြေညီ၊မြေပြန့်၊ဒေသကြီးတခုပေါ်ထွက်လာလေသည်။ဤသည်မှာကရင်နိုင်ငံသစ်တနိုင်ငံပေါ်ထွက်လာခြင်းအကြောင်းဖြစ်လေသည်။

ကရင်လူမျိုးများမြန်မာပြည်သို့ပထမအကြိမ်ဝင်ရောက်လာခြင်း

ဘီစီ(၁၁၃၄)နှင့်ဘီစီ(၁၁၂၂)နှစ်စဉ်ကြားကာလတရုပ်ပြည်တွင်ဂေါစင်(Ghaw sin)အမည်ရှိသောတရုပ်မင်းတပါးအုပ်ချုပ်လေသည်။ထိုဘုရင်သည်တိုင်းပြည်အုပ်ချုပ်ရာတွင်တရားမျှတမှုမရှိဘဲ ပြည်သူများကိုနှိပ်စက်ညှင်းပမ်းလေသည်။သူ၏နိုင်ငံပတ်ဝန်းကျင်မှတိုင်းငယ်ပြည်ငယ်ရှိပြည်သူများကိုဖိနှိပ်ခြင်း၊မောင်းထုတ်ခြင်း၊သို့မဟုတ်သူ၏အုပ်ချုပ်ရေးအောက်သို့အတင်းအဓမ္မသိမ်းသွင်းခြင်းပြုလေသည်။(**History of china 1929- pages 8 and 9 by professor w.e Soothill and also a sketch of china History-Ancient and modern etc. volume 1-1934 pages 162-166 by Rev charles Gutzlaff.**

မြေပုံ (၇)



မျက်မှောက်မြန်မာပြည်မြစ်များစီးဆင်းပုံ–ပုံ(၆)နှင့်နှိုင်းယှဉ်ပါ။

ကရင်သမိုင်းရေးသားသူ "စောမောင်လု"

ထို့ကြောင့်တရုပ်ပြည်နယ်စပ်နှင့်တရုပ်ပြည်တွင်းနေထိုင်လျက်ရှိသောကရင်မျိုးနွယ်စုများသည်အခြားလူမျိုးများနည်းတူဖိနှိပ်မှုကိုမခံမရနိုင်သည့်အဆုံး၊ဘီ၊စီ၊(၁၁၂၈)ခုနှစ်တွင်တရုပ်ပြည်တောင်ပိုင်းနှင့်အနောက်တောင်ဖက်အရပ်သို့ပြောင်းရွှေ့ပြီးဒေသသစ်များဖြစ်သောယိုးဒယားနှင့်မြန်မာနိုင်ငံသို့ဘီ၊စီ(၁၁၂၅)ခုနှစ်တွင်ဝင်ရောက်လာလေသည်။ကရင်မျိုးနွယ်စုများသည်တရုပ်ပြည်မှတောင်ဘက်သို့(၃)ဖွဲ့(၃)ကြောင်းခွဲပြီးဆင်းလာခဲ့သည်။မြန်မာပြည်နှင့်ယိုးဒယားပြည်ရောက်ရန်(၃)နှစ်မျှကြာမြင့်လေသည်။

မဲခေါင်မြစ်ကြောင်း – မဲခေါင်မြစ်ကြောင်းမှဆင်းလာသောအဖွဲ့သည်၊ယိုးဒယားနိုင်ငံတောင်ပိုင်းနှင့်ကမ္ဘောဒီးယားနယ်စပ်ထိရောက်လာပြီးနေထိုင်ကြသည်။များမကြာမှီ “ထိုင်း”လူမျိုးများလည်းထိုလမ်းကြောင်းအတိုင်းအများအပြားပြောင်းရွှေ့လာကြသည်။ထိုင်းလူမျိုးများသည်အရင်ရောက်နှင့်နေသောကရင်များကိုဖိနှိပ်လေသည်။ကရင်များရှေ့သို့ရှောင်းပြေးရန်မှာလည်းပင်လယ်ပြင်ကြီးသာရှိတော့သဖြင့်မဲနမ်မြစ်ချောင်းအတိုင်းအထက်သို့ဆန်တက်လာကြလေသည်။မဲနမ်ချောင်းဖျားမရောက်မှီ “မဲပင်” ချောင်းအတိုင်းမြောက်ဘက်သို့ရွှေ့ပြောင်းပြန်သည်တို့နောက် “မဲပင်” ချောင်းဖျားမရောက်မှီယခု “ဇင်းမယ်” ဒေသတွင်အခြေချနေထိုင်ကြလေသည်။ “ဇင်းမယ်” ဒေသသည်စင်စစ်ကရင်မျိုးနွယ်စုများပထမဦးစွာဝင်ရောက်ပြီးစုဝေးနေထိုင်သောဒေသဖြစ်လေသည်။ကရင်များသည် “ထိုင်း” လူမျိုးများနှင့်မကြာခဏတိုက်ခိုက်ကြရသည်။သူတပြန်ငါတပြန်တိုက်ခိုက်ကြရာနောက်ဆုံးအင်အားမမျှ၍ကရင်မျိုးနွယ်စုများထိုဒေသမှစွန့်ခွာခဲ့ရလေသည်။ထို့နောက် “မိုင်းလုံးကြီး” “ဖါပွန်” “လူသောခို” “လယ်မူထိ” ဒေသရှိတောင်ကြို၊တောင်ကြား၊ချောင်းကြို၊ချောင်းကြားဒေသများတွင်ဝင်ရောက်အခြေချနေထိုင်ကြလေသည်။တချို့ကရင်များပင်လယ်ကိုဖြတ်ပြီး၊ဘော်နီယိုကျွန်းသို့ရောက်သွားလေသည်။

ရွှေလီမြစ်ကြောင်း

ကရင်လူမျိုးဒုတိယအုပ်စုသည်ယူနန်မှထွက်ခွါလာပြီးရွှေလီမြစ်ကြောင်းအတိုင်းဆင်းလာသည်။ရှမ်းလူမျိုးများ “ရွှေလီ” မြစ်ဝှမ်းတွင်အခြေချလျက်ရှိသောကြောင့်ကရင်များသည်ဧရာဝတီမြစ်အတိုင်းဆက်လက်ဆင်းလာပြီး “မိုးကုတ်” ဒေသတွင်အခြေချနေထိုင်သည်။ကာလကြမြင့်သော်လူဦးရေများပြားလာပြီး “တကောင်းမြို့” ကိုတည်ထောင်နေလေသည်။(ထိုဒေသကိုကရင်လို “ဃဲဝါးမြစ်” “ဃဲဝါးမြို့” နောက်ပိုင်းငှင်းကိုပြည်မြစ်(သို့မဟုတ်)ဧရာဝတီမြစ်ဟုအမည်မှတ်ခေါ်သည်။ကရင်လူမျိုးများတစထက်ထက်တစများပြားလာပြီးအချို့ထိုနေရာမှခွဲထွက်နေထိုင်၍လူဦးရေပြန့်ကျဲလာလေသည်။အချို့ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ရောက်သွားပြီးအခြေချသည်။လူဦးရေများဖြစ်လာပြန်သော “ပိုးကရင်” အကြီးအကဲတဦးကမြို့တည်ထောင်နေထိုင်ရန်အကြံပြုရာသဘောတူညီကြပြီး “ပိုးကရင်” မြို့တော်ကိုတည်ထောင်ကြသည့်ထိုမြို့ကိုအင်္ဂလိပ်လို (Pr ome) ဟုခေါ်သည်။ “ပိုမြို့” ကိုနောက်ပိုင်းမြန်မာများက “ပြည်” မြို့ဟုခေါ်သည်။စင်စစ် “ပိုးကရင်အုပ်စုကတည်ထောင်သောကြောင့် “ပိုမြို့” ဖြစ်ပြီးနောက်ပိုင်းပြည်မြို့ဖြစ်လာလေသည်။ “စကော” ကရင်မျိုးနွယ်စုတခုသည်ဧရာဝတီမြစ်ဝကျွန်းပေါ်မှတဆင့်အနောက်ဖက်အရပ်သို့ရွှေ့ရှားသွားပြီးရခိုင်ပြည်သို့ရောက်သွားသည်။ထိုဒေသတွင်မြို့ရွာများတည်ထောင်နေထိုင်ရာထိုမြို့ကို “စောမြို့” ဟုခေါ်သည်။နောက်ပိုင်းငှင်းမြို့ကို “စန်တွဲ” (သို့) “သံတွဲ” ဟုခေါ်သည် “စေါမြို့(ဝါ)” “စေါဝေ” ကိုရခိုင်များမပီသဘဲ “စေါဝေ” ကို “စန်တွေ” ဟုခေါ်ပြီး “သံတွဲ” ဖြစ်လာသည်။

“သံလွင်မြစ်ကြောင်း”

ကရင်အုပ်စုတစုသည်သံလွင်မြစ်ကြောင်းအတိုင်းမှဆင်းလာရာရှမ်းပြည်အထက်ပိုင်းဒေသများတွင်နေထိုင်သည်။သို့သော်ရှမ်းလူမျိုးအများအပြား–ငှင်းလမ်းကြောင်းအတိုင်းဆင်းလာရာကရင်များထိုနေရာမှတောင်ဘက်သို့ရွှေ့ပြောင်းကြရသည်။ကရင်များ(၂)စုကွဲသွားသည်။တစုမှာသံလွင်မြစ်ကိုစုံဆင်းသည်။တစုမှာ “ဘွဲ” အုပ်စုဖြစ်ပြီးကရင်နီဒေသတွင်အခြေချနေထိုင်သည်။မြို့တည်ထောင်ရာ “ဘွဲမြို့” “သို့မဟုတ်” “အရှေဘွဲ” မြို့ဟုခေါ်သည်။ “ဘွဲ” ဘုရင်ကို “စော်ဘွါး” ဟုခေါ်သည်။ငွေတောင်၊နောင်ပုလဲ၊ကြယ်ဖိုးကြီး၊ကြယ်ဖိုးကလေး၊လွိုင်ကော်အရပ်တွင်နေထိုင်ကြသည်။ “ဘွဲ” တစုမှာတောင်ငူအထက်ပိုင်းတွင်နေထိုင်သည်။ “ပိုးကရင်” အုပ်စုဖြစ်သောတောင်သူ

မြေပုံ(၈)



မြေပုံ–(၈)–မြန်မာပြည်သို့ ကရင်၊မြန်မာ၊ကုလားများဝင်ရောက်လာပုံ–ရှမ်း
များမှာ၊ကရင်များဝင်လာသော်လမ်းအတိုင်းဝင်လာသည်။

(ခေါ်)ပအို အုပ်စုသည်ထိုဒေသတွင်အချို့ကျန်ခဲ့သည်။ "ပိုး" "စကော" အုပ်စုများတောင်ပိုင်းသို့တနေရာပြီး တနေရာ ပြောင်းရွှေ့နေထိုင်လာရာ "ဒုံရင်း" ဖွဲ့ကပင်တောင်ဒေသတို့တွင် အချို့အခြေချနေထိုင်သည်။ "ဒုံရင်း" ဖွဲ့ကပင်ဒေသသည်ရှေးအခါကကရင်မျိုးနွယ်စုအများအပြားစုပေါင်းနေထိုင်လာခဲ့သောကရင်မြို့တော်ဖြစ်လေသည်။ကရင်မျိုးနွယ်အချို့ရမည်းသင်းဒီစတြိတ်ဒေသတွင်ဝင်ရောက်နေထိုင်ကြသည်။အချို့စစ်တောင်းမြစ်တလျှောက်၊စစ်တောင်းမြစ်ဝထိ၊အဆင့်ဆင့်အခြေနေထိုင်ကြသည်။ "စကော" ကရင်တချို့သည်စစ်တောင်းမြစ်လက်တက်အနောက်ဖက် ယခုအခေါ် "ဆွါ" ဒေသတွင်မြို့ရွာတည်ထောင်ကြသည်။အမှန်စင်စစ် "စေါ" မှ "ဆွါ" ဟုခေါ်ခြင်းဖြစ်သည်။ ဗမာများမပီမသသောကြောင့် "စေါ"၊ "စကော" ကို "ဆွါ" ဟုအသံထွက်ခြင်းဖြစ်သည်။ တောင်ငူမြောက်ဖက်တွင်ရှိသည့်၊ဘွဲ့မျိုးနွယ်တစုသည် "နောပွဲ" မြစ်အထက်ပိုင်းတွင် "နောပွဲ" မြို့ကိုတည်ထောင်နေထိုင်သည်။ "နောပွဲ" မြို့သည်တောင်ငူမြောက်ဘက်ကျကျတွင်ရှိပြီးယခုကာလမြို့မရှိတော့ပေ။သို့သော် "ဘွဲ့" အစုတို့ထိုဒေသတွင်ကျေးရွာအများအပြားတည်ထောင်နေထိုင်ကြသည်။ "နောပွဲ" ကိုမွန်မြန်မာတို့က "နောင်ပြောင်" ဟုခေါ်သည်။ကမ်းနီ၊တောင်ငူ၊ဒေသတွင်နေထိုင်သော၊ "ဘွဲ့" အနွယ်များသည် "နောပွဲ" မြို့မှထွက်လာပြီးအခြေချနေထိုင်သူများဖြစ်သည်။ "ပိုး" ကရင်တို့သည်တောင်ငူမြို့တောင်ဘက် "ပိုဝေ" သို့ "ပိုမြို့" ကိုတည်ထောင်ထားရာယနေ့ထက်တိုင်ရှိသည်။ ဗမာများခေါ်အဝေါ်မပီသသောကြောင့် "ဖြူး" ဟုခေါ်သည်။ယနေ့ထက်တိုင်ရှိသည်။ယခုအခါလူမျိုးပေါင်းစုံ ရောပြွန်းနေထိုင်ကြသည်။မွန်ရာဇဝင်ဟောင်းများ၌မြန်မာနိုင်ငံသို့အရင်ဆုံးဝင်ရောက်နေထိုင်သောလူမျိုးများမှာရှမ်းနှင့်မွန်ထိ(ပိုးကရင်)တို့ဖြစ်သည်ဦးစေါ ရေးသားသောကရင်ရာဇဝင်ကလည်းအလားတူဖေါ်ပြထားသည်။

ကရင်လူမျိုးများမြန်မာပြည်သို့ဒုတိယအကြိမ် ရောက်လာခြင်း

ရှေးလူကြီးသူမများ၏ပြောပြချက်အရ တရုပ်ပြည် ယူနန်မှပြောင်းရွှေ့လာသောကရင်မျိုးနွယ်စုများမှာ(၉၉)မျိုးရှိပြီးယူနန်တွင်(၃၃)မျိုးကျန်သည်ဟုဆိုသည်။ကာလကြာညောင်းလာသောအခါ လူဦးရေတိုးပွါးလာကြပြီးမြို့ရွာများတည်ထောင်နေကြလေသည်။မာကိုပိုလို၏ခရီးသွားမှတ်တမ်းတွင် အေဒီ(၁၃၀၀)တွင်ကရင်များနေထိုင်သောမြို့ရွာများကိုတွေ့ရှိသေးကြောင်းဖေါ်ပြထားသည်။မျက်မှောက်ပထဝီဖေါ်ပြချက်အရ၊ "လိုလို" "ဝ" ၊ "ကဝ" စသည့်လူမျိုးတို့သည်ယူနန်နယ်တွင်ယနေ့တိုင်နေထိုင်ကြောင်းဖေါ်ပြထားလေသည်။

ဘီစီ(၁၁၂၂)မှ(၂၅၅)နှစ်ကာလတရုပ်ပြည်တွင် ချောင်မင်းဆက်အုပ်ချုပ်သည်။ထိုမင်းဆက်သည်မင်းပေါင်း(၃၅)ပါးအုပ်ချုပ်ပြီးနှစ်ပေါင်း(၈၆၈)နှစ်ကြာသည်။ထိုမင်းလက်ထက်တရုပ်ပြည်တွင်(၁၂၄)ပြည်ထောင်ရှိသည်။တပြည်နှင့်တပြည်အပြန်အလှန်တိုက်ခိုက်ကြရာ၊နောက်ဆုံးပြည်ထောင်(၇၂)ပြည်ထောင်သာကျန်သည်။ထိုပြည်ထောင်ငယ်များသည်အချင်းချင်းစစ်တိုက်လျှက်သာရှိရာ၊ပြည်သူများမှာအလုပ်အကိုင်မလုပ်ကြရတော့ဘဲလယ်ယာစိုက်ခင်း၊ဥယျာဉ်၊ခြံမြေများမှာအလွတ် သာရှိနေတော့သည်။ဤသို့ကာလသည်နှစ်ပေါင်း(၁၀၀)မျှဖြစ်သည်။လယ်သမား၊ခြံသမားနှင့်ပြည်သူများသည်စစ်မတိုက်လိုသော်လည်းအကြီးအကဲများကအတင်းအဓမ္မစေခိုင်းသောကြောင့်စစ်ပွဲများတွင်ပါဝင်တိုက်ခိုက်ကြရသည်။ထို့ကြောင့်တိုင်းပြည်တွင်ငတ်မွတ်ခေါင်းပါးခြင်းနှင့်ကြုံတွေ့နေရလေသည်။ ထို့ကြောင့် "ဟန်" လူမျိုးနှင့် "နောမက်" လူမျိုးတို့မြောက်အရပ်သို့ထွက်ခွါသွားကြသည်။တိဘက်လူမျိုးတို့မှာအနောက်ဘက်သို့ရွှေ့ပြောင်းနေထိုင်ကြသည်။

ထိုကာလသည်တရုပ်ပြည်ကိုဘုရင် "ပင်ဝိုင် (**Ping wang**)အုပ်ချုပ်သောကာလဖြစ်သည်။ ထိုဘုရင်သည်ဘီစီ(၇၇၀)တွင်နန်းတက်ပြီးနန်းသက်(၅၀) ဘီစီ(၇၂၀)တွင်သေဆုံးသည်။နန်းသက်(၂၂)နှစ်တွင် တရုပ်ပြည်ရှိပြည်ထောင်တချို့ကသူ၏အုပ်ချုပ်မှုကို မခံယူတော့ဘဲကိုယ့်မင်းကိုယ့်ပြည်ကိုယ်တိုင်အုပ်ချုပ်ရန် တောင်းဆိုကြသည်။ဘုရင်ပင်ဝိုင်သည်ကြိုးစားအုပ်ချုပ်သော်လည်းတရုပ်ပြည်တွင်မတည်မငြိမ်ဖြစ်သဖြင့်အခက်အခဲများစွာတွေ့ကြုံကြရလေသည်။ထို့ကြောင့်ဒုက္ခအခက်အခဲများပြားလာသည်နှင့်အမျှတရုပ်ပြည်တွင်ကျန်ခဲ့သောကရင်မျိုးနွယ်စုများသည်၊တရုပ်ပြည်တွင်ဆက်လက်နေနိုင်ခြင်းမရှိတော့၍ဘီစီ(၇၄၁)ခုနှစ်၊

-စာမျက်နှာ(၄၁)သို့

မြန်မာပြည်သန်းကောင်စာရင်းကောက်ယူမှုသမိုင်း နှင့် ကရင်အမျိုးသားရေးပြဿနာ

လက်ရှိမြန်မာနိုင်ငံလူဦးရေကိုလူမျိုးအလိုက်ခွဲခြားဖေါ်ပြထားသောစာရင်းဇယားတခုကို နဝတရုပ်မြင်သံကြားအစီအစဉ်က(၁၁/၁/၉၃) ရက်နေ့တွင်ထုတ်ပြန်လိုက်သည်။အဆိုပါထုတ်ပြန်ချက်အရ(၃၁/၃/၉၃)ရက်နေ့ထိမြန်မာပြည်လူဦးရေမှာ၄၁. ၉သန်းရှိသည်။တိုင်းနှင့်ပြည်နယ်အလိုက်လူမျိုးများ၏လူဦးရေပမာဏကိုလည်းဖေါ်ပြထားသည်။လူမျိုးများ၏လူဦးရေပမာဏမှာအောက်ပါအတိုင်းဖြစ်သည်။

လူမျိုးအလိုက်လူဦးရေစာရင်း

ဇယား (၁)

စဉ်	လူမျိုး	လူဦးရေ	စဉ်	လူမျိုး	လူဦးရေ
(၁)	မြန်မာ	၂၈၂၅၀၀၀၀	(၁၁)	လားဟူ	၁၇၀၀၀၀
(၂)	ကရင်	၂၆၃၀၀၀၀	(၁၂)	အင်းသား	၁၃၀၀၀၀
(၃)	ရှမ်း	၂၂၂၀၀၀၀	(၁၃)	အားခါး	၁၀၀၀၀၀
(၄)	ရခိုင်	၁၇၃၀၀၀၀	(၁၄)	ကယား	၁၀၀၀၀၀
(၅)	မွန်	၁၀၃၀၀၀၀	(၁၅)	လီစူး	၈၅၀၀၀
(၆)	ချင်း	၇၀၀၀၀၀	(၁၆)	ဝ	၇၀၀၀၀
(၇)	ပအို	၆၀၀၀၀၀	(၁၇)	ကိုးကန့်	၇၀၀၀၀
(၈)	ကချင်	၄၀၀၀၀၀	(၁၈)	နာဂ	၇၀၀၀၀
(၉)	ပလောင်	၃၁၀၀၀၀	(၁၉)	ကယန်း	၆၀၀၀၀
(၁၀)	ဓနု	၂၂၀၀၀၀	(၂၀)	အခြား	၃၁၉၀၀၀၀

မြန်မာပြည်လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းလူမျိုးအလိုက်လူဦးရေသန်းခေါင်းစာရင်းထုတ်ပြန်နိုင်ခြင်းသည်ယခုအကြိမ်သည်ပထမဦးဆုံးအကြိမ်သာဖြစ်သည်။ဗြိတိသျှအုပ်ချုပ်ရေးကာလမြန်မာပြည်လူဦးရေစာရင်းကို၁၉၀၁ခုနှစ်မှစ၍ကောက်ခံခဲ့ရာ၁၉၃၁ခုနှစ်ထိဖြစ်သည်၊၊ကောက်ခံခြင်းစနစ်တွင်မြန်မာနိုင်ငံဗြိတိသျှအုပ်ချုပ်ရေးနယ်နမိတ်အတွင်းလူဦးရေစာရင်းကိုမျိုးနွယ်စုအလိုက်ကောက်ခံခဲ့သည်။၁၉၄၁ခုနှစ်ဂျပန်ခေတ်ကောက်ခံသောလူဦးရေစာရင်းသည်ဒုတိယကမ္ဘာစစ်ကာလဖြစ်၍ပြည့်စုံခြင်းမရှိခဲ့ပေ၊၊၁၉၅၁ခုနှစ်သန်းခေါင်စာရင်းကောက်ခံရန်ရှိသော်လည်းလွတ်လပ်ရေးရခါစပြည်တွင်းစစ်မီးကြီးပြင်းထန်နေချိန်ဖြစ်၍ကောက်ယူနိုင်ခြင်းမရှိခဲ့ပေ။၁၉၅၃ခုနှစ်တွင်အမျိုးသားသန်းခေါင်စာရင်းဌာနကိုစတင်တည်ထောင်ခဲ့ပြီးလူဦးရေစာရင်းစတင်ကောက်ခံခဲ့သည်၊၊၁၉၅၃ခုနှစ်ကောက်ခံသောလူဦးရေစာရင်းတွင်စကောကရင်နှင့်ပိုးကရင်ကိုမြန်မာကရင်တလိုင်းကရင်ဟူသောအမည်ဖြင့်ကောက်ခံခဲ့ရာမြန်မာကရင်ကိုမြန်မာလူဦးရေစာရင်းတွင်ထည့်သွင်းသဖြင့်ကရင်လူဦးရေစာရင်းများစွာလျှော့နည်းခဲ့ရသည်။၁၉၅၈ခုနှစ်ဖဆပလအစိုးရခေတ်တနိုင်ငံလုံးအမျိုးသားမှတ်ပုံတင်များထုတ်ပေပြီးလူဦးရေးစာရင်းကိုကြေငြာနိုင်ခဲ့သည်၊၊သို့သော်မျိုးနွယ်အလိုက်ဖေါ်ပြကောက်ခံနိုင်မှုမပြုနိုင်ခဲ့ပေ။မဆလ(၂၆)နှစ်အုပ်ချုပ်ရေးကာလတလျှောက်၁၉၇၄ခုနှစ်တွင်လူဦးရေကောက်ခံမှုရှိသော်လည်းလူမျိုးအလိုက်ကြေငြာနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ယခုအကြိမ်ထုတ်ပြန်လိုက်သောသန်းခေါင်စာရင်းသည်မြန်မာအပါအဝင်လူမျိုး(၁၉)မျိုးကိုအခြေချနေထိုင်ရာတိုင်းနှင့်ပြည်နယ်အလိုက်ဖေါ်ပြထားလေသည်။တိကျမှန်ကန်မှုမည်မျှရှိမည်ကိုအပထား၍နိုင်ငံတကာနိုင်ငံရေးနှင့်စီးပွါး

ရေးသုတေသီတို့၏ခန့်မှန်းတွက်ချက်မှုနှင့် ကိန်းဂဏန်းအားဖြင့်ထက်ဝက်မျှကွာခြားနေလေသည်။

မာတင်စမစ်ရေးသားသော (BURMA INSURGENCY AND POLITICS OF ETHNICITY) ဆောင်းပါးတွင်မြန်မာနိုင်ငံလူဦးရေကို(၄၃)သန်းမျှခန့်မှန်းထားပြီးမြန်မာလူဦးရေမှာ(၁၄)သန်းဖြစ်သည်။တပြည်လုံးအရေအတွက်၏၃၁.၁ရာနှုန်းဖြစ်သည်။ကျန်လူမျိုးများ၏ဦးရေအချိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကရင်(၂၀)ရာခိုင်နှုန်း (၂) ရှမ်း၉.၂ ရာခိုင်နှုန်း (၃) မွန် ၉ ရာခိုင်နှုန်း (၄) ကုလား ၇ ရာခိုင်နှုန်း (၅) ရခိုင် ၅.၈ ရာခိုင်နှုန်း (၆) ချင်း ၆ ရာခိုင်နှုန်း (၇) ပလောင်၊ဝ ၃.၅ ရာခိုင်နှုန်း (၈) ကချင် ၃.၅ ရာနှုန်း (၉)လားဟူ .၄ရာနှုန်း (၁၀) အားခါး .၂၄ ရာနှုန်း (၁၁) ကယား .၂၄ ရာနှုန်း (၁၂) လီရှူး .၂ရာနှုန်း (၁၃) ဝ .၁၆ရာနှုန်း (၁၄) ကိုးကန့် .၁၆ ရာနှုန်း (၁၅) နာဂ .၁၆ ရာနှုန်း (၁၆) ကယန်း .၁၄ရာနှုန်း (၁၇) အခြားလူမျိုးများ ၇. ၇ရာနှုန်း အသီးသီးဖြစ်ကြသည်။

မာတင်စမစ်၏ဖော်ပြချက်သည်၁၉၃၁ ခုနှစ်ဗြိတိသျှခေတ်ကောက်ခံသောသန်းခေါင်စာရင်းကိုအခြေခံ၍တွက်ချက်ဖော်ပြထားလေသည်။ဗြိတိသျှခေတ်လူဦးရေကောက်ခံခြင်းကို (၁၈၂၄-၂၆)အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲပြီး နောက်ဗြိတိသျှအုပ်ချုပ်သောရခိုင်တနင်္သာရီ တို့၌စတင်ကောက်ခံခဲ့သည်ကိုဗြိတိသျှအုပ်ချုပ်

ဗြိတိသျှဘားမားရှိလူဦးရေ(၁၈၆၁-၆၂)

ဇယား(၂)

အမျိုးအစား	ပဲခူး	တနင်္သာရီ	ရခိုင်	ဗြိတိသျှဘားမား
တိုင်းရင်းသား	၁၁၁၁၈၀၉	၃၃၀၀၉၆	၃၄၄၈၀၉	၁၇၈၆၇၁၄
ကုလား	၁၇၉၀၇	၂၈၇၃၁	၂၆၈၄၁	၇၃၄၇၉
တရုပ်	၂၀၀၁	၈၁၁၈	၁၃၅	၁၀၂၅၄
ဥရောပသား	၁၂၅၂	၁၁၄၆	၁၆၄	၂၅၆၂
အခြားလူမျိုးများ	၁၇၂၂၀	၃၃၁၁	၄၃၅၇	၂၄၈၈၈
	၁၁၅၀၁၈၉	၃၇၁၄၀၂	၃၇၆၃၀၆	၁၈၉၇၈၉၇

(ဂျေအက်(ဖ်)ဖါနီဗယ်၏ ကိုလိုနီ လမ်းစဉ်နှင့်မြန်မာနိုင်ငံ(၁၈၂၆)မှ(၁၉၄၀)စာမျက်နှာ(၇၅)မှကူးယူဖော်ပြသည်)

ရာခိုင် နှုန်း (၉) တရုပ် ၂.၃ ရာခိုင်နှုန်း (၁၀) ရိုဟင်ဂျာ ၁.၉ ရာခိုင်နှုန်းဟူ၍ဖော်ပြထားသည်။

-နဝတထုတ်ပြန်လိုက်သောလူဦးရေစာရင်းမှာမြန်မာပြည်လူဦးရေမှာ၄၁.၉သန်းရှိပြီးမြန်မာလူဦးရေမှာ၂၈.၂သန်းဖြစ်၍စုစုပေါင်းလူဦးရေ၏ ၆၇.၅ရာနှုန်းရှိသည်။ကရင်လူဦးရေမှာဒုတိယအများဆုံးဖြစ်ပြီး ၅. ၇ ရာနှုန်းရှိသည်။ကျန်လူမျိုးများမှာ အောက်ပါအတိုင်းဖြစ်သည်။ (၁)ရှမ်း ၅. ၅ရာနှုန်း (၂) ရခိုင် ၄. ၁ ရာနှုန်း (၃) မွန် ၂. ၆ရာနှုန်း (၄)ချင်း ၁. ၆ ရာနှုန်း (၅) ပအို ၁. ၅ ရာနှုန်း (၆) ကချင် ၁. ၂ ရာနှုန်း (၇) ပလောင် .၇ရာနှုန်း (၈) ဓနု .၅၂

ရေးမှတ်တမ်းများအရသိရှိရသည်။ထိုခေတ်က အခွန်ထမ်းဆောင်မှုဦးရေကိုအခြေခံပြီးကောက်ခံခဲ့သည်ကိုတွေ့ရသည်။အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲပြီးနောက်၊၁၈၆၁-၆၂အုပ်ချုပ်ရေးအစီရင်ခံစာအရ၊ရခိုင်၊တနင်္သာရီပဲခူးစသောဗြိတိသျှဘားမားရှိလူဦးရေစာရင်းတခုကိုထုတ်ပြန်ခဲ့သည်။ ဇယား(၂)မြန်မာကိုလိုနီအုပ်ချုပ်ရေးကာလတလျှောက်လုံးလူဦးရေစာရင်းဇယားကောက်ခံမှုသည်ထိုကာလကိုလိုနီအုပ်ချုပ်ရေးစက်ယန္တယားလယ်ပတ်မှုအတွင်းစီမံကိန်းရှိမှု၊စနစ်ကျမှုကိုဖော်ပြခြင်းတရပ်ဖြစ်ပါသည်။ဆက်လက်ပြီး(၁၉၀၁)

ခုနှစ်မှ(၁၀)နှစ်တကြိမ်ကောက်ခံခဲ့သောစာရင်းကို(၁၉၃၁)ခုနှစ်နောက်ပိုင်းတွင်ဖော်ပြခဲ့ရာဇယား(၃)ဖြင့်ဖော်ပြထားသည်။

၁၉၀၁-၁၉၃၁ လူဦးရေသန်းခေါင်စာရင်း

ဇယား (၃)

နှစ်	လူဦးရေ	နိုင်ငံခြားသား	ကုလား	မြို့ကြီး	အခြားမြို့
၁၉၀၁	၁၀၄၉၁၀၀၀	၆. ၉၇ရာနှုန်း	၅. ၈၄ရာနှုန်း		
၁၉၁၁	၁၂၁၁၅၀၀၀	၈. ၀၂ရာနှုန်း	၆. ၁၅ ရာနှုန်း	၆၂. ၈ရာနှုန်း	၂၂. ၀ရာနှုန်း
၁၉၂၁	၁၃၂၀၂၀၀၀	၈. ၉၈ ရာနှုန်း	၆. ၆၉ ရာနှုန်း	၆၃. ၅ရာနှုန်း	၂၅.၃ ရာနှုန်း
၁၉၃၁	၁၄၆၆၇၀၀၀	၉. ၇၄ ရာနှုန်း	၆. ၉၅ရာနှုန်း	၆၂. ၇ရာနှုန်း	၂၈. ၁ရာနှုန်း

၁၉၀၁ခုနှစ်မှစ၍ကောက်ခံခဲ့သောလူဦးရေသန်းခေါင်စာရင်းများတွင်ကရင်လူဦးရေကိုလည်းမျိုးနွယ်စုအလိုက်ခွဲခြားကောက်ခံခဲ့လေသည်။ဗြိတိသျှအုပ်ချုပ်ရေးကာလကောက်ခံခဲ့သောလူဦးရေစာရင်းသည်တိကျမှန်ကန်မှုရှိသည်ဟုယူဆနိုင်သည်။ထိုခေတ်ကရင်လူဦးရေတိုးတက်မှုနှုန်းသည်လည်းပုံမှန်ရှိကြောင်းလည်းတွေ့ရသည်။ထို့ကြောင့်လွတ်လပ်ရေးရပြီးနောက်ပိုင်းလူမျိုးအလိုက်လူဦးရေစာရင်းများကိုဖော်ပြနိုင်ခြင်းမရှိသည့်အပေါ်(၁၉၃၁)ခုနှစ်ဗြိတိသျှသန်းခေါင်စာရင်းဇယားကိုအခြေခံပြီးတွက်ချက်ကြရလေသည်။ထို့ကြောင့်မာတင်စမစ်၏ခန့်မှန်းလူဦးရေစာရင်းသည်မှန်ကန်မှုရှိနိုင်ကြောင်းလုံလောက်သောအချက်အလက်များရှိပါသည်။

နဝတထုတ်ပြန်လိုက်သောလူဦးရေစာရင်းသည်လူမျိုးစုံလက်နက်ကိုင်အဖွဲ့အစည်းများ၏ထိန်းချုပ်ထားသောနယ်မြေနှင့်လက်နက်ကိုင်ပဋိပက္ခဖြစ်နေသောကြားဒေသများရှိလူဦးရေစာရင်းကိုကောက်ယူနိုင်မည်မဟုတ်ပေ။ထို့ကြောင့်နဝတ၏လူမျိုးများလူဦးရေစာရင်းဖော်ပြချက်သည်လက်ခံနိုင်စရာအကြောင်းမရှိပေ။(၁၉၂၁)ခုနှစ်ဗြိတိသျှခေတ်သန်းခေါင်စာရင်းကောက်ယူမှုသည်လူမျိုးများနှင့်ပတ်သက်၍စံနမူနာယူစရာပင်ဖြစ်နေပေသည်။

၁၉၂၁ခုနှစ်သန်းခေါင်စာရင်းတွင်ကရင်မျိုးနွယ်စုကို(၆)စုခွဲပြီးမျိုးနွယ်စုအလိုက်လူဦးရေကိုသိခြားဖော်ပြခဲ့သည်။ဇယား(၅)စကောအုပ်စုတွင်(၄)မျိုး၊ဘွဲ့အုပ်စုတွင်(၃)မျိုး၊ပိုးအုပ်စုတွင်(၃)မျိုး၊ပဒေါင်အုပ်စုတွင်(၃)မျိုး၊ကရင်နီနှင့်ဇယိန်တို့ကိုတမျိုးစီခွဲခြားဖော်ပြထားလိုက်သည်။ဗြိတိသျှအုပ်ချုပ်မှုကာလလူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင်ကရင်လူဦးရေ(၇၂)ဦးသာရှိသောမော်နီဘွါးကိုပင်သီးခြားကောက်ယူပေးနိုင်ခဲ့သည်၊၊(၁၉၀၁)ခုနှစ်ကောက်ယူသောသန်းခေါင်စာရင်းတွင်ကရင်နီ(ကယား)မပါဝင်ခဲ့ပေ၊နောက်ပိုင်းကောက်ခံသောစာရင်းတွင်ထည့်သွင်းခဲ့သည်။ပိုးကရင်နှင့်စကောကရင်ကိုသေချာစွာခွဲခြားနိုင်ခြင်းမရှိခဲ့ပေ။နောက်ပိုင်းကရင်ကိုအုပ်စု(၃)မျိုးသာခွဲခြားထားသည်။" ဘွဲ့" အုပ်စုတွင်ကရင်နီ၊ကရင်နက်၊ကရင်ဖြူ၊ဇယိန်၊ဆင်းဆင်း၊ပရဲ့၊မရူ၊ယင်းဘော်၊ပဒေါင်များထည့်သွင်းထားသည်။" စကော" အုပ်စုတွင်စကော၊ပကူး၊ဝေဝေါ၊မော်နီဘွါးဖြစ်သည်" ပိုး" အုပ်စုတွင်မိုပွါတောင်သူတို့ဖြစ်သည်။

တိုင်းတပါးအုပ်ချုပ်သောကာလလူဦးရေအားဖြင့်အလွန်နည်းပါးပြီးပျောက်ကွယ်လုသောမျိုးနွယ်စုများကိုပင်ဖော်ထုတ်တင်ပြနိုင်ခဲ့သည်။လူမျိုးတမျိုး၏နိုင်ငံရေးစီးပွါးရေးတိုးတက်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကိုရေးဆွဲရန်သို့မဟုတ်ဆောင်ရွက်ရန်ထိုလူမျိုး

၏လူဦးရေပမာဏကိုသိရှိရန်အထူးအရေးကြီးပါသည်။(၁၉၄၇)ခုနှစ်လွတ်လပ်ရေးမရမီကရင်အမျိုးသားခေါင်းဆောင်များက၊ကရင်လူဦးရေကိုသိရှိရန်၊သန်းခေါင်စာရင်းကောက်ယူပေးရန်၊ဖဆပလအစိုးရသို့တင်ပြတောင်းဆိုခဲ့ဘူးသည်။သို့သော်ကရင်လူဦးရေနှင့်ပတ်သက်၍လွတ်လပ်ရေးရပြီးအုပ်ချုပ်ခဲ့သောအစိုးရဆက်ဆက်အကောင်အထည်ဖော်ခဲ့ခြင်းမရှိခဲ့ပေ။၎င်းကိစ္စသည်နိုင်ငံရေးခေါင်းဆောင်များကပေါ့ပေါ့တန်တန်သဘောမထားဘဲလေးလေးနက်နက်အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်။

နဝတအုပ်ချုပ်ရေးကာလမြန်မာပြည်တွင်လူမျိုးစုပေါင်း(၁၃၅)မျိုးရှိသည်ဟုဖော်ပြထားသည်။သို့သော်တရားဝင်(၁၉)မျိုးသာဖော်ပြခဲ့သည်။လူမျိုးအဖြစ်အထင်အရှားရှိသောကျန်မျိုးနွယ်စုများနှင့်တနိုင်ငံလုံး၏နိုင်ငံရေး၊စီးပွါးရေးတွင်ပါဝင်ပတ်သက်နေသောတရုပ်၊ကုလားလူမျိုးများကိုပင်ဖော်ပြခြင်းမရှိခဲ့ပေ။ထိုလူမျိုးတို့သည်မြန်မာနိုင်ငံ၏နိုင်ငံရေး၊စီးပွါးရေး၊လူမှုရေးလိုအပ်ချက်အတွက်ပါဝင်ပတ်သက်နိုင်သောအခွင့်အရေးမရှိဟုအဓိပ္ပါယ်ရသည်။ထို့ကြောင့်နဝတ၏သန်းခေါင်စာရင်းထုတ်ပြန်ချက်သည်လူမျိုးများ၏လူဦးရေပမာဏမှန်ကန်တိကျမှုမရှိရုံသာမကလူမျိုးတိုင်း၏တည်ရှိမှုများကိုပင်ဖျောက်ဖျက်ထားလျက်ရှိရာစေတနာမှန်ကန်သည်ဟုမယူဆနိုင်ပေ။နဝတသည်မြန်မာပြည်တွင်လူမျိုးနွယ်များထူးခြားစွာများပြားခြင်းကိုဂုဏ်ယူစရာလူ့အဖွဲ့အစည်းတခုအဖြစ်ခံယူပုံမရ၊ရှုတ်ထွေးသောလူ့အဖွဲ့အစည်းတခုအဖြစ်သတ်မှတ်လျက်ပင်ရှိနေသည်မှာထင်ရှားသည်။ထို့ကြောင့်လူမျိုးစုများကိုဖျောက်ဖျက်၍ပင်ရှိနေပြီလော။ကရင်လူဦးရေသည်(၁၉၀၁)ခုနှစ်မှ(၁၉၃၁)ခုနှစ်အထိပုံမှန်တိုးတက်သည်ကိုဇယားအရဖော်ပြခဲ့ပြီဖြစ်သည်။(၁၉၄၁)ခုနှစ်ဂျပန်ခေတ်က၊ကရင်လူဦးရေကို(၄၀၀၀၀၀၀)မျှရှိသည်ဟုထုတ်ပြန်ကြေငြာခဲ့ဘူးသည်။ယခုနဝတ၏ထုတ်ပြန်ခဲ့သောသန်းခေါင်စာရင်းသည်ကောက်ခံသည်ကိုလည်းမကြားခဲ့ရ။မည်သည့်စစ်တမ်းကိုအခြေခံပြီးဖော်ပြသနည်းကိုလည်းဖော်ပြခဲ့ခြင်းမရှိပေ။ကရင်လူဦးရေးသည်ပုံမှန်တိုးတက်ရမည့်အစားအလွန်အမင်းနည်းပါးခြင်းသည်ကရင်မျိုးနွယ်ကိုပပျောက်အောင်ကြံဆောင်နေသလောဆိုသည့်ကိစ္စကိုကရင်လူ့အဖွဲ့အစည်းကိုဦးဆောင်နေသောခေါင်းဆောင်များနှင့်သုတေသီများကလေ့လာသင့်သည်။ကရင်အမျိုးသားအစည်းအရုံးသမိုင်းကော်မီတီမှ(၁၉၉၃)ခုနှစ်မှပြုစုထုတ်ဝေလိုက်သောကရင်သမိုင်းစာအုပ်မှမြန်မာနိုင်ငံလူဦးရေစာရင်းကို(၁၉၇၅)လူဦးစေစာရင်းကိုအခြေခံ၍အနီးစပ်ဆုံးတွက်ချက်ထားသည်။ထိုတွက်ချက်ပုံစာရင်းအရ၊ကရင်လူဦးရေ ၅. ၃ မှ ၅. ၅သန်းအထိဖော်ပြထားပြီးမြန်မာလူဦးရေမှာ၁၃.၀သန်းဖြစ်သည်။စာရင်းဇယားမှာဇယား(၇)အတိုင်းဖြစ်သည်။

ရှေးပဝေသဏီကာလတွင်မြန်မာလူမျိုးအပါအဝင်လူမျိုးအသီးသီးတို့သည်ရေကြည်ရာ၊မြက်နုရာ၊လှည့်သွားလာရင်းမြန်မာပြည်သို့ဝင်ရောက်လာပြီး အသင့်တော်ဆုံး ဒေသအဖြစ် သတ်မှတ်ပြီးအခြေချနေထိုင်ကြသည်။လူမျိုးအချင်းချင်းပဋိပက္ခမရှိ၊အေးချမ်းစွာပူးတွဲနေထိုင်ခဲ့ကြသည်။သို့သော်မြန်မာပြည်လူမျိုးနွယ်များအတွင်းပဒေသရာဇ်သက်ဦးဆံပိုင်စနစ်ကိုလူမျိုးအချို့တို့စတင်ခဲ့သောကာလမှစ၍ရန်စကျူးကျော်မှုများ၊လုယက်တိုက်ခိုက်သတ်ဖြတ်မှု၊ကျေးကျွန်ပြုမှုများ၊ပေါ်ပေါက်ခဲ့လေသည်။ထိုပဒေသရာဇ်များအချင်းချင်းပဋိပက္ခနှင့်ကျူးကျော်မှုကာလတွင်လူမျိုးအချို့သည်အဓမ္မနည်းဖြင့်စစ်ပွဲတွင်ဝင်ရောက်တိုက်ခိုက်စေခြင်း၊အထမ်းသမားများဖြစ်ရခြင်း၊ရိက္ခာများကိုထောက်ပံ့ရခြင်းသာမကသေကြေဒဏ်ရာရခြင်း၊အိုးမဲ့အိမ်မဲ့ဖြစ်ရခြင်းစသောစစ်၏ဒုက္ခများကိုအလူးအလဲခံစားကြရသည်။လူမျိုးအချို့သည်စစ်ပေးဒဏ်ကိုမခံမရနိုင်၍ခြေဦးတည့်ရာပြေးလွှားရင်းအစိတ်စိတ်အမွှာမွှာကွဲခဲ့ကြရသည်။ပတ်ဝန်းကျင်ကိုလိုက်၍ပင်ရင်းဘာသာစကားများ၊ရိုးရာယဉ်ကျေးမှုများသည်လည်းအစိတ်စိတ်အမွှာမွှာကွဲခဲ့ကြရသည်။အချို့မျိုးနွယ်များပျောက်ကွယ်သွားကြရသည်။ထိုသို့ဖြစ်ရသည်မှာသမိုင်းတလျှောက်အုပ်ချုပ်သူလူတန်းစားများ၏အလိုရမက်ကြီးမှုဆင်

ဇယား (၄)

ဗြိတိသျှဘားမားရှိလူဦးရေနှင့်ကရင့်လူဦးရေဇယား(၁၉၀၁–၁၉၃၁)

ခုနှစ်	လူဦးရေ	ကရင်လူဦးရေ
၁၉၀၁	၁၀၄၉၀၀၀၀	၉၅၃၃၆၄
၁၉၁၁	၁၂၁၁၅၀၀၀	၁၁၀၂၆၉၅
၁၉၂၁	၁၃၂၀၂၀၀၀	၁၂၂၀၃၅၆
၁၉၃၁	၁၄၆၆၇၀၀၀	၁၃၄၃၀၆၆

ဇယား (၅)

ဗမာပြည်သန်းခေါင်စာရင်း(၁၉၂၁)ခုနှစ်
ကရင့်မျိုးနွယ်စုသာဖော်ပြထားသည်

ဒေသအလိုက်ဦးရေ	၁၁၁၄၀၁၆ ၉၈၇၁၃	စကားအလိုက်
စကောကရင် စကော ပကူး ဝေဝေါ မော်နီဘွါး	၃၆၉၈၁၆ ၃၆၈၂၈၂ ၁၂၀၆ ၂၅၆ ၇၂	
ဘွဲ့အုပ်စု ဘွဲ့ ပရဲ ကရင်ဖြူ	၂၂၀၃ ၁၀၆၂၇ ၆၀၆ ၁၁၁၆၀	
ပိုးအုပ်စု ပိုး တောင်သူ	၅၆၃၀၀၁ ၃၅၂၄၆၆ ၂၁၀၅၃၅	
ပဒေါင်အုပ်စု ပဒေါင် ရင်းဘော် ကဲခို	၂၂၆၈၄ ၁၃၇၄၃ ၅၃၆၂ ၂၅၇၉	
ကရင်နီအုပ်စု ကရင်နီ	၃၄၄၈၈ –	
ဇယိန်အုပ်စု ဇယိန်	၃၉၁၁ –	

နဝတထုတ်ပြန်သော မြန်မာနိုင်ငံဦးရေစာရင်း

(ပြည်နယ်နှင့်တိုင်းအလိုက်ဖေါ်ပြထားသည်)

ဇယား(၆)

မြန်မာနိုင်ငံလူဦးရေစာရင်း(၃၁.၃.၉၂)မှ(၃၁.၃.၉၂)အထိ၄၁. ၉ mil ၁၁.၁.၉၃ TV MYAMAR

ကချင်ပြည်နယ်(၁.၀၈သန်း)

ကချင်	၃၅၀၀၀၀
လီရှူး	၁၅၀၀၀
ရှမ်း	၂၅၀၀၀၀
ဗမာ	၃၁၀၀၀၀
အခြား	၁၂၀၀၀၀
	၁၀၇၅၀၀၀

မွန်ပြည်နယ်(၂.၀၆သန်း)

မွန်	၇၈၀၀၀၀
ကရင်	၂၆၀၀၀၀
ရှမ်း	၁၀၀၀၀
ပအို့	၆၀၀၀၀
ဗမာ	၇၆၀၀၀၀
အခြား	၁၉၀၀၀၀
	၂၀၆၀၀၀၀

ကယားပြည်နယ်(၂၁၀,၀၀၀)

ကယား	၉၀၀၀၀
ကယန်း	၂၀၀၀၀
ကရင်	၁၀၀၀၀
ရှမ်း	၂၀၀၀၀
ဗမာ	၃၀၀၀၀
အခြား	၄၀၀၀၀
	၂၁၀၀၀၀

ကရင်ပြည်နယ်(၁. ၂၆သန်း)

ကရင်	၆၄၀၀၀၀
မွန်	၂၂၀၀၀၀
ကယား	၁၀၀၀၀
ရှမ်း	၃၀၀၀၀
ပအို့	၇၀၀၀၀
ဗမာ	၁၇၀၀၀၀
အခြား	၁၂၀၀၀၀
	၁၂၆၀၀၀၀

ရှမ်းပြည်နယ်(၄. ၂၅သန်း)

ရှမ်း	၁၆၄၀၀၀၀
အားခါ	၁၀၀၀၀၀
ကိုးကန့်	၇၀၀၀၀
ဓနု	၂၂၀၀၀၀
ပလောင်	၃၀၀၀၀၀
လားဟူ	၁၇၀၀၀၀
အင်းသား	၁၃၀၀၀၀
ပအို့	၄၅၀၀၀၀
ဝ	၉၀၀၀၀
ကချင်	၁၀၀၀၀၀
လီရှူး	၅၀၀၀၀
ကယန်း	၄၀၀၀၀
ကရင်	၁၀၀၀၀
မြန်မာ	၄၇၀၀၀၀
အခြား	၄၁၀၀၀၀
	၄၂၅၀၀၀၀

ရခိုင်ပြည်နယ်(၂.၃၈သန်း)

ရခိုင်	၁၆၁၀၀၀၀
ချင်း	၇၀၀၀၀
ဗမာ	၁၀၀၀၀
အခြား	၆၉၀၀၀၀
	၂၃၈၀၀၀၀

ချင်းပြည်နယ်(၄၂၀၀၀၀)

ချင်း	၃၉၀၀၀၀
ရခိုင်	၁၀၀၀၀
အခြား	၁၀၀၀၀
	၄၁၀၀၀၀

ဧရာဝတီတိုင်း (၅.၈၄သန်း)

ကရင်	၁၁၉၀၀၀၀
ရခိုင်	၆၀၀၀၀
ဗမာ	၄၄၃၀၀၀
အခြား	၁၆၀၀၀၀
	၅၈၄၀၀၀၀

မန္တလေးတိုင်း (၅. ၅၄သန်း)

လီရှူး	၂၀၀၀၀
ကရင်	၁၀၀၀၀
ပလောင်	၁၀၀၀၀
ဗမာ	၅၂၇၀၀၀၀
ဗမာ	၅၂၇၀၀၀၀
အခြား	၁၈၀၀၀၀
	၅၅၄၀၀၀၀

တနင်္သာရီတိုင်း (၁.၁၅သန်း)

ကရင်	၇၀၀၀၀
မွန်	၂၀၀၀၀
ဗမာ	၉၄၀၀၀၀
အခြား	၉၀၀၀၀
	၁၁၂၀၀၀၀

မကွေးတိုင်း (၃. ၈၈သန်း)

ရှမ်း	၅၀၀၀၀
ချင်း	၉၀၀၀၀
ဗမာ	၃၇၅၀၀၀၀
အခြား	၄၄၀၀၀၀
	၃၈၈၀၀၀၀

ရန်ကုန်တိုင်း (၄.၇၉သန်း)

ကရင်	၂၃၀၀၀၀
မွန်	၃၀၀၀၀
ရခိုင်	၅၀၀၀၀
ရှမ်း	၂၀၀၀၀
ဗမာ	၄၀၀၀၀၀၀
အခြား	၄၆၀၀၀၀
	၄၇၉၀၀၀၀

စစ်ကိုင်းတိုင်း(၄.၆၅သန်း)

ချင်း	၁၅၀၀၀၀
နာဂ	၇၀၀၀၀
ရှမ်း	၁၈၀၀၀၀
ဗမာ	၁၉၀၀၀၀
အခြား	၆၀၀၀၀
	၄၆၅၀၀၀၀

ပဲခူးတိုင်း(၄.၄၁သန်း)

ကရင်	၂၁၀၀၀၀
ကချင်	၃၀၀၀၀
မွန်	၁၀၀၀၀
ရှမ်း	၂၀၀၀၀
ပအို	၂၀၀၀၀
ဗမာ	၃၉၂၀၀၀၀
အခြား	၁၉၀၀၀၀
	၄၄၀၀၀၀၀

(၁၉၉၃ခုနှစ်ဇန္နဝါရီလ(၁၁)ရက်နေ့ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှအသံလွှင့်ကြေငြာသည်)
ကရင်လူဦးရေမှာနိုင်ငံတကာခန့်မှန်းချက်နှင့်ထက်ဝက်မျှကွာခြားသောစာရင်းဖြစ်သည်။

ဇယား (၇)

၁၉၇၅–ခန့်မှန်းခြေလူဦးရေစာရင်း

– ကရင်	၅ . ၃ – ၅ . ၅ သန်း
– ကရင်နီ–ပအိုဝ်နှင့်အခြားမျိုးနွယ်စုများ	. ၂ ״
– ပအို	. ၃ ״
– ရှမ်း	၄ . ၀ ״
– မွန်	၂ . ၀ ״
– ရခိုင်	၁ . ၅ ״
– ချင်း	. ၈ ״
– ပလောင်	၇ ״
– ကချင်	. ၅ ״
– လါးဟူး	. ၄ ״
– ဝ	. ၂ ״
– နာဂ/လီရှော/ရှမ်းတရုပ်/ခနု/အင်းနှင့်အခြား	. ၄ ״
– မြန်မာ	၁၃ . ၀ ״
– နိုင်ငံခြား	၁ . ၀ ״
စုစုပေါင်း –	၃၀ . ၀၁ ״

နိုင်ငံခြား

အိန္ဒိယ	၁,၀၇၉,၈၂
တရုပ်	၁၇၈,၃၁၆
ဥရောပသား	၂၇,၈၉၅
နိုင်ငံခြားသား	၂,၈၂၁
စုစုပေါင်း	– ၁၄၆၄၇,၇၅၉ ယောက်

ဤခန့်မှန်းချက်သည်အနီးစပ်ဆုံးအဖြစ်လက်ခံနိုင်ဘွယ်ရှိသည်

ခြင်တုံတရားကင်းမဲ့မှုကြောင့်ဖြစ်သည်။အဖိနှိပ်ခံလူမျိုးများတွင်တာဝန်မရှိပါ။ဤကိစ္စသည်မြန်မာပြည်၏ထူးခြားသောသမိုင်းရေးရာကိစ္စတရပ်ဖြစ်သည်ဟုသာသဘောထားရမည်ဖြစ်သည်။လူမျိုးများအကွဲကွဲအပြားပြားဘာသာစကားအမျိုးမျိုးဖြစ်ရခြင်းကိုလည်းရှုတ်ထွေးသောကိစ္စဖြေရှင်းမရသောပြဿနာတခုအဖြစ်မမြင်သင့်။ခေတ်အဆက်ဆက်သမိုင်းအမွေဆိုးကိုခံစားနေရသောလူမျိုးများအဖြစ်ထောက်ထားစွာရှုမြင်ပြီးမျိုးနွယ်အလိုက်ထိန်းသိမ်းစောက်ရှောက်သွားရန်မှာအုပ်စိုးသူတို့၏တာဝန်ဖြစ်သည်။လူမျိုးများထူးခြားစွာများပြားခြင်းဖြင့်နိုင်ငံတနိုင်ငံကိုစည်းလုံးညီညွတ်သောလူ့အဖွဲ့အစည်းတခုအဖြစ်မတည်ဆောက်နိုင်ခြင်းသည်ဂုဏ်သိက္ခာမဲ့မှုတရပ်ဖြစ်သည်။မဆလခေတ်၊နဝတခေတ်ပြည်တွင်းစစ်သည်အရှိန်အဟုန်ပိုမိုမြင့်မားခဲ့သည်။လူမျိုးများနှင့်မျိုးနွယ်စုများအတွင်းလူသားအချင်းချင်းရက်စက်ရိုင်းစိုင်းမှုများကိုအတောမသတ်ခံစားနေကြရသည်။မျိုးနွယ်စုများမိသားစုများနေ့စဉ်နှင့်အမျှအစိပ်စိပ်အမွှာမွှာကွဲနေကြရသည်။အနာဂတ်တွင်လူမှုပြောင်းလဲမှုတခုရှိလာမည်မှာကေန်မုချဖြစ်၍လူမျိုးနွယ်များကိစ္စကိုမှန်ကန်သောစေတနာဖြင့်ရှုမြင်ဆောင်ရွက်ခြင်းမရှိလျှင်အနာဂတ်တွင်ပိုမို၍ပြိုကွဲစရာများဖြစ်ပေါ်လာပေလိမ့်မည်။

မန်းဘခန့်ပြောပြသော "စောဘဦးကြီး"

ဘဲကရက်ရွာဟာပုသိမ်မြို့ အရှေ့မြောက်ဘက်မိုင်(၄၀) လောက်အကွာပုသိမ်၊ဟင်္သာတ မီးရထားလမ်းပေါ်မှာရှိတဲ့ရွာတရွာဖြစ်တယ်၊၊အိမ်ခြေနှစ်ရာလောက်ရှိပြီး၊ကရင်အမျိုးသား ခရစ်ယာန်ဘာသာဝင်တွေအများဆုံးနေထိုင်ကြတယ်။ဘဲကရက်ရွာမှာနေတဲ့စောသာမြတ်ကြီးနှင့်ဇနီးတို့က(၁၉၀၅)ခုနှစ်မှာ စောဘဦးကြီး ကို မွေးဖွားခဲ့ပါတယ်။

ဘီးလတ်ပြန်စောဘဦးကြီး

စောဘဦးကြီးဟာ၊ပုသိမ်မြို့ ကိုသာဖြူကျောင်းလို့ခေါ်တဲ့နီကာယ်(လ်)စကောကရင်အထက်တန်းကျောင်းမှာ အထက်တန်းအောင်သည်အထိ၊ပညာသင်ကြားခဲ့တယ်၊၊အထက်တန်းအောင်မြင်ပြီးတဲ့နောက်၊မော်လမြိုင်ရှိအထူးအင်္ဂလိပ်ကျောင်းဖြစ်တဲ့မစ္စတာဝက်ဒက်စဖွန်ကျောင်းမှာဆက်လက်ပညာသင်ပြီးဗြိတိန်နိုင်ငံကိုသွားရောက်ကာဝတ်လုံပညာသင်ကြားခဲ့တယ်၊၊အဲဒီနောက်စောဘဦးကြီးဟာဝတ်လုံတော်ရတဦးဖြစ်လာခဲ့တယ်။ဗြိတိန်မှာပညာသင်ကြားနေစဉ်ဘိလပ်သူတဦးနဲ့မေတ္တာမျှပြီးအိမ်ထောင်ကျခဲ့တယ်၊၊သားတယောက်၊သမီးတယောက်ရခဲ့တယ်၊၊ဝတ်လုံတော်ဘွဲ့ရပြီးတဲ့နောက်စောဘဦးကြီးနဲ့မိသားစုဟာဗမာပြည်ကိုပြန်လာပြီးပုသိမ်မြို့ကန်သုံးဆင့်ရပ်ကွက်မှာနေထိုင်တယ်၊၊စောဘဦးကြီးဟာဥစ္စာခနေပေါကြွယ်ဝသူသာမကပညာတတ်တဦးလည်းဖြစ်တယ်။ရုပ်ရည်ခန့်ညားသန့်ပြန့်ချောမောတဲ့ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်ခဲ့တယ်။

စောဘဦးကြီးကိုကျွန်ုပ်သိကျွမ်းလာခြင်း

၁၉၃၈ခုနှစ်မှာကျွန်ုပ်ဟာရန်ကုန်တက္ကသိုလ်ပထမနှစ်ဝိဇ္ဇာတန်းမှာပညာသင်ကြားနေတယ်။တနေ့မှာရန်ကုန်မြို့မှာအင်္ဂလိပ်ဘာသာနဲ့ထုတ်ဝေတဲ့ရန်ကုန်ဂေဇက်အင်္ဂလိပ်သတင်းစာတစောင်ကိုဖတ်မိတယ်။ရှမ်းပြည်သီပေါနယ်မှစော်ဘွားမျိုးနွယ်တဦးရဲ့နန်းတွင်းလုပ်ကြံမှုအမှုအခင်းတခုအကြောင်းဖြစ်တယ်။စောသီဟဆိုသူစော်ဘွားတူတဦးကစော်ဘွားကြီးကိုလုပ်ကြံသတ်ဖြတ်တယ်လို့စွဲဆိုတဲ့အမှုဘဲ၊၊အဲဒီအမှုမှာတရားခံအဖြစ်စွဲဆိုခံရတဲ့စောသီဟဖက်ကနာမည်မကျော်ကြားသေးတဲ့ဝတ်လုံတော်ရစောဘဦးကြီးကရှေ့နေလိုက်တယ်။စောဘဦးကြီးရဲ့လျှောက်လွဲချက်ကြောင့်စောသီဟလည်းပွင့်လုံးကျွတ်သွားခဲ့တယ်၊၊စောဘဦးကြီးရဲ့အရည်အချင်းနဲ့ဂုဏ်သိက္ခာဟာထင်ပေါ်ကျော်ကြားလာတယ်။

ပုဂ္ဂိုလ်အရစောဘဦးကြီးနဲ့သိကျွမ်းလာခြင်း။

၁၉၃၉ခုနှစ်မှာဒုတိယကမ္ဘာစစ်ဖြစ်လာပြီးဂျပန်တွေဟာမြန်မာပြည်ကိုသိမ်းယူခဲ့တယ်၊၊အောက်မြန်မာပြည်မှာမဟာဗမာဝါဒီဘီအိုင်အေ (BI A) တပ်တွေရဲ့ဗိုလ်ကျမှုကြောင့်ကရင်ဗမာလက်နက်ကိုင်ပဋိပက္ခဖြစ်လာရတယ်၊၊အဲဒီပဋိပက္ခဟာတိုင်းပြည်အကျိုးနဲ့ကရင်ဗမာလူမျိုးတွေရဲ့အကျိုးကိုထိပါးစေခဲ့တယ်၊၊၁၉၄၂ခုနှစ်မှာဂျပန်တွေဗမာပြည်ကိုသိမ်းယူပြီး၃ါနဲ့ဒေါက်တာဘမော်ကိုအဓိပတိခန့်ပြီးရုပ်သေးအစိုးရဖွဲ့စည်းခဲ့တယ်။ဒေါက်တာဗမော်အစိုးရဟာကရင်ဗမာပြဿနာဖြေရှင်းရေးကရင်ဗမာသင့်မြတ်ရေးကိုဆောင်ရွက်ဖို့စောဘဦးကြီး၊စောစံစီဖိုး၊စောဘမောင်၊ဆရာသာထို၊မန်းဘခင်၊စောဖါးသူဒဲ၊ဒေါက်တာစောလှထွန်းတို့ပါဝင်တဲ့ကေစီအိုကရင်ဗဟိုအဖွဲ့ချုပ်ကိုဖွဲ့စည်းပေးခဲ့တယ်။အစိုးရအဖွဲ့ရဲ့ကိုယ်စား

လှယ်အဖွဲ့ အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်း၊သခင်နု၊သခင်သန်းထွန်း၊ပအိုဝ်ဦးလှဖေတို့ပါဝင်တဲ့ကိုယ်စားလှယ်အဖွဲ့ကိုဖွဲ့စည်းစေတယ်။ကျွန်ုပ်ဟာအဲဒီအချိန်ကဝန်ကြီးပအိုဝ်ဦးလှဖေရဲ့ရုံးမှာအထက်တန်းစာရေးအဖြစ်ခန့်ထားခြင်းခံရသည်၊၊လုပ်ငန်းအရစာရေးဖြစ်ပေမဲ့အစိကဦးလှဖေနဲ့တွဲပြီးနိုင်ငံရေးလုပ်ရတာဖြစ်တယ်၊ဦးလှဖေဟာထိုစဉ်ကကရင်ပအိုဝ်အမျိုးသားကြီးတဦးဖြစ်တယ်။နိုင်ငံရေးမှာဗမာတွေနဲ့ရင်ဘောင်တန်းလုပ်နိုင်တဲ့စွမ်းရည်ရှိတယ်။ကရင်ဗမာပြဿနာကိုတွေ့ဆုံဆွေးနွေးရာမှာဦးလှဖေဟာကျွန်ုပ်ကိုအဲဒီဆွေးနွေးပွဲအတွင်းလေ့လာသူအဖြစ်ခေါ်သွားလေ့ရှိတယ်။ဦးလှဖေမိတ်ဆက်ပေးလို့စောဘဦးကြီးနဲ့ကျွန်ုပ်ပုဂ္ဂိုလ်ရေးအရသိကျွမ်းလာခဲ့တယ်။တွေ့ဆုံပွဲတွင်မှာစောဘဦးကြီးကိုကျွန်ုပ်စိတ်ဝင်စားလာတယ်။စောသီဟာအမှုမှာစောဘဦးကြီးရဲ့အောင်မြင်မှုတွေဟာကျွန်ုပ်ဦးနှောက်ထဲမှာ၊ကြေးမုံသဘွယ်ထင်ဟပ်ပေါ်လွင်လာတယ်။စောဘဦးကြီးရဲ့တည်ကြည်လေးနက်ချက်၊ပိုင်ပိုင်လက်တွေ့ကျကျတင်ပြချက်တွေဟာစောဘဦးကြီးကိုပိုပြီးအထင်ကြီးလေးစားလာတယ်၊၊ကရင်ထဲမှာဒီလိုခေါင်းဆောင်တွေ့ရှိလာတဲ့အတွက်ကျွန်ုပ်အဖို့အမျိုးသားရေးလုပ်ငန်းလုပ်ဖို့ပိုပြီးစိတ်ဓါတ်တက်ကြွစေတယ်။စောဘဦးကြီးဟာကျွန်ုပ်လေးစားမြတ်နိုးတဲ့ခေါင်းဆောင်ဖြစ်လာတယ်။၁၉၄၅မေလ(၂)ရက်နေ့မှာရန်ကုန်မြို့ကိုဗြိတိသျှတွေသိမ်းယူလိုက်တယ်။၁၉၄၅ဇွန်(၂၆)ရက်နေ့မှာရန်ကုန်မြို့မှာကေစီအိုကရော့ဆောင်ပြီးကရင်အရေးအတွက်ညီလာခံတရပ်ကျင်းပခဲ့တယ်။အဲဒီညီလာခံကိုမအူပင်ခရိုင်ကိုယ်စားလှယ်တဦးအနေနဲ့ကျွန်ုပ်လည်းတက်ရောက်လာခဲ့တယ်၊၊အဲဒီညီလာခံမှာစောဘဦးကြီးနဲ့ပြန်ဆုံမိကြတဲ့ခါစောဘဦးကြီးကကျွန်ုပ်ကိုဟော့ဘာဓံခင်ဗျားအစိုးရအလုပ်ပြန်လုပ်ဦးမလား။လို့မေးတယ်။ကျွန်ုပ်ကအစိုးရအလုပ်လုပ်ကိုစိတ်မဝင်စားတော့ဘူး။အမျိုးသားရေးကအရေးကြီးလာလို့အမျိုးသားရေးမှာခြေစုံပစ်လုပ်ဖို့ဆုံးဖြတ်ထားပြီလို့ပြောလိုက်တယ်။စောဘဦးကြီးကဒီအဖြေကိုကြိုဆိုတဲ့အနေနဲ့လက်ဆွဲနှုတ်ဆက်ပြီးအမျိုးသားရေးကိုတို့များတွဲလုပ်ကြပါစို့လို့ပြောတယ်၊၊

စောဘဦးကြီးရဲ့ခေါင်းဆောင်မှု

၁၉၄၅–ဇွန်လညီလာခံမှာကေစီအို(KCO)အဖွဲ့ကိုဖွဲ့စည်းရာမှာစောဘဦးကြီးဟာဗဟိုကော်မတီဝင်တဦးအဖြစ်ရွေးချယ်ခြင်းခံရတယ်၊၊(၁၉၄၆)ကေစီအိုနှစ်ပတ်လည်အစည်းအဝေးဆုံးဖြတ်ချက်အရဗြိတိန်ပြည်ကိုကရင်ချစ်ကြည်ရေးစေလွှတ်ရာမှာအဖွဲ့ဝင်တဦးအဖြစ်ရွေးချယ်ခြင်းခံရတယ်၊၊၁၉၄၆ခုနှစ်မြန်မာပြည်မှာနယ်ချဲ့ဆန့်ကျင်ရေးအထွေထွေသပိတ်ကြောင့်ဘုရင်ခံဆာဒေါ်မန်ဆမစ်အစိုးရပြုတ်ကျသွားပြီးဆာဟူးဘတ်ရန့်(စ်)နှင့်ဖဆပလအဖွဲ့ကိုယ်စားလှယ်တွေပါဝင်တဲ့အစိုးရတက်လာတယ်။အဲဒီအစိုးရအဖွဲ့စောဘဦးကြီးကိုဝန်ကြီးတဦးအဖြစ်ရွေးချယ်ခန့်ထားတယ်၊စောဘဦးကြီးဟာကရင်အမျိုးသားအရေးမှာအရေးပါတဲ့ခေါင်းဆောင်တဦးဖြစ်ရုံသာမကမြန်မာပြည်အတွင်းမှာလည်းအရေးပါတဲ့ခေါင်းဆောင်တဦးဖြစ်တယ်၊၊(၁၉၄၇)ခုနှစ်မှာကျွန်ုပ်နှင့်စောဘဦးကြီးတို့လက်တွဲပြီးအမျိုးသားရေးတာဝန်တွေထမ်းဆောင်လာခဲ့ရတယ်။အဲဒီနှစ်မှာကေအဲန်ယူအဖွဲ့မှစောစံဖိုးသင်နဲ့ကေဝိုင်အို(KYO)အဖွဲ့ဝင်မန်းဘခိုင်၊မန်းဝင်းမောင်၊စောကျော်စိန်၊စောစိန်တင်တို့နုတ်ထွက်သွားကြတယ်၊၊ကေအဲန်ယူဗဟိုကော်မတီအသစ်ထခုဖွဲ့စည်းဘို့အရေးပေါ်ညီလာခံကျင်းပတဲ့အခါစောဘဦးကြီးဟာဥက္ကဋ္ဌဖြစ်လာပြီးကျွန်ုပ်ဟာကာကွယ်ရေးတာဝန်ခံဖြစ်လာခဲ့တယ်။ကျွန်ုပ်နဲ့စောဘဦးကြီးဟာအတွေးအခေါ်ခံယူချက်ခြင်းတူညီလို့အလုပ်လုပ်ရာမှာညီညွတ်မှုတိုးတက်မှုရှိခဲ့တယ်၊၊စောဘဦးကြီးကိုကျွန်ုပ်ကခင်မင်လေးစားတဲ့ခေါင်းဆောင်ကြီးအဖြစ်ခံယူဆက်ဆံသလိုစောဘဦးကြီးကကျွန်ုပ်ကိုခင်မင်လေးစားတဲ့ရဲဘော်ရဲဘက်တိုက်ဖေါ်တိုက်ဖက်အဖြစ်ခံယူဆက်ဆံတယ်။စောဘဦးကြီးဟာမျက်မှောက်ခေတ်ရဲ့တော်လှန်တဲ့ကရင်အမျိုးသားခေါင်းဆောင်ကြီးဖြစ်တယ်။ကမ္ဘာအမြင်ရှိတဲ့ခေတ်ရဲ့ဖြစ်ပေါ်မှုကိုသိကျွမ်းတဲ့ပုဂ္ဂိုလ်လည်းဖြစ်တယ်။လူမျိုးပေါင်းစုံချစ်ကြည်ရေးစိတ်ဓါတ်ဖိနှိပ်မှုနဲ့သွေးစုတ်ချယ်လှယ်တဲ့စိတ်ဓါတ်ကိုဆန့်ကျင်တဲ့စိတ်ဓါတ်ရှိတယ်၊၊စောဘဦးကြီးဟာစုပေါင်းခေါင်းဆောင်မှုနဲ့ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ကိုလိုက်စားခံယူသူဖြစ်တယ်။အလုပ်လုပ်ရာမှာသေနင်္ဂဗျူဟာအရခိုင်မာပြီးနည်းပရိယာယ်အရကြွယ်ဝပျော့ပျောင်းစွာလုပ်ကိုင်သူဖြစ်တယ်။ဆုံးဖြတ်ချက်ချရာမှာအမှားအယွင်းမရှိအောင်အာရုဏ်ပြုပြီးစဉ်း

စားဝေဖန်အကဲဖြတ်ဆုံးဖြတ်လေ့ရှိတယ်။ကရင်အမျိုးသားရေးကိုလက်ဖြန့်အသနားခံတောင်း၍မရနိုင်ဘူး။လက်နက်ကိုင်တိုက်ပွဲနဲ့သာရနိုင်တယ်ဆိုတဲ့လေးနက်တဲ့ခံယူချက်ရှိသူဖြစ်တယ်။ပုဂ္ဂိုလ်ရေးခံယူချက်ပေါ်မှာစံနမူနာထားလောက်တယ်။ပညာတတ်ကျွမ်းဥစ္စာခနပေါကြွယ်ဝပြီးရာထူးဂုဏ်ထူးတွေရှိပေမဲ့ဘဝင်မြင့်ခြင်းမရှိဘူး။စောဘဦးကြီးရဲ့ဝတ်စားဆင်ရင်နေထိုင်စားသောက်မှုတွေဟာထယ်ထယ်ဝါဝါမရှိဘူး၊လူလတ်တန်းစားတဦးအဆင့်မျိုးနဲ့နေထိုင်တယ်။(၁၉၄၈)ခုနှစ်နေ့တနေ့မှာစောဘဦးကြီးကျွန်ုပ်၊မန်းဂျိမ်းထွန်းအောင်၊စောဟံထာသာမွေးတို့ဟာအမျိုးသားစည်းလုံးလှုပ်ဆော်ရေးအတွက်မြောင်းမြခရိုင်၊လပွတ္တာမြို့နယ်၊ထယ်ပင်ကိုင်းကျေးရွာသို့ရောက်ရှိသွားတယ်။ကျွန်တော်တို့ရောက်ရှိပြီးနောက်တနေ့မှာဒေသတဝိုက်ရှိလူထုအစည်းအဝေးတရပ်ပြုလုပ်တယ်။အစည်းဝေးမကျင်းပမှီခေါင်းဆောင်တွေဟာတည်းခိုအိမ်မှအစည်းအဝေးကျင်းပရာမဏ္ဍပ်သို့အသွားမှာလူထုကတန်းစီပြီးဖါးစည်တီးကာပန်းကုံးစွပ်ဂုဏ်ပြုဘို့စီစဉ်တယ်။လူထုကစောဘဦးကြီးကိုဘီးလပ်ပြန်ဝတ်လုံတော်ရကရင်ခေါင်းဆောင်အဖြစ်ဗြိတိသျှဘုရင်ခံများဝတ်စားသလိုခန့်ညားစွာဝတ်စားလာမယ်လို့မှတ်ယူကြတယ်။ဒါပေမဲ့စောဘဦးကြီးဟာကာကီဘောင်းဘီတိုစပွတ်ရှပ်အင်္ကျီဝတ်ပြီးအစည်းအဝေးတက်လာတာကိုတွေ့ရတဲ့အခါအံ့သြသွားကြတယ်။စောဘဦးကြီးဟာရိုးရိုးကျင့်မြင့်မြင့်ကြံတတ်သူဖြစ်တယ်၊စိတ်နေသဘောထားရိုးသားဖြူစင်တယ်။လူသားတိုင်းကိုအဆင့်အတန်းမရွေးလူ့ရယ်လို့သဘောထားပြီးဆက်ဆံတယ်။ကိုယ်ချင်းစာနာစိတ်ရှိတယ်။အမျိုးသားအတွက်တကယ်ကိုယ်ကျိုးစွန့်သူဖြစ်တယ်။မိမိရဲ့လယ်ယာအလုပ်သမားများအပေါ်စာနာစိတ်ရှိတယ်။လယ်ခတွေကိုလယ်ယာအလုပ်သမားများပေးနိုင်သလောက်ယူတယ်။လယ်ယာအလုပ်သမားများရဲ့ခင်မင်ရင်းနှီးမှုကိုခံယူရရှိသည်၊အမျိုးသားရေးလုပ်ငန်းလုပ်ရာမှာအမျိုးသားရေးအာရုံတခုတည်းသာထားရှိပြီးခြေစုံပစ်လုပ်ကိုင်တယ်။စောဘဦးကြီးဟာမိမိရဲ့လေးနက်တဲ့ခံယူချက်အတိုင်းကရင်အမျိုးသားလွတ်မြောက်ရေးအတွက်မှန်ကန်မြတ်တရားတဲ့တော်လှန်ရေးကိုရှေ့ဆောင်ဖေါ်ထုတ်ခဲ့သူဖြစ်တယ်၊တော်လှန်ရေးအပေါ်မှာလေးနက်ပြတ်သားမှုနဲ့သစ္စာရှိတယ်၊တော်လှန်ရေးလုပ်ငန်းတွေကိုအခက်အခဲတွေကြားမှာရဲရင့်တည်ငြိမ်ပြတ်သားစွာရှေ့ဆောင်ခဲ့တယ်။၁၉၄၉၊ဇန်နဝါရီလ(၃၁)ရက်နေ့မှာလက်နက်ကိုင်တော်လှန်ရေးစတင်လာပြီးစောဘဦးကြီးဟာဗဟိုခေါင်းဆောင်တွေဖြစ်တဲ့ကျွန်ုပ်၊စောစိုင်ခေ၊စကောမောလေး၊စောဟံထာသာမွေး၊မန်းဂျိမ်းထွန်းအောင်၊ဦးဇန်စောဘယ်လီနှင့်အတူအင်းစိန်တိုက်ပွဲအတွင်းအခက်အခဲပြဿနာပေါင်းမြောက်များစွာကြုံတွေ့ရပြီးတော်လှန်ရေးအရည်အချင်းတွေရခဲ့တယ်၊အင်းစိန်တိုက်ပွဲဟာ(၁၉၄၉)ခုမေ(၂၅)ရက်နေ့အထိရက်ပေါင်း(၁၁၄)ရက်ရှည်ကြာသောနေ့အင်းစိန်မှဆုတ်ခွါခဲ့တယ်။အင်းစိန်မှဆုတ်ခွါတော့တော်လှန်ရေးဒဏ်ကိုမခံနိုင်တဲ့မန်းဂျိမ်းထွန်းအောင်၊စောဘယ်လီ၊ဦးဇန်တို့မှာတော်လှန်ရေးကိုစွန့်ခွါသွားကြတယ်။တော်လှန်ရေးကိုခေါင်းဆောင်ရန်စောဘဦးကြီး၊ကျွန်ုပ်စောစိုင်းခေ၊စောဟံတာသာမွေးနဲ့စကောမောလေးတို့ကျန်ခဲ့တယ်။အင်းစိန်ကဆုတ်ခွါပြီးကျွန်ုပ်တို့ဟာအင်းစိန်ခရိုင်ထမ်းတပင်မြို့နယ်ရှိကြာအင်းဟောင်းရွာကိုရောက်ကြတယ်။အဲဒီရွာမှာအစည်းအဝေးလုပ်ပြီးခေါင်းဆောင်တွေတာဝန်ခွဲဝေကြတယ်၊စောဘဦးကြီး၊စောစိုင်းခေ၊စကောမောလေးတို့တောင်ငူကိုသွားရောက်ပြီးဗဟိုလုပ်ငန်းများကိုတာဝန်ယူလုပ်ဆောင်ရန်နဲ့ကျွန်ုပ်နှင့်စောဟံထာသာမွေးတို့ကမြစ်ဝကျွန်းပေါ်ဒေသမှာတာဝန်ယူထမ်းဆောင်ဘို့ဖြစ်တယ်။(၁၉၅၀)ဩဂုတ်လ(၁၂)ရက်ဟာကရင်အမျိုးသားအများအတွက်ဆုံးရှုံးမှုကြီးတခုဖြစ်တဲ့ကြေကွဲဝမ်းနည်းဘွယ်ရာနေ့ဘဲဖြစ်တယ်။အဲဒီနေ့မှာခေါင်းဆောင်ကြီးတွေဖြစ်တဲ့စောဘဦးကြီးနဲ့စောစိုင်းခေတို့အပေါင်းအပါတစုဟာကော့ကရိတ်မြို့နယ်ထိုကော့ကူးရွာမှာရန်သူလက်နက်နဲ့ကရင်အမျိုးသားလွတ်မြောက်ရေးအတွက်အသက်စွန့်သွားခဲ့ရတယ်။စောဘဦးကြီးဟာအသက်(၄၅)နှစ်မှာကွယ်လွန်ခဲ့တယ်၊လက်နက်ကိုင်တော်လှန်ရေးတာဝန်ကိုတနှစ်ကျော်လောက်သာထမ်းဆောင်သွားရရှာတယ်၊စောဘဦးကြီးရဲ့မှန်ကန်တဲ့ရှေ့ဆောင်မှုကြောင့်မြတ်တရားတဲ့ကရင်အမျိုးသားလွတ်လပ်ရေးနှင့်ဘဝတိုးတက်မှုတော်လှန်ရေးဖြစ်ပေါ်လာတယ်၊ပြောင်မြောက်အောင်မြင်စွာထမ်းဆောင်ခဲ့သူဖြစ်တယ်၊ကရင်တော်လှန်ရေးနှင့်ကရင်အမျိုးသားလွတ်မြောက်ရေးကိုစတင်ဖေါ်ထုတ်ပေးသူဖြစ်တယ်။သူ့ရဲ့ရည်ရွယ်ချက်အလုံးစုံအောင်မြင်ရေးအတွက်ကျွန်ုပ်တို့ဆက်လက်တိုက်ပွဲဝင်ရဦးမယ်ဖြစ်ကြောင်းတင်ပြလိုက်ရပါတယ်။

ဗိုလ်ချုပ်မင်းအောင်အထုပ္ပတ္တိ

ဗိုလ်ချုပ်မင်းအောင်သည် တောင်ငူခရိုင်ရေသိုးကြီးရွာတွင်(၁၉၁၆)ခုနှစ်၌မွေးဖွါးပြီးတောင်ငူမြို့"အစွတူး"ရပ်ကွက်တွင်ကြီးလာခဲ့သည်။ သူ၏အဖေသည်ဒူလေးမင်းသား၏ညာလက်ရုံးဆရာပဲလဲဦးဖြစ်၍သတ္တိပြောင်သောတော်လှန်ရေးအစဉ်အလာရှိသည့်အိမ်ထောင်စုမှပေါက်ဖွါးလာခဲ့သည်။

ကျောင်းနေချိန်အရွယ်ရောက်သော်တောင်ငူမြို့စိန်လု(စ်)အထက်တန်းကျောင်းတွင်တက်ရောက်ပညာသင်ကြားသည်၊ငယ်စဉ်ကတည်းကမိဘစကားနားထောင်၍မုသားစကားမပြောရိုးသားသောသားလိမ္မာတဦးဖြစ်သလိုကျောင်းသို့ရောက်သော်ဆရာဆရာမများကိုရိုသေလေးစားပြီးကျောင်းမှန်မှန်တက်စာကြိုးစားပြီးကျောင်းစည်းကမ်းများကိုလိုက်နာသောကျောင်းသားလူတော်တဦးဖြစ်ခဲ့သည်၊အားကစားဝါသနာပါသူတဦးဖြစ်၍ခလေးတန်း၊လူလတ်တန်း၊လူငယ်တန်း၊လူကြီးတန်းအရွယ်တိုင်း၌ပြေးခုံခြင်း၊ဘောလုံးနှင့်ဘတ်စကက်ဘောဟော်ကီနှင့်လက်ဝှေ့စသည်များတွင်တက်ကြွစွာပါဝင်ကစားပြီးဘောလုံးနှင့်ဟော်ကီတွင်ကျောင်းလက်ရွေးစင်အသင်း၌ပါသည်။စာကြိုးစားသဖြင့်စာတော်ခြင်း၊စာရိတ္တကောင်းမွန်ခြင်း၊အားကစားတွင်တက်တက်ကြွကြွပါဝင်ပြီး၊လျှင်မြန်ဖြတ်လတ်ကျန်းမာရေးကောင်းမွန်ခြင်းဟူသည့်(၃)ဘက်ချွန်ဆုကိုနှစ်စဉ်ဆိုသလိုကျောင်းဆုပေးပွဲ၌ဆွတ်ခူးရရှိသည်။

တက္ကသိုလ်တက်ဖို့ရည်ရွယ်ကြိုးစားသည်။ သို့သော်(၁၉၃၄)ခုနှစ်(၁၀)တန်းစာမေးပွဲအောင်စာရင်းများထွက်လာသည့်အခါ(ဘီ)အတန်း၌သာပါဝင်လာသဖြင့်တက္ကသိုလ်သို့မတက်နိုင်တော့ဘဲအဖေ၏ခြေရာဖြစ်သောသူဝါသနာပါသည့်စစ်ဖက်တွင်ဝင်ပြီးတပ်စာရေးလုပ်သည်။တပ်ဖက်တွင်လည်းစည်းကမ်းလိုက်နာပြီးအားကစားအမျိုးစုံတွင်တက်ကြွစွာပါဝင်လျက်အလုပ်ကြိုးစားသည်၊သို့ဖြစ်၍သူ၏ဆိုင်ရာတပ်မှူးများကသူ၏အလားအလာကောင်းကိုကြည့်၍တပ်စာရေးမှခြေလျင်တပ်ခွဲသို့ပြောင်းပေးလေသည်။

စစ်သားတဦးအနေနှင့်သူသည်ရိုးသားသည်၊စည်းကမ်းရှိသည်၊ဖြတ်လတ်သည်၊အလုပ်ကြိုးစားသည်ဖြစ်၍အဆင့်တိုးရရှိပြီး(၁၉၄၁)ခုနှစ်တွင်ဘားမားရိုင်ဖယ်တပ်ရင်း(၄)၌တပ်ခွဲဟော်ပဒါမေဂျာရာထူးရရှိသည်၊ထိုနှစ်တွင်ပင်အိန္ဒိယပြည်ကစ္စနားစစ်တက္ကသိုလ်တက်ဖို့အရွေးခံရသည်။(၁၉၄၂)ခုနှစ်ကျောင်းဆင်းသော်ဂျာမဒါဟူသည့်ဘုရင်ခံကော်မရှင်ရရှိသည်။ဒုတိယကမ္ဘာစစ်ဖြစ်၍မြန်မာပြည်မြောက်ပိုင်းကချင်ပြည်နယ်တွင်ရှိသောဂျပန်တပ်များကိုပြန်တိုက်ခိုက်ရန်အတွက်ဝင်းဂိတ်၏ချင်းတစ်ခေါ်ခြေသော့တပ်တွင်ပါဝင်သည်။(၁၉၄၃)ခုနှစ်ပထမဝင်းဂိတ်ထိုးစစ်တွင်ချင်းတွင်းမြစ်ကိုဖြတ်ကူးပြီးဧရာဝတီမြစ်ကမ်းအထိရှိသောဂျပန်များကိုရှုပ်ရှုပ်ချွန်ချွန်တိုက်ခိုက်သည်၊သို့သော်ဂျပန်များအင်အားကောင်းသည်

ကတကြောင်းလုံလောက်သောစစ်ကူနှင့် ထောက်ပံ့မှုများမရရှိသည့်ကတကြောင်းကြောင့်ချင်းတစ်တပ်သည်ဖရိုဖရဲဖြစ်သွားကာဗိုလ်မင်းမောင်သည် တပ်အင်အားလေးရာကိုဦးစီးပြီးအခက်ခဲမြောက်များစွာအကြားမှအိန္ဒိယပြည်သို့ အပြန်ရောက်ရှိသည်။ဤကဲ့သို့အခက်အခဲကြားဖရိုဖရဲဖြစ်နေသည့် တပ်ကိုဦးစီးပြီးရဲရင့်ပြတ်သားစွာနှင့်အိန္ဒိယပြည်သို့ အောင်မြင်စွာပြန်ဆုတ်ခွါနိုင်သည့်အတွက် ဒုတိယအမြင့်ဆုံးဖြစ်သည့်(အမ်စီ)ဘွဲ့ကိုဆုတ်ချီးရရှိသည် (၁၉၄၄)ခုနှစ်၌စူပဒါအနေနှင့် ဒုတိယဝင်းဂိတ်ထိုးစစ်ဖြင့်မြန်မာပြည်မြောက်ပိုင်းသို့ထပ်မံဝင်ရောက်လာပြန်သည်၊ဝင်းဂိတ်ကိုယ်တိုင်လေယဉ်ပျံပျက်ကျသေဆုံးသွားသဖြင့်ချင်း အိန္ဒိယသို့ပြန်သွားရလေသည်။

၁၉၄၅ခုနှစ်ဒုတိယကမ္ဘာစစ်ပြီးသော်မြန်မာပြည်သို့ကပ္ပတိန်အနေဖြင့်ပြန်ဝင်လာသည်၊ထိုနေ့တွင်ပင်ကရင်တပ်ရင်း(တစ်)ဖွဲ့သောအခါလက်ဖတင်နင်အနေဖြင့်တပ်ရင်းထောက်လှန်းရေးမှူးတာဝန်ယူရသည်။(၁၉၄၆)ခုနှစ်တွင်ကရင်တပ်ရင်း(၁)တပ်ထောက်အနေနှင့်ကက်ပတိန်ဖြစ်လာသည်။(၁၉၄၇)ခုနှစ်တွင်မေဂျာရာထူးဖြင့် တပ်ခွဲမှူးဖြစ်လာပြီးတလအကြာတွင်ဒုရင်းမှူးဖြစ်လာသည်၊နောက်တလအကြာတွင်ဒုဗိုလ်မှူးကြီးရာထူးဖြင့်တပ်ရင်းမှူးဖြစ်လာသည်၊တပ်တွင်းတလျှောက်လုံးတွင်ရိုးသားပြီးတည်ကြည်သည့်စည်းကမ်းရှိသည့်တပ်မှူးဘဝတွင်ငယ်သားများအပေါ်ချစ်ခင်စာနာမှုအပြည့်ထားရှိခြင်းကြောင့်ငယ်သားများ၏ချစ်ကြည်လေးစားမှုအပြည့်ရရှိလေသည်။

တပ်ရင်းမှူးလုပ်နေသည့်ချိန်တွင်ကရင်အမျိုးသားများကရင်ပြည်ရရှိရေးအတွက်ပြင်းပြစွာတိုက်ပွဲဝင်ခဲ့သည်လက်နက်ကိုင်တိုက်ပွဲဖြစ်လာမည်ကိုသူကောင်းစွာသိသည်အမျိုးသားလွတ်မြောက်ရေးအတွက်သူပါဝင်ရမည်ကိုသူသဘောပေါက်သည်။သူပါဝင်လျှင်ရာထူးလခနှင့်စည်းစိမ်ကိုစွန့်ရမည့်အခက်အခဲနှင့်ရင်ဆိုင်ရမည်သို့သော်အောင်ပွဲရသည့်အထိအဆုံးတိုင်လုပ်ရမည်ကိုအတွင်းကျကျအောက်ခြေတပ်ဗိုလ်အချို့အားဆွေးနွေးပြသည်။

သူသည်တပ်ရင်းမှူးတဦးအနေဖြင့်သာမကဘဲတောင်ငူစတေရှင်ကွန်မင်ဒါအနေနှင့်လည်း တောင်ငူမြို့၏လုံခြုံရေးတခုလုံးကိုတာဝန်ယူရသည်၊အမျိုးသားလုပ်ရှားမှုအပေါ်သူ၏သဘောထားကိုသက်ဆိုင်ရာအကြီးအကဲများမသိအောင်ပိယိကျစ်လစ်စွာသူထိန်းထားသည်၊တောင်ငူရှိတပ်မှူးနှင့်အရာရှိများမကအထက်တပ်မှူးကြီးများပါသူ့ကိုယုံကြည်သည်၊အားကိုးသည်၊သူ၏သဘောထားနှင့်ပိယိစွာဆောင်ရွက်ချက်များကိုသူ့အဖေမသိ၍သူ့ကိုအားမရဘဲအထင်မှားဖြစ်ခဲ့သည်။သို့သော်(၁၉၄၉)ခုနှစ်မတ်လ(၂၇)ရက်နေ့တွင်သူ၏ဦးဆောင်မှုအောက်မှာကရင်တပ်ရင်း(၁)တရင်းလုံးသည်ကေအဲန်ဒီအိုနှင့်အတူတောင်ငူမြို့ကိုသွေးထွက်သံယိုမှုလုံးဝမရှိဘဲအောင်မြင်စွာသိမ်းပိုက်လိုက်သည်။

ဗိုလ်ချုပ်မင်းမောင်သည်အထက်မြန်မာပြည်ထိုးစစ်တွင်သူကိုယ်တိုင်ဦးစီးပြီးကရင်အမျိုးသားအသက်ပေါင်းများစွာကိုကယ်တင်ခဲ့သည်၊ပျဉ်းမနားရမည်းသင်းပျော်ဘွယ်မိတ္ထီလာအစရှိသောမြို့များရှိရန်သူထိန်းထားသောကရင်အမျိုးသားအမျိုးသမီးများလွတ်မြောက်စေပြီးသက်ကြီးရွယ်အိုနှင့်အမျိုးသမီးခလေးများကိုမော်တော်ကားဖြင့်တောင်ငူသို့စီစဉ်ပို့ပေးသည်။အရွယ်ရှိသူများကိုလက်နက်တပ်ဆင်ပေးပြီးတပ်ထဲထည့်သွင်းသည်။မေမြို့မှာလက်နက်အသိမ်းခံရပြီးထိန်းသိမ်းခံရသောကရင်စစ်သားနှင့်အိမ်ထောင်သည်ပေါင်း(၄၀၀၀)ကျော်ကိုလွတ်မြောက်စေခဲ့သည်၊တောင်ဖက်သို့ဆင်းသည့်တပ်ကိုလည်းသူကိုယ်တိုင်ဦးစီးသည်။ဗိုလ်ချုပ်ဖြစ်သော်လည်းမာနလုံးဝမရှိ၊ဝါကြွားခြင်းမရှိဘဲရန်သူကိုရဲဘော်များနှင့်အတူရဲရင့်စွာတိုက်ခိုက်သည်။အခက်အခဲပေါင်းမြောက်များစွာနှင့်ရင်ဆိုင်ရသော်လည်းခေါင်းအေးအေးစိတ်ရှည်ရှည်နှင့်ရင်ဆိုင်ဖြေရှင်းသည်၊ဥက္ကဋ္ဌစောဘဦးကြီးမရှိတော့အချိန်တွင်ဥက္ကဋ္ဌသစ်တဦးအတွက်သူများစွာသောကများ၍ကြိုးစားစီစဉ်ရသည်၊စောဟန်တာမှကူလုပ်ပါမည်ဟုကတိပေးမှသာသူစိတ်သက်သာသွားတော့သည်။တော်လှန်ရေးသည်ခေါင်းဆောင်မှုဖြစ်သည်ခေါင်းဆောင်များသည်ကိုယ်ကျိုးစွန့်ကြပြီးရေ့တန်းတွင်စည်းစည်းလုံးလုံးတက်တက်ကြွကြွ

ပြတ်ပြတ်သားသားထူးထူးချွန်ချွန်စံနမူနာပြတိုက်ခိုက်ရမည်ဟုသူသဘောရသည်။ ဤကဲ့သို့ အရည်အချင်းများအားနည်းနေသည်ကိုတွေ့ရှိရ၍သူစိတ်မကောင်းဖြစ်ခဲ့သည်။

၁၉၄၆–ခုနှစ်ဧပြီလတွင်တောင်ငူမြို့ဦးကက်ပတိန်ရာထူးအဆင့်ရှိနေစဉ်ဘီအေ၊ဘီအီးဒီ၊တက္ကသိုလ်ဘွဲ့နှစ်ခုရဆရာမဟဲလင်နှင့်လက်ထပ်ပြီးသာယာသောအိမ်ထောင်တခုကိုထူထောင်သည်။ဆရာမသည်သဘောကောင်းသည်ဖော်ရွေသည်၊ပညာရေးသာမကဘဲစိုက်ပျိုးရေးနှင့်မွေးမြူရေးတွင်ဝါသနာအထူးပါသည်ဖြစ်၍ကောင်းမွန်ပျော်ရွှင်စွာနေထိုင်စားသောက်ရသည်။တောင်ငူမှဆုတ်ခွါရသောအခါတောထဲတောင်ထဲသွားလာနေထိုင်ရသော်ငြားလည်းဗိုလ်ချုပ်မင်းမောင်သည်တောလည်အမဲလိုက်နှင့်ငါးရှာမှုတွေဝါသနာပါကျွမ်းကျင်သည်။ဗိုလ်ချုပ်ကတော်ဆရာမမှာလည်းစိုက်ပျိုးရေး၊မွေးမြူရေးတွင်ထူးချွန်သူဖြစ်၍ဟင်းလျာအတွက်မပူရပေ၊တပ်မတော်၏တာဝန်(၃)ရပ်မှာတိုက်ခိုက်ရေး၊စည်းရုံးရေးနှင့်ကုန်ထုတ်လုပ်ရေးဟူသည့်အတိုင်းဖါပွန်ဆုတ်ခွါရပြီးနောက်ဗိုလ်ချုပ်နှင့်တအိမ်သားလုံးတောင်ယာစပါးစိုက်ခြင်းနှင့်အတူသီးထပ်သီးညှပ်စိုက်ပျိုးရေးများကိုလုပ်ဆောင်သည်နှင့်အမျှရိက္ခာပြဿနာရင်မဆိုင်ရချေ၊ဆရာမဆေးလိပ်အနံ့မခံနိုင်သည့်အတွက်လက်ထပ်သည့်နေ့မှစ၍ဗိုလ်ချုပ်သည်လုံးဝဆေးလိပ်မသောက်တော့ချေ။

ဗိုလ်ချုပ်မင်းမောင်သည်စစ်ဦးစီးဗိုလ်ချုပ်ဖြစ်သည်။သို့သော်မာနလုံးဝမရှိချေ၊လုပ်ဖော်ကိုင်ဖက်များနှင့်သော်၎င်း၊အောက်ခြေငယ်သားများနှင့်သော်၎င်း၊ရင်းနှီးစွာတန်းတူထားဆက်ဆံသည်၊အားကစားတွင်ဝါသနာကြီးသူတဦးဖြစ်သည်။တပ်မတော်အသင်းအတွက်အမြဲပါဝင်ကစားသည်၊(၁၉၅၃)ခုနှစ်ဘောလုံးပြိုင်ပွဲတခုတွင်အင်တိုက်အားတိုက်ကစားနေချိန်တွင်ထိခိုက်မိ၍နာခေါင်းကြီးသွားရာတိုက်မိသူရဲဘော်ကများစွာကြောက်လန့် ပူပန်သည်။ဗိုလ်ချုပ်ကကစားရာတွင်မတော်တဆဖြစ်တာကိုဘာမှမပူပါနဲ့လို့ပြောမှထိုရဲဘော်စိတ်သက်သာရာရသွားသည်။

ဗိုလ်ချုပ်မင်းမောင်သည်(၁၉၅၆)ခုနှစ်တွင်ကေအဲန်ယူပါတီဗဟိုကော်မတီတဦးဖြစ်လာ၍(၁၉၅၉)ခုနှစ်ပထမအကြိမ်ပါတီကွန်ဂရက်တွင်ပီဘီတဦးဖြစ်သည် သူသည်တလျှောက်လုံးစစ်သားတဦးဖြစ်ခဲ့၍နိုင်ငံရေးမလေ့လာခဲ့ရပေ၊ပါတီနှင့်ဗဟိုကော်မတီဝင်တဦးဖြစ်လာသည်နှင့်အမျှကြိုးစားလေ့လာပြီးခံယူချက်ပြင်းပြလာသည်။ပါတီနှင့်တော်လှန်ရေးလုပ်ငန်းများတွင်ပိုမိုစိတ်အားထက်သန်စွာဆောင်ရွက်လေသည်။ပါတီဆုံးဖြတ်ချက်များပေါ်ရပ်တည်ပြီးအာမခံလုပ်သည်။

(၁၉၆၁)ခုနှစ်မတ်လတွင်ရန်သူမှရွှေတောင်ကြီးထိုးစစ်ဆင်ရာရန်သူတပ်မဟာ(၁)တပ်များညောင်လေးပင်မှဖါပွန်အရှေ့ဖက်ရှိပါဟိုက်သို့တန်းချီတက်လေသည်။ရန်သူသတင်းထောက်လှန်းရန်အတွက်ဗိုလ်ချုပ်မင်းမောင်သည်သူ့၏ရဲဘော်ရင်းကျော်မိုးဟဲဆိုသူကိုပါဟိုက်သို့လွှတ်သည်။ကျော်မိုးဟဲအဖမ်းခံရ၍ဗိုလ်ချုပ်မင်းမောင်ရှိရာသို့လမ်းပြရန်နည်းမျိုးစုံအတင်းငြင်းပန်းရာမခံနိုင်တော့ဘဲလိုက်ပြရတော့သည်။

ညနေမိုးချုပ်၍ညည့်နက်ပါသော်လည်းကျော်မိုးဟဲပြန်မရောက်သော်ရန်သူဖမ်းမိမှာဘဲသိ၍နံနက်စောစောနေရာပြောင်းရန်စီစဉ်သည်၊မိုးမလင်းမီဖယောင်းတိုင်မီးရောင်ဖြင့်ဘုရားရှိခိုးပြီးထမင်းစားဖို့ထမင်းချူးသည်။အိမ်ရှိအမျိုးသမီးတဦးကတို့စရာခူးဖို့အောက်သို့ဆင်းရာဝေလီဝေလင်းဖြစ်နေပြီးဖြစ်သဖြင့်ရန်သူကိုတွေ့၍အိမ်ပေါ်ပြန်တက်ပြေးကာရန်သူရောက်နေပြီဟုပြောလေသည်။ဆင်းကြပြေးကြဟုဗိုလ်ချုပ်မင်းမောင်ကပြောပြီးသူကာဘိုင်ကိုကိုင်ကာရန်သူကိုခုခံဖြစ်လေသည်။ရန်သူများကားအိမ်သို့ဝိုင်းထားမိလေသည်၊မပြေးနဲ့လက်နက်ချဟုအော်ပြောသည်၊ဗိုလ်ချုပ်မင်းမောင်တဦးတည်းနှင့်ရန်သူကိုပစ်ခတ်သည်ရန်သူများသည်သေနတ်ထွက်ရာသို့အာရုံစိုက်၍ပြေးသူများကိုဂရုမစိုက်သဖြင့်ထိုအမျိုးသမီး၊သူယောကျ်ားနှင့်ဗိုလ်ချုပ်၏တူရင်းပွန်တို့လွတ်မြောက်သွားသည်။ဗိုလ်ချုပ်၏ရင်တည့်တည့်ကျည်သင့်၍လဲကျသွားပြီးဒါဏ်ရာပြင်းထန်လွန်း၍စကားမေးမရဘဲအသက်ထွက်သွားလေသည်၊၎င်းနှင့်အတူသူ့သမီးထံလာလည်သောဆရာရွှေဘလည်းကျဆုံးသွားသည်။

ရန်သူသည်ဗိုလ်ချုပ်၏အလောင်းကိုပါဟိုက်ဖါပွန်မှတဆင့်မော်လမြိုင်သို့ပို့သည်။အလောင်း

စာမျက်နှာ(၄၁)သို့

အနှစ်(၄၀) မြောက်ကရင့်တော်လှန်ရေးနေ့ ၌ ကောအဲန်ယူမှ ထုတ်ပြန်သောသမိုင်းဝင်ဓာတ်ပုံ မှတ်တမ်းများ

လော့လူဝစ်၊ လေဒီမောင့်ဘက်တန်နှင့် တွေ့ဆုံနေသော ကရင်ကိုယ်စားလှယ်အဖွဲ့
(၁၉၄၆၊လွတ်လပ်ရေး မရခင်)

KAREN REPRESENTATIVES IN LONDON SPEAK WITH LORD LOUIS AND LADY MOUNTBATTEN, BEFORE THE INDEPENDENCE OF BURMA IN 1946.

စောဘဦးကြီး၊စောသာဒင်၊ဝေါဆစ္စနီလူနီ၊စောဖိုးချစ်တို့ လန်ဒန်ရှိစက်ရုံတရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။(၁၉၄၆၊လွတ်လပ်ရေးမရမီနိုင်ငံရေးကိစ္စခရီးစဉ်)

လွတ်လပ်ရေးမရမီ၊ဗြိတိသျှအစိုးရအဖွဲ့ဝင်နှင့်ကရင်ကိုယ်စားလှယ်များတွေ့ဆုံစဉ်

(၂)၁၉၅၂ခုနှစ်၊ဖာပွန်ရှိကော်သူလေတပ်မတော်ဌာနချုပ်မှတပ်မှူးများ

No. FOUR "LIGHT BRIGADE" BRIGADE COMMANDER AND OFFICERS. (SITTING L to R : Lt. Col. WILKIE C.O. 3rd BN, Lt. Col. SAN MAUNG C.O. 1st BN, BRIGADIER ELMO, Lt. Col. NAMOO C.O. 4th BN, Lt. Col. SAN AUNG C.O. 2nd BN, STANDING L to R : MAJ. PO PO HTOO B.M. No. 4th BDE, Lt. GLADSTONE 2 IC A COY 4th BN, CAPT. BA HTOO Adj. 1st BN, MAJ. DANNY PO 2 IC 3rd BN, Lt. Col. WAHEIN DIV. ASST. Adj. & Q.M.G., CAPT AARON Adj. 4th BN, CAPT. OHN SHWE Adj. 3rd BN, CAPT. KYA HTOO Adj. 2nd BN, CAPT. TUN SHWE @ HTOO KABAW O.C. A COY 1st BN, MAJ. TARPLAR Q.M. 4th BDE.

DIVISIONAL HEADQU ... NY HTOO)

(၁)၁၉၅၂ခုနှစ်၊ဖာပွန်ရှိကော်သူးလေတပ်မတော်ဌာနချုပ်မှတပ်မှူးများ
–(ရှေ့တန်း–ဝဲမှယာ)တပ်မဟာမှူးဗိုလ်စိုး၊ဗိုလ်ချုပ်တာကပေါ၊တပ်မဟာမှူးအဲလ်မိုး
တပ်မဟာမှူးကျော်နီထူး

၁၉၆၅ခုနှစ်၊အမျိုးသားညီညွတ်ရေးဆွေးနွေးပွဲတွင်ကေအဲန်ယူခေါင်းဆောင်များ။
(ရှေ့တန်း–ဝဲမှယာ)ပဒိုဘသင်၊ဗိုလ်ချုပ်ကြီးမြ၊ဗိုလ်မှူးကြီးရွှေဆိုင်း၊မန်းဘဇန်၊ပဒိုစကောလယ်တော၊
ဗိုလ်မှူးကြီးကဆယ်ဒို၊(နောက်–ဝဲမှယာ) ပဒိုဘောယူဖေါ၊ဗိုလ်မောင်မောင်၊ပဒိုသာပြည့်

၁၉၆၃ခုနှစ်၊ဧော့စပ်ဆွေးနွေးပွဲ။ဗိုလ်နေဝင်းဦးဆောင်သောတော်လှန်ရေးကောင်စီနှင့်
မန်းဘဇန်ခေါင်းဆောင်သော(၃)ပါတီကိုယ်စားလှယ်များတွေ့ဆုံစဉ်(မွန်၊ကရင်၊ကရင်နီ)

(၃)ပါတီကိုယ်စားလှယ်များ၊၁၉၆၃–ဧော့စပ်ဆွေးနွေးပွဲလာရောက်စဉ်



၁၉၇၄ခုနှစ်၊ကေအဲန်ယူကွန်ဂရက်ခေါင်းဆောင်များ

"တော်လှန်ရေးဆိုတာ ကိုယ့်အတွက်ရယူခြင်းမဟုတ်။"
"ပြည်သူ့အတွက်ပေးဆပ်ခြင်းဖြစ်တယ်။"



၁၉၇၅–ပထမအကြိမ်မြောက်–ဗဟိုနိုင်ငံရေးသင်တန်းကျောင်းမှ
သင်တန်းသားများနှင့်သင်တန်းဆရာများ

LEADERS OF REORGANIZED KAREN NATIONAL UNION (KNU), SITTING L TO R : PRESIDENT MAHN BA ZAN, GEN. BO MYA C-in-C KNLA, STANDING L TO R : GENERAL SECRETARY SAW THAN AUNG, FOREST MINISTER SAW THA PYI.

မှတ်တမ်းတင်အပ်ပါသည်

အမျိုးသားအတွက်ကိုယ်ကျိုးစွန့်၍အသက်ပေးတာဝန်ထမ်းဆောင်ခဲ့သောခေါင်းဆောင်များ

[illegible]
[illegible]



[illegible]
[illegible] (J) [illegible]

I firmly believe that final victory will be for the KAREN FREEDOM FIGHTERS who are struggling for their righteous cause under the leadership of the KAREN NATIONAL UNION, however untold hard ships and difficulties should bar the way unto success.

Therefore, let us think how we can serve the revolution in practice rather than how the revolution can help us.

Let us also try our best to strengthen unity, Co-operation and co-ordination amongst own revolutionary and democratic forces.

"Words are leaves, deeds are but fruits".

— Soe Tung
12/12/91

၁။ [illegible]

၂။ [illegible]

၃။ [illegible]

၄။ [illegible] (KNU) [illegible]

၅။ [illegible]

IN GOD I TRUST.

[illegible signature] ၃၂

သမိုင်းဝင် ပုဂ္ဂိုလ်ကြီးများ

စကောမောလေး

စောဘဦးကြီး

ဗိုလ်ချုပ်စိုင်းကော

ဗိုလ်မှူးချုပ်ကျင်ဖေ



မန်းဘဇန်



ပဒိုသာပြည့်

စကောလယ်တော

ဗိုလ်ချုပ်မြမောင်

ပဒိုစောသန်းအောင်

ဆရာကြီးစကော်လယ်တော၏မှတ်စု
၁၉၅၀ "ဖာပွန်ကွန်ဂရက်"

သတ်မှတ်ထားသည့်အတိုင်း ဖါပွန်ကွန်ကရက်ကို၁၉၅၀–ခုနှစ်ဂျူလိုင်(၁၇)ရက်မှ(၁၉)ရက်နေ့ထိ။ဖါပွန်မြို့၌ပင်ကျင်းပခဲ့သည်။ ကွန်ကရက်တွင်စောဘဦးကြီး ကိုယ်တိုင်ရှေ့ဆောင်ခဲ့လေသည်။ ကွန်ကရက်တက်ရောက်လာသော ဒေသအသီးသီးမှ ကိုယ်စားလှယ်များမှာ၊မြစ်ဝကျွန်းပေါ်မှဗိုလ်ချုပ်စိုင်းကေ၊စကောလယ်တော၊ဗိုရောလေ။တောင်ငူခရိုင်မှဗိုလ်ချုပ်မင်းမောင်၊ဖေါလ်ဖေါ၊ထူးရအူး၊အေးစိုးမြင့်။ညောင်လေးပင်ခရိုင်မှစူမောင်ပု၊ကျော်အောင်သောင်း၊မာယယ်နှင့်ထူးရေဘို။သထုံခရိုင်မှဖူးပွေ့ထော် ၊ဗိုလ်မှူးကြီးစောအုန်းဖေ၊ဆရာအုန်းဖေညွန့်၊စောဘလ။ဖာပွန်ခရိုင်မှဦးခွါးဒါး၊မစ္စတာနာဒီ(ကုလား)။မော်လမြိုင်ခရိုင်မှပဒိုလောရေဖိုးကီး၊ဗိုလ်ကြီးမေလ်ထန်ဝေ။ဘိတ်ထားဝယ်ခရိုင်မှဗိုလ်ကြီးယော့။ကရင်နီ–စောလဦး၊စောသိန်းတူး။မွန်–နိုင်ငွေသိန်း၊နိုင်သိန်းမောင်၊နိုင်ထွန်းသိန်း၊နိုင်ဆိတ်နို့တို့ဖြစ်ကြသည်။

ဆရာကြီးစကော်လယ်တော
(၁၉၆၃)

တက်ရောက်လာသောအခြားလေ့လာသူများမှာ ဥက္ကဋ္ဌကြီးစောဘဦးကြီး၏ဇနီး၊ပဒိုဦးတွတ်၊ဝီရိကျော်၊ဗိုလ်မှူးကြီးတာကပေါ၊ပဒိုဝီးလေခေါ၊ဆရာဘော်ဒွင်၊ဆရာမအက်ဒနာမေးနှင့်အခြားပုဂ္ဂိုလ်များဖြစ်သည်။ဥက္ကဋ္ဌစောဘဦးကြီးကမိန့်ခွန်းပြောကြားသည်။အဓိပ္ပါယ်မှာကရင်တော်လှန်ရေးသည်ပထမဦးဆုံးအကြိမ်နှင့်နောက်ဆုံးအကြိမ်ဖြစ်သည်။

ကရင်တော်လှန်ရေးသမားအားလုံးအတွက်ရန်ကုန်သို့သွားပြီးရန်သူထံလည်စင်းဘို့ဆိုလျှင်ဘယ်တော့မှမဖြစ်ရပါ။ကရင်တိုင်းပြည်ရဖို့အတွက်နည်းလမ်း(၃)ခုရှိသည်။
၁။ရသင့်ရထိုက်တာကိုရိုးရိုးပေးလို့ရခြင်းရန်သူ မိမိတို့အားဘယ်တော့မှပေးမည်မဟုတ်ပါ။
၂။တိုက်ယူလို့ရခြင်း၊
၃။ပတ်ဝန်းကျင်အခြေအနေကြောင့်ရခြင်းတို့ဖြစ်သည်။

တော်လှန်ရေးအဓိကအင်အားမှာပြည်သူပင်ဖြစ်သည်။ ပြည်သူများသည်မိမိကိုချစ်ရမည်၊ကြောက်ရမည်၊ရိုသေရမည်။ မိမိချို့ယွင်းအားနဲချက်များကိုသိရှိပြီးပြန်ပြင်ကြရမည်။စောဘဦးကြီးသဘာပတိမိန့်ခွန်းပြောပြီးနောက်ပုဂ္ဂိုလ်(၂)ဦးမိန့်ခွန်းပြောကြားသည်။ပထမဦးဆုံးဗိုလ်ချုပ်မင်းမောင်ကလက်နက်ကိုင်အဖွဲ့အစည်းကိုတိုးတက်ကောင်းမွန်အောင်ပြုလုပ်ရေးနှင့်ပဒိုရိုလေဖိုးကီးကအုပ်ချုပ်ရေးများကောင်းမွန်တိုးတက်ရေးစသည့်ခေါင်းစဉ်များဖြင့်မိန့်ခွန်းစကားပြောကြားသွားပါသည်။

နောက်တနေ့ညီလာခံအစည်းအဝေးတွင်အဆိုတင်သွင်းခြင်းအစီအစဉ်ဖြစ်သဖြင့်ကေအဲန်ယူအစည်းအရုံးပြန်လည်ဖွဲ့စည်းရေးအဆိုကိုဗိုလ်ချုပ်စိုင်းကေကတင်သွားပြီး၊ဆရာစကောလယ်တောကထောက်ခံဆွေးနွေးသွားပါသည်။

တောင်ငူမှကိုယ်စားလှယ်ဖြစ်သောအေစိုးမြင့်(အလ်ဖေါစိုး)ကအဆိုကိုပြင်းပြင်းထန်တန်ကန့်ကွက်ဆွေးနွေးသည်။ညီလာခံကိုယ်စားလှယ်အများအပြားဆွေးနွေးကြရာ၊အများအားဖြင့်အဆိုကိုထောက်ခံဆွေးနွေးကြသည်။သို့သော်(အယ်လ်ဖောဆိုး)ကကြာလေ၊ပြင်းထန်လေ၊ဖြစ်သောကြောင့်တမနက်လုံးအချိန်ကုန်သော်လည်း၊ဆုံးဖြတ်ချက်မချနိုင်ဖြစ်တော့သည်။ညနေအစည်းအဝေးတွင်ဗိုလ်ချုပ်စိုင်းကေကဂင်းအဆိုနှင့်ပတ်သက်၍အကျယ်တဝင့်ပြန်လည်ရှင်းပြပြန်သည်။အယ်လ်ဖေါစိုးကလည်းကန့်ကွက်မှုပြင်းထန်လာပြီးနောက်ဆုံးစကားအသုံးအနှုံးများပြင်းထန်လာသည့်အတွက်ဗိုလ်ချုပ်စိုင်းကေ

လည်း၊၎င်းအဆိုကိုပြန်လည်ရုပ်သိမ်းလိုက်တော့သည်။

နောက်တနေ့တွင်အခြားအဆိုများတင်ပြရာ ထောက်ခံရွေးချယ်မှုအများအပြားရှိသည်။အချို့မလို အပ်သည်များကိုသဘာပတိစောဘဦးကြီးကတင်ပြပြီး ရုပ်သိမ်းကြသည်။တချို့အဆိုများကိုဆွေးနွေးပြီးသဘောထားချမှတ်ကြသည်။ ဆုံးဖြတ်ချက်ချသောအဆို များမှာအောက်ပါအတိုင်းဖြစ်သည်။

၁။ကော်သူလေးမြို့တော်ကိုမော်ခီးမှဖါပွန်သို့ပြောင်းရွှေ့ရန်

၂။သထုံတပ်မဟာကိုတပ်မဟာ(၂)ခုဖွဲ့စည်းရန်။ စစ်တောင်းမြစ်အနောက်ဖက်ကမ်းကို" သထုံတပ်မဟာ"၊တပ်မဟာမှူးဗိုလ်မှူးကြီးအုန်းဖေ။စစ်တောင်းအရှေ့ဖက်ကမ်းနှင့်မူတရေ၀တပ်ရင်းကို" တာကပေါ တပ်မဟာ" ဟုသတ်မှတ်ပြီး၊တပ်မဟာမှူးအဖြစ်ဗိုလ်မှူးကြီးတာကပေါတို့ဖြစ်သည်။

၃။နိုင်ငံရေးသင်တန်းများတကြိမ်ပြီးတကြိမ်ဖွင့်လှစ်ရန်၊

၄။သမဝါယမအသင်းများဖွဲ့စည်းရန်၊

၅။ဗိုလ်ချုပ်စိုင်းကေကိုစောဘဦးကြီး၏ပီအေ(အတွင်းရေးအတွင်းဝန်)အဖြစ်ခန့်အပ်ရန်တို့ဖြစ်လေသည်။

ဤတကြိမ်ကွန်ကရက်တွင်ကေအဲန်ယူအစည်းအရုံးပြန်လည်ဖွဲ့စည်းရန်အဆိုကိုအဓိကဆွေးနွေးမည်ဖြစ်သော်လည်းအဆိုတင်သူကိုယ်တိုင်ကပြန်လည်ရုပ်သိမ်းသွားသည်။ညီလာခံမှလက်ခံအတည်ပြုသောအခြားအဆိုများမှာသိပ်အရေးကြီးလှသည်မဟုတ်ပါ။ညီလာခံပြီးသည်နှင့်မြစ်ဝကျွန်းပေါ်ကိုယ်စားလှယ်(၃)ဦးကစောဘဦးကြီးနှင့်တွေ့ဆုံဆွေးနွေးကြသည်။ စောဘဦးကြီးကအဆိုပျက်သွားသော်လည်းမြစ်ဝကျွန်းပေါ်ကိုယ်စားလှယ်(၃)ဦးကတာဝန်ယူပြီးအရှေ့တိုင်းတွင်ကေအဲန်ယူအစည်းအရုံးကိုတည်ဆောက်ရန်သဘောတူလိုက်သည်။ထို့နောက်အောက်ပါအတိုင်းတာဝန်ခွဲဝေပါသည်။

၁။ ဗိုလ်ချုပ်စိုင်းကေ - သထုံနှင့်မော်လမြိုင်

၂။ စကောလယ်တော - ညောင်လေပင်ခရိုင်နှင့်အခက်အခဲဖြစ်နေသောစစ်ပြေးဒုက္ခသည်များအားစောင့်ရှောက်ရန်၊

၃။ ဆောင်ဂူခရိုင်နှင့်ဗဟိုဌာနချုပ်ကို မော်ခီးမှဖါပွန်သို့ပြောင်းရွှေ့သည်ကိုကူညီစီစဉ်ရန်၊ကွန်ကရက်ပြီးသည့်နောက်တွင်စောဘဦးကြီးကမိမိနိုင်ငံရေးအလုပ်တခုကိုစီစဉ်ရေးဆွဲမည်ဟုပြောပြီးသူ၏နိုင်ငံရေးမှူး(၄) ချက်ကို၁၉၅၀-ခုနှစ်ဇူလိုင်လ(၃၁)ရက်နေ့မှစပြီးဩဂုတ်လ(၂)ရက်နေ့ထိအင်္ဂလိပ်၊မြန်မာ၊ကရင်ဘာသာများဖြင့်ကမ္ဘာသို့အသံလွှင့်ခဲ့သည်။

စောဘဦးကြီးကျဆုံးပြီးနောက်(KGB)ကိုဖွဲ့စည်းခြင်း။

တာဝန်ခွဲဝင်ထားသည့်အတိုင်း၊ဗိုလ်ချုပ်ရောလေသည်၊ဌာနချုပ်ကိုဖါပွန်သို့ပြောင်းရွှေ့ရန်အတွက်(မော်ခီး)သို့တက်သွားခဲ့သည်။စကောလယ်တောလည်း၊ညောင်လေးပင်ခရိုင်သို့သွားပြီး၊မူးမြို့နယ်အတွင်းကျေးရွာများအခြေအနေကိုလှည့်လည်စစ်ဆေးခဲ့ပြီးနောက်၊ကျောက်ကြီးသို့သွားခဲ့သည်။နောက်ဆုံးတွင်ညောင်လေးပင်ခရိုင်၊ရွှေကျင်မြို့တွင်ခရိုင်အစည်းအဝေးကိုခေါ်ယူကျင်းပခဲ့သည် ။

ညောင်လေးပင်ခရိုင်အစည်းအဝေးကို၊၁၉၅၀-ခုနှစ်ဩဂုတ်လ(၈)ရက်နေ့တွင်စတင်ခဲ့သည်။ခရိုင်အတွင်းရှိကိုယ်စားလှယ်များညီညီညွတ်ညွတ်တက်ရောက်လာကြပြီး၊အစည်းအဝေးတွင်ညောင်လေးပင်ခရိုင်၊ကေအဲန်ယူအစည်းအရုံးကိုဖွဲ့စည်းခြင်းနှင့်ခေါင်းဆောင်များကိုချောမောစွာရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။

စောဘဦးကြီးနှင့်ဗိုလ်ချုပ်စိုင်းကေတို့သည်၊မော်လမြိုင်ဘက်သို့ဆက်သွားပြီး၊ကေအဲန်ယူအစည်းအရုံးပြန်လည်ဖွဲ့စည်းရန်နှင့်၊တော်လှန်ရေးလုပ်ငန်းများတိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်ရန်ဖြစ်သည်။မိုးအလွန်ရွာပြီးရေကြီးသောအချိန်ဖြစ်လေသည်။(တာကရယ်)သို့ရောက်သောအခါရွာလူကြီးများက၊ရေကြီး၍ဆက်လက်မသွားရန်တားမြစ်ကြသည်။သို့သော်ခေါင်းဆောင်နှစ်ဦးသည်အရေးကြီးသည်ဟုပြောပြီးဆက်လက်ထွက်ခွါသွားကြသည်။(ထိုကော့ကူး)ရွာသို့ရောက်သောအခါ၊ရွာသူကြီးကငင်းတို့အားတဲခိုရန်ရွာနားရှိလယ်တဲတတဲတွင်နေရာချပေးလေသည်။

ဩဂုတ်လ(၁၂)ရက်နေ့တွင်စလီဝေလင်းအချိန်တွင်နဘူးစခန်းတွင်ရှိသောရန်သူတပ်ဖွဲ့တက်လာပြီး၊ခေါင်းဆောင်များကိုဝိုင်းဝန်းပစ်ခတ်ပြီး၊လက်နက်ချခိုင်းသည်။ခေါင်းဆောင်နှစ်ဦးနှင့်အဖွဲ့ဝင်တို့သည်၊လက်နက်မချဘဲရဲရဲရင့်ရင့်ခုခံတိုက်ခိုက်သွားကြလေသည်။စောဘဦးကြီး၊ဗိုလ်ချုပ်စိုင်းကေတို့နှင့်အတူမည်သူများလိုက်ပါသွားသည်ကိုယနေ့ထက်တိုင်မည်သူမျှမသိကြပါ။

ရန်သူသည်စောဘဦးကြီးရုပ်အလောင်းကိုမော်လမြိုင်သို့ပို့လိုက်ပြီးမော်လမြိုင်မှတဆင့်သင်္ဘောနှင့်

(၄)နာရီခရီးရှိသောပင်လယ်ထဲသို့သွားပြီးအလောင်းကိုပစ်ချလိုက်သည်။ ရန်သူသည်ဗိုလ်ချုပ်စိုင်းကေကိုမသိသောကြောင့်သူ၏ရုပ်အလောင်းကိုအခြားရဲဘော်များနှင့်အတူချောင်းနက်နက်တခုကဲ့သို့ပစ်ချလိုက်သည်ဟုသိရသည်။

စောဘဦးကြီးဗိုလ်ချုပ်စိုင်းကေနှင့်အပေါင်းအပါတို့သည်အာဇာနည်ပီသစွာအသက်စွန့်သွားကြလေသည်။ ထို့ကြောင့်၁၉၅၁–ခုနှစ်ဧပြီလအတွင်းကျင်းပသော(KGB)အစည်းအဝေးတွင်ဩဂုတ်(၁၂)ရက်ကိုအာဇာနည်နေ့အဖြစ်သတ်မှတ်ရန်ဆုံးဖြတ်ချက်ချပြီးယနေ့ထက်တိုင်ဂုဏ်ပြုကျင်းပကြလေသည်။

ဩဂုတ်(၁၂)ရက်၊ရန်ကုန်မြို့မြန်မာ့အသံလွှင့်ဌာနကကြေငြာရာတွင်၊ၚင်းတို့စောဘဦးကို "ထိုကောကူး" တွင်အသေမိသည်ဟုတနေ့(၃)ကြိမ်အသံလွှင့်ကြေငြာခဲ့လေသည်။

ဤကဲ့သို့ရုတ်ချင်းဖြစ်သွားသောကိစ္စကို၊ကရင်တမျိုးသားလုံးသိပ်ပြီးမယုံချင်ကြပေ၊ငါးရက်မြောက်သောနေ့တွင်၊ဖါပွန်တွင်ရှိနေသောစောဘဦးကြီးဇနီးထံမှ၊စောဘဦးကြီးမရှိတော့ကြောင်းကြေးနန်းစာရရှိလေသည်။ ခေါင်းဆောင်ကြီးစောဘဦးကြီးမရှိတော့သည့်အတွက်၊သူ၏နေရာတွင်မည်သူအားရွေးချယ်မည့်အကြောင်းပါရှိသည်။

စောဘဦးကြီးနှင့်အတူဗိုလ်ချုပ်စိုင်းကေလိုက်ပါသွားသည်ကိုမည်သူမျှမသိသောကြောင့်၊ဗိုလ်ချုပ်စိုင်းကေအားဥက္ကဋ္ဌနေရာကိုခန့်အပ်ကြောင်းနေရာအနှံ့၊ကြေးနန်းပို့လိုက်လေသည်။ နောက်မှဗိုလ်ချုပ်စိုင်းကေလည်းကျဆုံးကြောင်း၊ကြေးနန်းရမှဥက္ကဋ္ဌသစ်အတွက်ပြန်လည်စဉ်းစားကြရတော့သည်။ ဥက္ကဋ္ဌနေရာတွင်သဘောထားပေးကြသည့်အနက်ဦးလှဖေနှင့်ရွှေဖူးညိုကိုအများဆုံးသဘောထားပေးကြသည်။

များမကြာမှီစောဘဦးကြီးဇနီးနှင့်ဗိုလ်ချုပ်မင်းမောင်တို့ကဥက္ကဋ္ဌသစ်တင်မြောက်ရန်အရေးပေါ်အစည်းအဝေးခေါ်ဆိုလိုက်သည်။ အစည်းအဝေးကို၁၉၅၀–ခုနှစ်စက်တဘာလ(၂၄)ရက်(မောခီး)(လယ်ယာလို)တွင်ခေါ်ဆိုလိုက်သည် ။

ၚင်းကိစ္စကိုဆွေးနွေးကြရာအားလုံးကဦးလှဖေအားဥက္ကဋ္ဌအဖြစ်တင်မြောက်ရန်သဘောတူကြလေသည်။ ဦးလှဖေပြန်မလာနိုင်မှသာ၊ရွှေဖူးညိုကိုဥက္ကဋ္ဌတင်မြောက်ရန်အားလုံးကသဘောတူသဖြင့်အစည်းအဝေးဆုံးဖြတ်ချက်ကိုဦးလှဖေထံသို့ပို့လိုက်ပြီးဥက္ကဋ္ဌနေရာလက်ခံမည့်အကြောင်းအနူးအညွတ်ပန်းကြားလိုက်လေသည်။

သို့သော်ဦးလှဖေသည်လည်းပအို့ဝ်တော်လှန်ရေးအတွက်အကူအညီပေးရန်ရှမ်းပြည်တွင်ရောက်နေသဖြင့်ပြန်မလာနိုင်ကြောင်းနှင့်ဝမ်းနဲကြောင်းကြေးနန်းပြန်ပို့သည်။

ထို့ကြောင့်အစည်းအဝေးဆုံးဖြတ်ချက်အရ၊ရွှေဖူးညိုသည်ဥက္ကဋ္ဌနေရာကိုလက်ခံရန်ဖါပွန်သို့တက်လှာားလေသည်။ ဖါပွန်သို့ရောက်သောအခါမြစ်ဝကျွန်းပေါ်တွင်ရှိသောသူ၏ညီကိုနှစ်ဝမ်းကွဲတော်သောစောဟံတာသာမွှေးကဥက္ကဋ္ဌနေရာကိုလက်ခံသည့်အတွက်ကျေးဇူးတင်ကြောင်းကြေးနန်းပို့လိုက်လေသည်။ သို့သော်ဟံထာသာမွှေး၏ကြေးနန်းတွင်ကရင်တော်လှန်ရေးတိုးတက်ရေးအတွက်ကေအဲန်ယူအစည်းအရုံးကိုကျေးဇူးပြုပြီးပြန်လည်တည်ဆောက်ရန်ရှိရာ၊ရွှေဖူးညိုကကေအဲန်ယူအစည်းအရုံးကိုပြန်လည်ထူထောင်မည်ဆိုလျှင်မိမိဥက္ကဋ္ဌရာထူးကိုဘယ်တော့မှလက်မခံဟု၊ဒေါ်ကြီး၊မောကြီးနှင့်ကြေးနန်းကိုပြန်ပို့လိုက်လေသည်။ ထို့နောက်သူသည်ဖါပွန်မြို့မှထွက်ခွါသွားပြီး(ဆာမူပယ်)တွင်ပြန်လည်နေထိုင်လေသည်။

(မောခီး)အစည်းအဝေးပြီး၍(၃)လကြာသွားသည်။ ဥက္ကဋ္ဌသစ်မရှိသေးသည့်အတွက်ဗိုလ်ချုပ်မင်းမောင်သည်အရေးပေါ်အစည်းအဝေးကိုတောင်ငူခရိုင်(စွာလို့)တွင်ကျင်းပရန်၁၉၅၁–ခုနှစ်ဇန္နဝါရီလ(၈)ရက်တွင်ချိန်းဆိုလိုက်လေသည်။ ချိန်းဆိုထားသည့်အတိုင်းကိုယ်စားလှယ်များ(စွားလို့)သို့အချိန်မှီရောက်သွားကြသည်။ တောင်ငူတပ်မဟာမှဗိုလ်ချုပ်မင်းမောင်၊ဦးစောလုံ၊ဖေါလ်ဖေါ၊ဘထူး။ ညောင်လေပင်တပ်မဟာမှဇူမော်လွီ၊ဗိုလ်ရဲ၊ဖောယယ်၊သထုံတပ်မဟာမှဖူးပွေးထောင်၊(၇၅)နှစ်။ တာကပေါ်တပ်မဟာမှပဒိုဦးတွတ်(ခေးပူးတွင်ဖျား၊(စွားလို)သို့မရောက်။ မြစ်ဝကျွန်းပေါ်တပ်မဟာမှစကောလယ်တော။ ဇန္နဝါရီလ(၈)ရက်နေ့သည်ကရင်အမျိုးသားနှစ်သက်ကူးနေ့ဖြစ်သဖြင့်အစည်းအဝေးကိုဇန္နဝါရီလ(၉)ရက်တွင်မှကျင်းပသည်။ အစည်းအဝေးမစမှီတောင်ငူတပ်မဟာမှကိုယ်စားလှယ်များက(ဦးစောလုံ)ကိုဥက္ကဋ္ဌတင်မြောက်ရန်ကြိုးစားကြသည်။ အစည်းအဝေးသဘာပတိအဖြစ်ဗိုလ်ချုပ်မင်းမောင်နှင့်မှတ်တမ်းမှူးအဖြစ်(ဗိုလ်ရဲ)တို့ကဆောင်ရွက်ပါသည်။

သဘာပတိကဤအစည်းအဝေးခေါ်ရခြင်းမှာဥက္ကဋ္ဌ

ရွေးချယ်ရန်ဖြစ်ကြောင်းပြောဆိုသည်။

ပထမအချက်

စောဘဦးကြီးမရှိတော့သည့်နောက်၊စောဘဦးကြီးကဲ့သို့ဦးဆောင်နိုင်မည့်သူခေါင်းဆောင်ပိုင်းတွင်မရှိသင့်အတွက်ဥက္ကဋ္ဌကိုယ်စားကော်မတီတဖွဲ့ဖွဲ့စည်းရန်။၎င်းကိစ္စနှင့်ပတ်သက်ပြီးအမြင်(၂)မျိုးရှိသည်။တမျိုးကတဦးဦးကိုရွေးချယ်ရန်၊နောက်တမျိုးကကော်မတီအဖွဲ့ရွေးချယ်ရန်ဖြစ်သည်။မဲခွဲသောအခါကော်မတီဖွဲ့စည်းပြီးဥက္ကဋ္ဌတာဝန်ကိုဆောင်ရွက်ရန်ကမဲအသာရလေသည်။

ဒုတိယအချက်

ဤကော်မတီအဖွဲ့ကိုမည်သို့အမည်ပေးမည်။၎င်း(**Kaw Thoo Lei Supreme Council**)အမည်ပေးရန်အဆိုပြုပြီး၊ဦးစောလုံကထောက်ခံသည်။အခြားအဆိုတခုမှာဗိုလ်မှူးစောသာဒါးအဆိုပြုပြီးစုမော်လွီထောက်ခံသော(**KGB) Kaw Thoo Lei government body**)တို့ဖြစ်သည်။အဆို(၂)ကိုမဲခွဲရာ(**KGB**)အမည်ပေးရန်အဆိုနိုင်သွားလေသည်။

တတိယအချက်

ကော်မတီအဖွဲ့တွင်သဘာပတိတဦးဦးရှိသင့်သည့်အတွက်(**KGB**)သဘာပတိကိုရွေးချယ်ရာအချို့ကအတူဆောင်ရွက်ရမည်ဖြစ်သဖြင့်သဘာပတိမလိုဟုတင်ပြပြီးအချို့ကသဘာပတိထားရန်အဆိုတင်ကြလေသည်။မဲခွဲရာသဘာပတိထားရန်၊မဲအများစုရသဖြင့်သဘာပတိကို၊ရွေးချယ်ကြသည်။သဘာပတိရွေးချယ်ရာတွင်တင်ပြလာသောပုဂ္ဂိုလ်(၃)ဦးမှာ(၁)ဦးစောလုံ(၂)ဦးလှဖေ(၃)ဂျေဖူးညိုတို့ဖြစ်သည်၊မဲခွဲသောအခါဦးလှဖေမဲများလေသည်၊

(မှတ်ချက်)

ဦးလှဖေပြန်လာရန်မလွယ်ကူခြင်းနှင့်ဂျေဖူးညိုလည်းတော်လှန်ရေးကိုဂရုမစိုက်သေးသော်လည်းကိုယ်စားလှယ်အများစုကအမည်တင်ပြလာသဖြင့်၊ထည့်သွင်းရွေးချယ်ရခြင်းဖြစ်သည်။တောင်ငူမှဦးစောလုံ၊သထုံမှဦးလှဖေ၊ညောင်လေးပင်မှဂျေဖူးညိုကိုအသီးသီးအမည်တင်သွားကြသည်။တွဲဖက်သဘာပတိရွေးချယ်ရန်၊ဦးစောလုံကလက်နက်တိုက်ပွဲကာလဖြစ်သဖြင့်စစ်သေနာပတိဖြစ်သူဗိုလ်ချုပ်မင်းမောင်အားတွဲဘက်သဘာပတိထားရန်၊တင်ပြရာမည်သူမျှမကန့်ကွက်သောကြောင့်အတည်ပြုလိုက်လေသည်။

တုတ္ထအချက်

KGBအဖွဲ့ဝင်များရွေးချယ်တင်မြှောက်ခြင်းစစ်ဒေသများသတ်မှတ်ခြင်းများကိုအောက်ပါအတိုင်းရွေးချယ်သတ်မှတ်လိုက်သည်။တောင်ငူစစ်ဒေသကိုဦးစောလုံ။ညောင်လေးပင်စစ်ဒေသကိုဆရာမာရှယ်ရွှေ၊တာကပေါစစ်ဒေသကိုဂျော်နီထူး။မော်လမြိုင်စစ်ဒေသကိုပဒိုလောရဲဖိုးကီး။မြစ်ဝကျွန်းပေါ်ကိုစကောလယ်တော။အသီးသီးရွေးချယ်ကြသည်။နောက်တွင်ကရင်နီစစ်ဒေသကိုပဒိုဂေးလ်ဘတ်ကြာရှူးကိုရွေးချယ်ပြီး၊မွန်အဖွဲ့ကနိုင်သိန်းမောင်ကိုရွေးချယ်လိုက်သည်။ဤအစည်းအဝေးတွင်တော်လှန်ရေးတိုးတက်ပြီးအောင်ပွဲခံနိုင်ရေးအတွက်ဆရာစကောလယ်တောကဆွေးနွေးရာစောဘကြီး၏အခြေခံမူ(၄)ချက်ကိုစွဲစွဲမြဲမြဲကိုင်စွဲပြီးဖါပွန်ကွန်ဖရက်မှစောဘဦးကြီး၏နောက်ဆုံးမိန့်ခွန်းအတိုင်းတိတိကျကျလိုက်နာဆောင်ရွက်ရန်၊အဆိုပြုရာကိုယ်စားလှယ်အားလုံးကညီညီညွတ်ညွတ်သဘောတူကြလေသည်။ဖူးပွေးထော် ကတော်လှန်ရေးတိုးတက်ပြီးအောင်ပွဲခံနိုင်ရေးအတွက်ညှောင့်(၃)ချောင်းကိုရှောင်ရန်၎င်းတို့မှာ။(၁)မူးယစ်ဆေးဝါး(၂)ငွေကြေး(၃)အမျိုးသမီးစသည်တို့ဖြစ်ပြီး၊၎င်းကိုညှောင့်နှင့်ဥပမာပေးပြီးရှင်းရှင်းလင်းလင်းဖေါ်ပြဆွေးနွေးရာကိုယ်စားလှယ်အားလုံးကလက်ခံကြပါသည်။အစည်းအဝေးမပြီးမီဦးလှဖေထံသို့ကြေးနန်းတစောင်ပို့လိုက်သည်။ကြေးနန်းစာမှာစည်းဝေးဆုံးဖြတ်ချက်အရသူ့အား(**KGB**)ဥက္ကဋ္ဌအဖြစ်တင်မြှောက်ထားပြီးဖြစ်သောကြောင့်ကျေးဇူးပြုပြီးလက်ခံရန်နှင့်(**KGB**)ဥက္ကဋ္ဌအဖြစ်တာဝန်များကိုပြန်လာပြီးထမ်းဆောင်ရန်ဖြစ်သည်။ကြေးနန်းမှာပိုမိုလေးနက်စေရေးအတွက်(**KGB**)ခေါင်းဆောင်အားလုံးကြေးနန်းတွင်လက်မှတ်ရေးထိုးထားလေသည်။အစည်းအဝေးမှာချောချောမောမောပြီးမြောက်သွားပြီးကိုယ်စားလှယ်များအားလုံးလည်းတော်လှန်ရေးအောင်နိုင်ရေးတွက်ယုံကြည်ချက်မျှော်လင့်ချက်အပြည့်အဝဖြင့်ဒေသအသီးသီးသို့ပြန်သွားကြလေသည်။ဖေဖေါ်ဝါရီလရောက်မှဦးလှဖေထံမှကြေးနန်းပြန်လာသည်။ကြေးနန်းအရရှေ့တန်းရောက်သောကြောင့်ကြေးနန်းကိုနောက်ကျပြီးရပါသည်။သူ့အားယုံကြည်ပြီး(**KGB**)သဘာပတိအဖြစ်တင်မြှောက်သည့်အတွက်၊ကရင်အမျိုးသားခေါင်းဆောင်အားလုံးကိုအထူးကျေးဇူးတင်ကြောင်း၊သို့သော်အဖက်ဖက်မှသူ၏အလုပ်များအလွန်အရေးကြီးသောကြောင့်၊ရွေးချယ်ခြင်းကိုလက်မခံနိုင်သည့်အတွက်၊အထူးဝမ်းနည်းကြောင်း၊ဗိုလ်ချုပ်မင်းမောင်မှာတွဲဘက်သဘာပတိဖြစ်သောကြောင့်သဘာပတိအဖြစ်တက်

ရောက်လုပ်ဆောင်ရန်ဗိုလ်ချုပ်မင်းမောင်နှင့်(KGB) ခေါင်းဆောင်အားလုံးတို့အားမေတ္တာပို့သလိုက်ကြောင်း ပါရှိလေသည်။

ဦးလှဖေ၏အမြင်သည်မှန်ကန်ပြီးသင့်မြတ်ပေသည်။ ဗိုလ်ချုပ်မင်းမောင်အနေဖြင့်သူသည်စစ်သားတယောက် သာဖြစ်ပြီးနိုင်ငံရေးနှင့်အဖွဲ့အစည်းလုပ်ငန်းအုပ်ချုပ် ရေးလုပ်ငန်းများကိုသူနားမလည်သဖြင့်သူမလုပ်တတ် ကြောင်း၊နောက်ဆုံးတွင်မြစ်ဝကျွန်းပေါ်ရှိဟံထာသာမွေး ထံသို့(KGB)သဘာပတိအဖြစ်ထမ်းဆောင်ရန်ကြေးနန်း ပို့လိုက်လေသည်။သူကြေးနန်းစာတွင်၎င်းလုပ်ငန်းသည် ခင်ဗျားတို့စတင်ခဲ့သည့်လုပ်ငန်းဖြစ်၍ခင်ဗျားတက်လာ ပြီးလုပ်ကြပါဟုပါရှိလေသည်။ဟံထာသာမွေးကဗိုလ်ချုပ် မင်းမောင်ကိုအောက်ပါအတိုင်းအကြောင်းပြန်လေသည်။ (KGB) သဘာပတိအဖြစ်မငြင်းပယ်လိုပါ ။သို့သော်မြစ် ဝကျွန်းပေါ်တွင်အစည်းအရုံးလုပ်ငန်းများဖြင့်လှုပ်ရှားနေရ သည်။ခင်ဗျားတို့လက်ခံလျှင်လုပ်ဖေါ်ကိုင်ဖက်ဆရာတော ယေ(စကောလယ်တော)ကအရှေ့တိုင်းမသွားခင်ကိုယ်စား လုပ်နိုင်ပါလိမ့်မည်။၎င်းအလုပ်ကိုလက်ခံပါသည်။ **(I do not refuse to act as KGB chainman but owing reorganization work in dela, if accept some of you will agree to workers Thra Taw Yaw (Skaw Ler Taw) to act on my behalf pending my arrival east)**ဗိုလ်ချုပ်မင်းမောင်ကဆရာစ ကောလယ်တောအားကြေးနန်းဖြင့်အရေးကြီးသဖြင့် စစ်ဦးစီးဌာနချုပ်သို့တက်ရောက်လာရန်မှာလိုက်လေသည်။ စကောလယ်တောလည်း(ပသီချောင်း)သံတောင်မြို့နယ်သို့ ၁၉၅၁–ခုနှစ်မတ်လ(၁၀)ရက်နေ့တက်သွားသည်။ဗိုလ်ချုပ် မင်းမောင်ကဟံထာသာမွေး၏ကြေးနန်းကိုပြပြီးအကျိုး အကြောင်းရှင်းပြလေသည်။ထို့နောက်စကောလယ်တော အားအလုပ်ကိုအမြန်ဆုံးအကောင်အထည်ဖေါ်ရန်တောင်း ပန်ပြောကြားလေသည်။အဘယ်ကြောင့်ဆိုသော်ဖါပွန်ရှိ ဌာနချုပ်တွင်အကြပ်အတည်းမြောက်များစွာရင်ဆိုင်နေရ သောကြောင့် ဖြစ်ပါသည်။

ဆရာစကောလည်းဟံထာသာမွေးထံအောက်ပါ အတိုင်းကြေးနန်းပို့လိုက်သည်။ "ကျနော်ကိုအရှုးမလုပ်ပါ နဲ့၊ကျနော်ဘာမှနားမလည်ပါ၊ခင်ဗျားကိုအားလုံးစောင့် ကြိုနေသည်၊ချက်ချင်းတက်လာပါ" ။ဟံထာသာမွေးကဆ ရာစကောအားအောက်ပါအတိုင်းအကြောင်းပြန်ပါသည်။ "ခင်ဗျားတို့လုပ်တတ်ကြောင်းကျနော်တို့ယုံကြည်သည်၊ လုပ်တတ်သလိုကြိုးစားပါ ။ကျနော်ခင်ဗျားနှင့်အတူရှိနေ သည်။"စောဘဦးကြီးကျဆုံးခဲ့သည်မှာ၁၉၅၁ခုနှစ်ဩ ဂုတ်လ(၁၂)ရက်နေ့ကဖြစ်သည်။(၇)လကျော်(၈)လထိ ရောက်ပြီးသော်လည်းသူနေရာတွင်အစားထိုးရန်ရွေးချယ် ၍မရသေးပါ။ကော်သူလေးမြို့တော်ကိုမောခီးမှဖါပွန်သို့ ပြောင်းရန်ဆုံးဖြတ်ချက်အတိုင်းအသီးသီးရောက်သွားကြ သည်။သို့သော်အခက်အခဲအမျိုးမျိုးတွေ့ကြုံကြရပြီး ခေါင်းဆောင်မည့်သူလိုအပ်နေသည်။လုပ်ငန်းများအမြန် ဆုံးစီစဉ်ဘို့လည်းလိုနေသည်။ရွေးချယ်ခဲ့ခြင်းများသည် လည်းအဆင်မပြေဖြစ်ခဲ့ရသည်ချည်းဖြစ်သည်။အစည်း အဝေးနောက်တကြိမ်ထပ်ခေါ်ပြန်ရင်လည်းအချိန်ကုန် မည်၊အဆင်မပြေဖြစ်အုံးမည်၊အမှန်တကယ်အရေးတကြီး လိုအပ်နေပြီးဖြစ်သောကြောင့် ဆရာစကောလယ်တော လည်းဖါပွန်မြို့သို့တက်သွားပြီးကရင်တော်လှန်ရေးရေ့ ဆောင်နိုင်ရေးအတွက်(KGB)လုပ်ငန်းများကိုစတင် ဆောင်ရွက်ရတော့သည်။

(KGB)ပထမဦးဆုံးအစည်းအဝေးကို၁၉၅၁–ခုနှစ် ဧပြီလ(၄)ရက်နေ့တွင်ဖါပွန်မြို့တွင်ခေါ်ယူခဲ့လေသည်။ အစည်းအဝေးတက်ရောက်လာသူများမှာ

(၁) စကောလယ်တော (သဘာပတိအရံ)

(၂) ပဒိုလောရေ (အတွင်းရေးမှူး)

(၃) ဆရာမာရှယ်ရွှေ (ညောင်လေးပင်)

(၄) ဖူးပွေးထော် (သထုံ)

(၅) ဗိုလ်မှူးကျော်နေထူး (တာကပေါတပ်မဟာ) တို့ဖြစ် သည် ။ KGBပထမဆုံးအစည်းအဝေး၏လမ်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁)ညီကိုမောင်နှမကဲ့သို့ချစ်ရန်။

(၂) ပူးပေါင်းဆောင်ရွက်မှု။

(၃) ဖြောင့်မတ်မှု။

၁၉၅၃–ခုနှစ်နိုဝင်ဘာလတွင်ကျင်းပသောဖါပွန် ကွန်ကရက်က၊ကရင်တော်လှန်ရေးအောင်ပွဲခံနိုင်ရန် (KGB)ကိုရုပ်စဲဖျက်သိမ်းလိုက်ပြီးကော်သူလေးအစိုးရ အုပ်ချုပ်ရေးချလိုက်လေသည်။ (ဆရာစကောလယ်တော)

" ကွယ်လွန်သွားပြီးဖြစ်သောဆရာကြီးစကောလယ် တောအားအမှတ်ရလျက်၊သူ၏ " ကရင့်တော်လှန်ရေး သမိုင်းမှတ်စု" မှအရေးပါသည့်အခန်းတခန်းကိုစာ ဖတ်သူများလေ့လာသိရှိရာတင်ပြလိုက်ခြင်းဖြစ် ပါသည်" ။

(အယ်ဒီတာ)

“တမျိုးသားလုံးပေါင်းစည်း၍ကရင်သမိုင်းဖေါ်ထုတ်ကြပါစို့”

(ဤအခန်းကဏ္ဍတွင်မည်သူမဆိုပါဝင်ဆွေးနွေးနိုင်ပါသည်။)

သမိုင်းမရှိတဲ့လူမျိုးဟာ အနာဂတ်အတွက် အာမခံချက်မရှိဘူး။ မိမိလူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု သမိုင်းကြောင်းကို သိရှိမှသာ မိမိလူမှုဘဝ တိုးတက် သစ်လွင်မှုအတွက် စီမံနိုင်မှာ ဖြစ်ပါတယ် ခင်ဗျား။ကျနော်တို့ ကရင်တွေဟာ ဒီတိုင်းပြည်မှာ ဒုတိယ လူဦးရေ အများဆုံး လူမျိုးဖြစ်တယ်။ ကရင့်ဘဝ လွတ်မြောက်ရေး မြတ်တရားတဲ့ လက်နက်ကိုင် တော်လှန်စစ်ကို နှစ်ပေါင်း (၄၀)ကျော် ရဲရဲတောက် တိုက်ပွဲဝင်ခဲ့တယ်။မိမိယုံကြည်ချက်အတွက်ဆက်လက်တိုက်ပွဲဝင်လျက်ရှိတယ်။ကရင်ပြည်နဲ့ ကရင်ဘဝလွတ်မြောက်ရေး အတွက် ကရင်မျိုးချစ် စစ်သည် အာဇာနည် အထောင် အသောင်းဟာ အမွန်မြတ်ဆုံး စွန့်လွှတ်ခြင်းမျိုးတွေ စွန့်လွှတ်ပြီး တိုက်ပွဲဝင်နေတယ်။ ကရင့်သမိုင်း သူရဲကောင်း ပီသတဲ့ လူမျိုး ဖြစ်ကြောင်း ကဗျည်းထိုးနေ ကြတယ်။ သမိုင်းရေးနေကြတယ်။သွေး၊ချွေးတွေနဲ့ ကဗျည်းထိုးနေတယ်။ ဒီတော်လှန်စစ်အနှစ် (၄၀)ကျော်အတွင်း ပြောင်မြောက်တဲ့၊ ကြီးမားတဲ့ စစ်ဆင်ရေးတွေ၊ တိုက်ပွဲတွေ တိုက်ခဲ့ကြတယ်။ သို့သော် ကဗျည်း ကျောက်စာ သမိုင်းမကျန်ခဲ့ဘူး။ ဆယ်စုနှစ် တခု၊ နှစ်ခုဆိုရင် ပျောက်ကွယ်သွားမှာ ဖြစ်မယ်။ဒီတော့ သမိုင်း အကိုးအကား အထောက်အထား ခိုင်ခိုင်လုံလုံ ရှိဘို့လိုအပ်ပါတယ်။ ကျနော်တို့ ကရင်တမျိုးသားလုံးကို ဒီဆောင်းပါးနဲ့ အမျိုးသားရေး အခန်းကို ဝိုင်းဝန်း ဆွေးနွေးကြပါလို့ ပန်ကြားလပါတယခငဗျား။

၁။ ကရင်လူမျိုးတွေနဲ့ ဇစ်မြစ် (လူ့အနွယ်)။

၂။ကရင်တွေဘယ်ကဆင်းလာလဲလို့ ဘယ်တုံးကဒီတိုင်းပြည်ကို ရောက်ကြသလဲ၊ ထီးဆဲ့မဲ့ယွားဟာ ဘာလဲ။

၃။ ကရင်စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဂီတ၊ ကဗျာတွေဟာ ဘာလဲ။

၄။ကရင်ဆိုတဲ့ ကျနော်တို့လူမျိုးကိုဘယ်တုံးကစခေါ်သလဲ။

၅။ ပျူ ကမ်းယံဟာ ကရင်လား။

၆။ ကရင်မင်းတွေ ရှိခဲ့သလား။

၇။ ကိုလိုနီခေတ် လွတ်လပ်ရေးခေတ် အမျိုးသား လွတ်မြောက်ရေး ကာလ မျိုးချစ် ကရင့် ခေါင်းဆောင်တွေ ဘယ်လောက် ရှိသလဲ၊ ဘယ်သူတွေလဲ။

၈။သူရဲကောင်းပီသပြီးရဲရင့် ပြောင်မြောက်တဲ့ကရင်တော်လှန်စစ်ပွဲများ အတွင်း တပ်မှူးကြီး ၊လတ်၊ ငယ်၊ ရဲဘော်တွေ ဘယ်သူလဲ၊ ဘယ်တိုလ်ပွဲတွေမှာ တိုက်ခဲ့ သလဲ စတဲ့ လဲပေါင်းများစွာကိုကရင်တိုင်းသိရှိဘို့လိုပါတယ်။ ကရင့်သမိုင်းတိကျခိုင်လုံစွာ ပေါ်ပေါက်လာရေး ကဗျည်း ကျောက်စာတင်ရေးဆိုတာ ကရင် မျိုးနွယ်စုမရွေး၊ ဘာသာမရွေး ကရင်တိုင်းမှာ တာဝန်ရှိပါတယ်။တမျိုးသားလုံးရဲ့ အကျိုးစီးပွါး အသက်အိုးအိမ် စည်းအိမ် ဘာဝတိုးတက်မှုကို ကာကွယ်နေတဲ့ ကရင့်လက်နက်ကိုင် တော်လှန်တိုက်ပွဲဝင် နေသူတွေပင်မက–

–အလွှာအသီးသီးရှိ ကရင်များ၊

–ဘာသာအသီးသီးရှိကရင်များ၊

–နိုင်ငံတကာ ရောက်ရှိနေသော ကရင်များတွင် (အထူး တာဝန်)ရှိကြပါတယ်။

ကရင်ဆိုတာက ဘယ်နေရာဘဲရှိရှိ၊ ဘယ်ဘဲရောက်ရောက်၊ ကရင်ဟာ ကရင်ဘဲဖြစ်ပါတယ်။ ဘယ်သူက ဘာဘဲလုပ်လုပ်၊ ဘာဘဲပြောပြော ရှောင်ပြေး ပုံးကွယ်လို့မရပါဘူး။ဥပမာ –

–ကရင်အို ချောင်းကြိုချောင်းကြား၊

–သစ်ငုတ်လဲဆွေး ကရင်လဲပြေး၊

–ကရင်ကြီးရင် စော်ကဲ၊

–ကရင်ဆို အစိတ်သားကောင်တောင် မထားနဲ့၊

–ကရင်ငပွေး၊

–ကရင်တွေ တိုင်းပြည်မအုပ်ချုပ်တတ်ဘူး၊

–ကရင်တွေ တိုင်းပြည်နဲ့မတန်ဘူး စတဲ့ အသုံးအနှုန်းတွေဟာ ဘယ်အထိ အဓိပ္ပါယ် သက်ရောက်သလဲဆိုတာ ကရင်တိုင်းလေးလေးနက်နက်စဉ်းစားဘို့လိုပါတယ်ခင်ဗျား။အာဇာနည်ခေါင်းဆောင်ကြီး ဥက္ကဋ္ဌကြီး စောဘဦးကြီးက ပြောတယ်၊ “ဒီစစ်ဟာ အစနဲ့အဆုံးဖြစ်တယ် ” အကယ်၍ ကရင်တမျိုးသားလုံး ညံ့ဖျင်းလို့ ဒီနေ့ကျနော်တို့ တိုက်နေတဲ့ အမျိုးသားလွတ်မြောက်ရေး စစ်ပွဲမှာ ရှုံးသွားခဲ့သော် ကရင့်ဘဝဟာ ခန်းမှန်းမရဲ လောက်အောင် ကြောက်စရာကောင်း လိမ့်မယ်။ ဘီအိုင် အေခေတ်က ကရင်တွေ အသတ်ခံရတဲ့ ပုံစံထက် အဆတရာ ပိုဆိုးတဲ့ ပုံစံများနဲ့ အနှိပ်စက်ခံရ လိမ့်မယ်။ကရင်မျိုးပြုတ်သွားလိမ့်မည် ဆိုတာ တမျိုးသားလုံး အသဲထဲမှာ စဉ်းစားရမဲ့ ပြဿနာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး မန်းဘဇန်က “တိုင်းပြည်မရှိဘဲ အသက်ရှင်နေတာ ဘာအဓိပ္ပါယ်မှမရှိဘူး” တဲ့ ဗိုလ်ချုပ်ကြီးမြကျ “တိုင်းပြည်မရှိတဲ့လူမျိုးဟာကျွန်ဘဲ” တဲ့ ဒီခေါင်းဆောင်ကြီးတွေရဲ့ သြဝါဒဟာ ဘာကို ဖေါ်ပြသလဲ၊ ဘာအဓိပ္ပါယ် ဆောင်သလဲ ဆိုတော့–

-"ကိုယ့်တိုင်း ကိုယ့်ပြည်နဲ့ နေခဲ့တဲ့ လူမျိုးဟာ တိုင်းပြည် ရအောင် ပြန်တိုက်ယူကြ"တဲ့၊

-"ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ ဂုဏ်သိက္ခာရှိရှိ နေတဲ့ လူမျိုးအဖြစ် အသက်ရှင်ကြ"တဲ့၊

-"ငွေဝယ်ကျွန်တွေအဖြစ်သူတပါး တိုင်းပြည်မှာဂုဏ်သိက္ခာ မဲ့စွာ အသက်ရှင်မရပ်တည်ကြနဲ့"

-"သမိုင်းစဉ် တလျှောက်လုံး ပဒေသရာဇ် ကေရာဇ်တွေနဲ့ မျိုးဖြုတ် သုတ်သင်ရေး သွေးအေး စစ်ဆင်ရေး တွေကြောင့် မျိုးပြုတ်လုခမန်း ရှိနေကြတဲ့ ဘဝကို မေ့မနေပါနဲ့"ဆိုတဲ့ သတိပေး ပြောကြားချက် ဩဝါဒတွေကို အစဉ်ဦးထိပ်ပန်ဆင် ထားကြရမယ်။အမျိုးသား သမိုင်းဖော်ထုတ်ရေး အမျိုးသား လွတ်မြောက်ရေးဆိုတာ တဦးတယောက်ထဲ လုပ်လို့ရတဲ့ အလုပ်မဟုတ်ဘူး တမျိုးသားလုံး အတိုင်းအတာနဲ့ လုပ်ရတဲ့ အလုပ် ဖြစ်ပါတယ်။ နှစ်ပေါင်း (၄၀)ကျော် အတွင်း ကေအဲန်ယူ ကရင်အမျိုးသား အစည်းအရုံးဟာ ကရင့်အမျိုးသား လွတ်မြောက်ရေးနှင့် ကရင့် အမျိုးသားများ တည်တန့်ရေးအတွက် အစွမ်းကုန် ကြိုးစားလုပ်ဆောင် နေပါတယ်။ ထို့အတူ အလျှာအသီးသီးနဲ့ ကျန်အဖွဲ့တိုင်းက ကရင်တိုင်း တိကျမှန်ကန်တဲ့ ကရင့်သမိုင်း ဖော်ထုတ်ရေးမှာ တာဝန်ရှိပါတယ်။မန်းအောင်ဋ္ဌေး ခေါင်းဆောင်တဲ့ လွတ်လပ်သော ကရင်သမိုင်း သုတေသနဌာနဟာ ကရင်သမိုင်း၏ တောင်းဆိုမှုကြောင့် ပေါ်ထွက်လာပြီး ဖြစ်ပါတယ်။ ဝမ်းမြောက် ဂုဏ်ယူပါတယ်။ ထိုအဖွဲ့အပါအဝင် ကရင် အမျိုးသားအားလုံးမှ သမိုင်းပညာရှင်များ၊ကျောက်စာပညာရှင်များ၊ပိဋကတိုက်၊စာကြည့်တိုက် ပညာရှင်များ၊ စာရေးဟောင်းစာမူ ပညာရှင်များ၊ သမိုင်းသုတေသီများ သမိုင်းသုတေသန ဌာနမှူးများအဖွဲ့ ကျယ်ပြန့်သော ကရင့်အမျိုးသား သမိုင်းသုတေသန အဖွဲ့တခု ရှိနေရမည် ဖြစ်ပါတယ်။ထိုသမိုင်း သုတေသနဌာနကြီး ပေါ်ထွက်လာဖို့ (ကရင်တော်လှန်ရေးအောင်မှ) ဆိုတဲ့ အထိ စောင့်နေဖို့ အချိန်မရှိပါဘူး။ စီမံကိန်းရှိရှိ အကောင်အထည် ဖော်ထုတ် လုပ်ဆောင်မယ် ဆိုရင် ဖြစ်ပါတယ်။ဘာဘဲလုပ်လုပ် ငွေရှိမှ ဖြစ်တယ်လို့ စောဒကတက်ကြလိမ့်မယ်။ ဟုတ်ပါတယ် လုံးဝ မှန်ပါတယ်။ ဥပမာ ရုံပုံငွေ ရှာဖွေရေးဌာနဖွဲ့ပြီး စနစ်တကျ လုပ်ရင်ဖြစ်မှာပါ။ အမျိုးသားရေး တာဝန်ဖြစ်တော့ လူတိုင်း ပါဝင်မှာပါ။ကရင်(၇)သန်းတစ်ယောက်တကျပ်ဘဲ ထည့်ပါ။ သမိုင်းသုတေသန ဌာနအတွက်(၇)သန်းရမှာပါ။ ဒါအနိမ့်ဆုံး အဆင့်က ပြောတာပါ ကရင်စီးပွါးရေး လုပ်ငန်းရှင်တွေ နိုင်ငံတကာရောက်ကရင်များနှင့်ဆွေးနွေးပူးပေါင်းလုပ်ဆောင်ရေး အကောင်အထည် ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ပြည်တွင်းနှင့် နိုင်ငံတကာစာကြည့်တိုက်တွေမှာကရင်နဲ့ပတ်သက်တဲ့စာအုပ်စာတမ်း သတင်းစာ မှတ်စု မှတ်တမ်းတွေ ကုဋေကုဋာ ရှိပါတယ်။ ဒီကရင်သမိုင်းတွေ ရနိုင်တယ်။ ထိုင်း၊လာအို၊ ဗီယက်နမ် တရုပ် စတဲ့ကရင်တွေ ဆင်းသက်လာပါတယ် ဆိုတဲ့ (ထီးဆဲ့မဲ့ယွား)ဒေသတွေကိုသုတေသနအဖွဲ့တွေစေလွှတ်ပြီး ရယူနိုင်ပါတယ်။ ဒီလို သမိုင်းပီပြင်တဲ့ လူမျိုးဖြစ်လာမှ အမျိုးသားရေး အသိ အမျိုးသားရေး စိတ်ဓါတ်တွေ တင်းပြည့်ကျပ်ပြည့် ရရှိလာမှာ ဖြစ်သည်။ ကျနော်တို့ သိပ်ဝမ်းနည်းစရာ ကောင်းနေပါတယ်။ ကရင့်တော်လှန်ရေးဟာ နှစ်ပေါင်း (၄၀) ကျော်ခဲ့ပါပြီ။ ပီပြင်တဲ့တော်လှန်ရေး သမိုင်းသုတေသန၊ စာကြည့်တိုက် ဘာတခုမှမရှိပါဘူး။ အာဇာနည် ခေါင်းဆောင်ကြီး စောဘဦးကြီး ရဲ့သမိုင်းဟာ ဘာလဲ၊ ဗိုလ်ချုပ်ကြီးစိုင်းကေစတဲ့စတဲ့ အုပ်ချုပ်ရေးနဲ့ စစ်ဖက်က တောက်ပြောင်တဲ့ သူ့ရဲကောင်းတွေ သမိုင်း ဘယ်သူမှ မပြုစုဘူး။ မတတ်ကြလို့ လား၊ မဟုတ်ဘူး။ငွေမရှိလို့ လားမဟုတ်ဘူး။ဘာကြောင့်မလုပ်သေးတာလဲ (၁၉၈၈)ခုနှစ်မှ သန့်စင်စွာ ဖွါးမြင်လာတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦးက ရဲဘော်ခင်သန်းဦးစီးတဲ့သုတေသနဌာနဟာကျနော်တို့ အတွက် နမူနာပါဘဲ။ (၅)နှစ်သာ ရှိသေးတဲ့ သုတေသန ဌာနဟာ (ABSDF)ငွေနှစ်သိန်းအကုန်ခန်းခံပြီးလုပ်နေတာတော်တော် စုံနေပြီ ဖြစ်ပါတယ်။ အစည်းအဝေးတိုင်းရဲ့ မှတ်တမ်း ဓါတ်ပုံ ပြည်တွင်းပြည်ပ ရန်သူ့သတင်း တိတ်ခွေများ နိုင်ငံရေး စီးပွါးရေး စစ်ရေး လူမှုရေး ဖိုင်တွဲ ကွန်ပြူတာ လေးငါးလုံး စာကူးစက်ကြီး မျိုးစုံလို့ တော်လှန်တဲ့ ညီကိုယ်တော်များ အတွင်း နှီးနှော ထိုက်တာတွေကို နှီးနှောပြီး ဝေဖန်စရာ ရှိတာတွေကို ဝေဖန်နမူနာယူစရာရှိတာယူရမှာဖြစ်ပါတယ်။ကျနော်တို့ ကရင်ဟာ သမိုင်းအစဉ်လာ ကြီးမားခဲ့တဲ့ လူမျိုးကြီး တမျိုး ဖြစ်ပါတယ်။ မြန်မာပြည်၊ ထိုင်းပြည်၊ တရုပ်ပြည်၊ လာအိုပြည်တွင်းမှာ ရောက်ရှိ နေထိုင်ကြတဲ့ လူမျိုးဖြစ်ပါတယ်။ ပဒေသရာဇ် စနစ်မှာ တိုင်းပြည်တိုင်းရှိ လူမျိုးငယ် တွေကို ဝါးမျို ဖျောက်ဖျက်ကြတယ်။ လုံးဝ မပျောက်ကွယ် နိုင်ဘူး။ ဒါကြောင့်-တရုပ်ပြည်၊ထိုင်းပြည်၊လောပြည်တွေကိုစေလွှတ်ပြီးလေ့လာ-နိုင်ငံတကာ စာကြည့်တိုက်တွေကို စေလွှတ် စာအုပ် စာတမ်းတွေစု ကရင်သမိုင်း သုတေသနဌာန အခုက စနစ် တကျစတင် လုပ်ဆောင်လျှင် တိကျခိုင်မာတဲ့ သမိုင်းရရှိလာမယ။

-သမိုင်းအခိုင်အမာရှိတဲ့ လူမျိုးဖြစ်တဲ့

-သမိုင်းရှိရင် အနာဂတ် ကရင်ပြည်နဲ့ ကရင်ဘဝဟာ အာမခံချက်အပြည့်ရှိနေမှာဖြစ်တယ်။

ဒါကြောင့် -

-ထီးဆဲ့မဲ့ယွားဟာ ဘယ်မှာရှိသလဲ

-တနာထူးစောဘုရင်ဟာဘယ်သူလဲ၊ဘယ်နှစ်ခုနှစ်ကဘယ်မှာ

ဘုရင်ဖြစ်ခဲ့သလဲ
-မှုယယ်ဖဲဟာ ဘယ်ဘုရင်မလဲ
-ထောမဲ့ပါဟာ ဘယ်တုန်းက ဘယ်လို ကရင်တွေ ခေါ်ခဲ့သလဲ
-ကရင်တွေ ဘယ်က လူ စဖြစ်ပြီး ဒီကိုဘယ်လို ရောက်လာကြသလဲ
-ကရင်စာပေ (လီဆောဝဲ့) (ကြက်ယက်စာ) ဘယ်ကစပေါ်သလ
-ကရင်ဖါးစည် ကရင်ဒုံးယိမ်း အိုးစုံလို့ စုံလို့

ကရင်ဖြစ်ပြီး ကရင်အကြောင်းမသိရင် ကရင်ဖြစ်ရကျိုး မနပ်ဘူး။ ဒါကြောင့် -

-အလွှာ အသီးသီးက,ကရင်များ
-ဘာသာ အသီးသီးက ကရင်များ
-ဘဝ အသီးသီးက ကရင်များ
-တိုင်းပြည် အသီးသီး ရောက်နေကြတဲ့ ကရင်များ
-ညီညီညွတ်ညွတ် စုစုစည်းစည်း အမျိုးသားရေး အသိရှိတဲ့
-ငွေအား လူအား ဦးဆောင်မှု စာအုပ်စာပေများ တွေနဲ့ ကရင် သမိုင်းကို ဒီနေ့ကစပြီး ပြုစုပျိုးထောင် အကောင်အထည် ဖေါ်ထုတ်ကြပါလို့ အနူးအညွှတ် မေတ္တာရပ်ခံ အပ်ပါတယ် ခင်ဗျား။

ဂုဏ်ရောင်ပြောင်တဲ့ ကရင်ဖြစ်လိုသော

ဖူးကီးဒို
၁/၈/၉၃

စာမျက်နှာ(၁၀)မှ

တောင်ပိုင်းသို့ပြောင်းရွှေ့လာခဲ့ရာမြန်မာပြည်တွင်းသို့ ဘီစီ(၇၃၉)တွင်ရောက်လာလေသည်။ တရုပ်ဘုရင် " ပင်ဝိုင် " ပြီးနောက်၊နန်တက်သောဘုရင် " ဟွမ်ဝိုင် " လက်ထက်ပြည်ထောင်အချင်းချင်းစစ်ပြုတိုက်ခိုက်ကြ၍တရုပ်ပြည်တွင်သွေးချောင်းစီးခဲ့လေသည်။

စာမျက်နှာ(၂၃)မှ

နှင့်အတူဖိုလ်ချုပ်၏ဇနီးနှင့်မွေးစားသားသမီး(၂) ဦးပါခေါ်သွားသည်။အလောင်းကိုဘယ်နေရာပို့မည် မသိရဘဲစောဘဦးကြီးအလောင်းကဲ့သို့သင်္ဘောပေါ် တင်ပြီးမော်လမြိုင်နှင့်(၄)နာရီဝေးသောနေရာ၌ ရေထဲပြစ်ချသည်ဟုထင်ရသည်။ဗိုလ်ချုပ်၏ဇနီး နှင့်သားသမီးများကိုမော်လမြိုင်တွင်ခေတ္တထားပြီး တောင်ငူသို့ပို့သည်။ဗိုလ်ချုပ်မင်းမောင်သည်ရိုးသား သည်၊စိတ်နိမ့်ချသည်၊စာနာမှုရှိသည်၊စိတ်ရှည် သည်စေတနာသန့်ရှင်းဖြူစင်သည်၊အပြောသမားမ ဟုတ်၊အလုပ်သမားဖြစ်သည်။ပြောသည်အတိုင်း လုပ်သည်၊သစ္စာရှိသည်။နောက်ဆုံးတွင်တပ်ရင်းမှူး ဘဝ၌တော်လှန်ရေးအလုပ်ကိုအဆုံးတိုင်းလုပ်ရမည် ဟုသောသူ၏တပ်ရင်းမှူးများအားပြောပြသကဲ့သို့ အမျိုးသားအပေါ်သစ္စာရှိရှိတော်လှန်ရေးအပေါ် သစ္စာရှိရှိအဖိနှိပ်ခံပြည်သူတရပ်လုံးအပေါ်သစ္စာရှိရှိ နဲ့ အာဇာနည်သူရဲကောင်းပီပီဂုဏ်ရောင်ပြောင်စွာ အသက်ပေးလှူသွားတော့သည်။

သုတေသီတဦး
(သန္နးထူးဂျာနယ်)

စာမျက်နှာ(၁၉)မှ

နှင့်သခ်ိဏ်းစာများအပြည့်အဝရရှိနိုင်မည်မှာသံသယ ရှိစရာမလိုပါ။ထိုမှထဆင့်အနာဂတ်အမျိုးသားတော် လှန်ရေးအတွက်တာဝန်ယူထမ်းဆောင်ကြမည့်ကရင် လူငယ်များအတွက်၊သူ့ဘဝနှင့်သူ့စွမ်းဆောင်ချက်များ သည်လမ်းညွှန်သဖွယ်မှတ်ယူနိုင်စေရန်၊ရည်ရွယ်၍ အ ခန်းဆက်ဖေါ်ပြလိုက်ရခြင်းဖြစ်ပါသည်။

အယ်ဒီတာ
ကရင်သမိုင်းသုတေသနအဖွဲ့

မန်းဘဇန်နှင့် "ကရင်တော်လှန်ရေး"

(ဖူးကီးဒို)

အခန်း(၁) အပိုဒ်(၁)

ဥက္ကဋ္ဌကြီးမန်းဘဇန်၏ကလေးဘဝ



ခနေဖြူမြို့သည်ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊မအူပင်ခရိုင်အတွင်းရှိမြို့ပိုင်ရုံးစိုက်ရာမြို့နယ်တမြို့ဖြစ်သည်။၎င်းသည်ရန်ကုန်မြို့၏အနောက်ဘက်မိုင်တရာကျော်ကွာဝေးသောအရပ်တွင် တည်ရှိ သည်။ ၎င်းမြို့သည်မြန်မာဘုရင်များကြီးစိုးခဲ့သည့် အချိန်မှစ၍ တည်ရှိလာခဲ့သော မြို့ဖြစ်သည်။လူဦးရေတသိန်းနီးပါးရှိသောမြို့ဖြစ်သည်။ မြို့သူမြို့သားအများစုမှာ ဗမာလူမျိုးများဖြစ်သည်။

၎င်းမြို့တွင်ဥက္ကဋ္ဌကြီးမန်းဘဇန်အိမ်ထောင်စုအပါအဝင်ကရင်အိမ်ထောင်စု(၅)စုမျှရှိသည်။၎င်းမြို့တွင် နေထိုင်လုပ်ကိုင်စားသောက်သူများမှာတချို့မှာမြန်မာတပြည်လုံးသို့ဖြန့်ဖြူးသောသင်ဖြူးဖျာလုပ်ငန်း၊တချို့မှာပြည်တွင်းပြည်ပတွင်နာမည်ကျော်ကြားသောဆေးပြင်းလိပ်ထုတ်လုပ်သည့်လုပ်ငန်းကိုလုပ်ကိုင်ကြသည်။

၎င်းမြို့တွင်မြောက်ပိုင်းနှင့်တောင်ပိုင်းဟူ၍ရပ်ကွက်(၂)ခုရှိသည်။တောင်ပိုင်းသည်ဈေးပိုင်းရပ်ကွက်ဖြစ်ပြီးမြောက်ပိုင်းသည်မြို့ပိုင်ရုံး၊ရဲဌာန၊ဆေးရုံနှင့်စာသင်ကျောင်းများလည်းရှိရာအမှုထမ်းများရပ်ကွက်ဖြစ်သည်။

၎င်းမြို့သည်မြန်မာသမိုင်းဝင်မြို့တမြို့ဖြစ်သည်။ (၁၈၅၃)ခုနှစ်ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲကိုအဆုံးအဖြတ်ပေးခဲ့သောစစ်ပွဲကြီးသည် ဤမြို့တွင်ဖြစ်ပေါ်ခဲ့သည်။နာမည်ကျော်ကြားသောစစ်သူကြီးမဟာဗန္ဓုလဦးစီးသည့်မြန်မာတပ်များနှင့်ဗြိတိသျှနယ်ချဲ့ကျူးကျော်ရေးတပ်များအကြားကြီးမားပြင်းထန်သောတိုက်ပွဲကြီးဖြစ်ပွါးခဲ့သည်။

ယင်းတိုက်ပွဲတွင်ဗြိတိသျှတို့မှပစ်လိုက်သောစိန်ပြောင်းကျည်တလုံးသည်စစ်သူကြီးမဟာဗန္ဓုလအနီးတွင်ပေါက်ကွဲပြီးယင်းဒဏ်ရာဖြစ်ပင်မဟာဗန္ဓုလကျဆုံးသွားသည်။ ၎င်းကျဆုံးမှုကြောင့်မြန်မာတပ်များဖရိုဖရဲဖြစ်ပြီးနောက်ဆုံးတစတစမြန်မာဖက်မှအရှုံးပေးလိုက်ရသည်။

ထိုသို့အရှုံးပေးလိုက်ရခြင်းကြောင့်ဗြိတိသျှတို့သည်ဧရာဝတီတိုင်းနှင့်ပဲခူးတိုင်းတို့ကိုသိမ်းယူအုပ်ချုပ်ခွင့်ရရှိခဲ့သည်။၎င်းမြို့တွင်ကိုလိုနီခေတ်မြန်မာနိုင်ငံရေးလောကတွင် နာမည်ကျော်ကြားသောနိုင်ငံရေးခေါင်းဆောင်တဦးဖြစ်သည့်ဒေါက်တာဘမော်မွေးဖွားရာမြို့လည်းဖြစ်သည်။ဥက္ကဋ္ဌကြီးမန်းဘဇန်အားခနေဖြူမြို့တောင်ပိုင်းရပ်ကွက်တွင်(၁၉၁၆)ခုနှစ်ဖေဖော်ဝါရီလ(၁၀)ရက်(၁၂၇၇)ခုနှစ်တပို့တွဲလဆန်း(၆)ရက်နေ့တွင်မွေးဖွါးသည်။

မိဘနှစ်ပါးမှာပိုးကရင်မျိုးနွယ်စုဝင်အဘမန်း

စိန်ပွင့်နှင့်အမိဒေါ်ချောတို့ဖြစ်သည်။မန်းစိန်ပွင့်သည်ခရစ်ယာန်ဘာသာဝင်ခေတ်ပညာတတ်တဦးဖြစ်သည်။ဟသံတမြို့ရှိ အင်္ဂလိပ်မြန်မာနှစ်ဘာသာသင် ပေးသော ကရင် အမျိုးသား အ ထက်တန်းကျောင်းတွင်(၁၀)တန်းအောင်မြင်ခဲ့သည်။ ၎င်းနောက်ရန်ကုန်မြို့ရှိနှစ်ခြင်းခရစ်ယာန်ဆရာဖြစ်ကောလိပ်ကျောင်း (BuptistTeacher College) မှ ဆရာဖြစ်သင် အောင်လက်မှတ်ရရှိသည်။ယင်းဆရာအတတ်သင်ကောလိပ်ကျောင်းအောင်မြင်ပြီးနောက်ဓနုဖြူမြို့ရှိ အမေရိကန်နှစ်ခြင်းသာသနာပြုအလယ်တန်းကျောင်း (A.B.M american- Baptist- Mission) တွင် အလယ်တန်းပြဆရာဖြစ်အမှုထမ်းသည်။မန်းစိန်ပွင့်၏ဆွေမျိုးများမှာခရစ်ယာဘာသာဝင်များဖြစ်သည်။

အမိဒေါ်ချောသည်ဓနုဖြူမြို့အပိုင်၊ညောင်ချောင်းရွာသူဖြစ်သည်။မြေယာများပိုင်ဆိုင်ပြီးအချို့ကိုကိုယ်တိုင်လုပ်၍အချို့ကိုသီးစားချစားသော (မြေရှင်တပိုင်းလယ်သမားတပိုင်း)ချမ်းသာသော လယ်သမားတဦးဖြစ်သည်။၎င်းနှင့်၎င်း၏ဆွေမျိုးအားလုံးမှာဗုဒ္ဓဘာသာများဖြစ်သည်။ ဦးဣန္ဒြကြီးမန်းဘဇန်သည်မိဘနှစ်ပါးနှင့်ဆွေမျိုးများ၏ဗုဒ္ဓဘာသာနှင့်ခရစ်ယာန်ဘာသာများအကြားကြီးပြင်းလာခဲ့ရလင့်ကစားဘာသာရေးဂိုဏ်းဂဏ မရှိဘဲကြီးပြင်းလာသူဖြစ်သည်။

ဒေါ်ချောသည်စာအနည်းငယ်ရေးတတ်ဖတ်တတ်သည်။ညောင်ချောင်းရွာ၏ကွမ်းတောင်ကိုင်အပျိုချောလည်းဖြစ်ခဲ့သည်။မန်းစိန်ပွင့်နှင့်အိမ်ထောင်ပြုပြီးမန်းစိန်ပွင့်၏အသွင်တူအိမ်သူဖြစ်ရေးစည်းရုံးသိမ်းသွင်းမှုကြောင့် ခရစ်ယာန်ဘာသာဝင်ဖြစ်လာသည်။

ဦးဣန္ဒြကြီးမန်းဘဇန်မှာညီအကိုမောင်နှမ(၄)ဦးရှိသည်။အမအကြီးဆုံးမှာဂရေ့(စ်)စိန်ပွင့် (Grace)၊ဒုတိယအမကြီးမှာမာကရက်စိန်ပွင့်တို့ဖြစ်သည်။၎င်းတို့နှစ်ဦးစလုံး(၁၀)တန်းအောင်မြင်ကြပြီးရန်ကုန်ဆေးရုံကြီးတွင်သူနာပြုဆရာမကြီးများအဖြစ်အမှုထမ်းကြသည်။အငယ်ဆုံးညီမလေးမှာမဟသံသာဖြစ်ပြီးနှစ်နှစ်သမီးအရွယ်တွင်ကွယ်လွန်သွားသည်။

မဟသံသေဆုံးပြီးနောက်ကံဆိုးမိုးမှောင်ကျလာပါသည်။အကြောင်းမှာဦးဣန္ဒြကြီးမန်းဘဇန်အသက်(၄)နှစ်တွင်မိခင်ဒေါ်ချောသည်ပထမကမ္ဘာစစ်အပြီးကျရောက်လာသောတုတ်ကွေးကြီးရောဂါနှင့်ပင်ကွယ်လွန်သွားရှာသည်။

မိခင်ဒေါ်ချောကွယ်လွန်ပြီးမကြာမီဖခင်မန်းစိန်ပွင့်သည်မအူပင်မြို့အပိုင်၊စစ်ချောင်းနတ်စင်ရွာသူစကောကရင်မျိုးနွယ်စုဝင်ဒေါ်မြိုင်ဆိုသူနှင့်ဒုတိယအကြိမ်အိမ်ထောင်ပြုသည်။ဒေါ်မြိုင်သည်ဗုဒ္ဓဘာသာဝင်ချမ်းသာသောလယ်သမားတဦးဖြစ်သည်။၎င်း၏ဆွေမျိုးအားလုံးမှာဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ဖခင်မန်းစိန်ပွင့်နှင့်အိမ်ထောင်ပြုပြီးအသွင်တူရေးစည်းရုံးသိမ်းသွင်းမှုကြောင့်ခရစ်ယာန်ဘာသာဝင်ဖြစ်လာသည်။သူမသည်စာရေးတတ်ဖတ်တတ်ရုံသာရှိသည်။

မန်းစိန်ပွင့်သည်ဒေါ်မြိုင်နှင့်သားသမီး(၃)ဦးထွန်းကားသည်။၎င်းတို့မှာစပို(မထေးဒါစိန်ပွင့်)၊ဘိုကြီး(ဘစိန်မြိုင်)နှင့်အငယ်ဆုံးဖေါ်ရှာစိန်ပွင့်တို့ဖြစ်သည်။

ဦးဣန္ဒြကြီးမန်းဘဇန်သည်ဒုတိယအကြိမ်ကံဆိုးမိုးမှောင်ကျရောက်လာမှုကိုခံရပြန်သည်။ဖေါ်ရှာစိန်ပွင့်ကိုမွေးပြီးတနာရီအကြာတွင်ဒေါ်မြိုင်သွေးသွန်ပြီးကွယ်လွန်သွားရှာသည်။ဒေါ်မြိုင်ကွယ်လွန်ပြီးနောက်ဦးဣန္ဒြကြီးမန်းဘဇန်မှ–

"လူတွေပြောကြတာမိထွေးဟာဆိုးတယ်တဲ့၊ ဒါပေမဲ့ဒေါ်မြိုင်ကျတော့ ဒီလိုမဟုတ်ဘူးမိထွေးနဲ့ကိုမတူဘူး။တို့တတွေကိုသားသမီးလိုချစ်တယ်။သားသမီးလိုပြုစုပျိုးထောင်းပေးတယ်။သူ့စီမှာရှိတာတွေအားလုံးပေးတယ်။ကျွန်တော်တို့မှာသူ့ကျေးဇူးအများကြီးရှိတယ်။ဒေါ်မြိုင်လက်ထဲမှာကျွန်တော်တို့ပြင်းကြီးပြင်းလာတာဖြစ်တယ်။"

ဒေါ်မြိုင်ကွယ်လွန်ပြီးမန်းစိန်ပွင့်သည်တပင်လဲတပင်ထူတလင်တမယားစနစ်ဖြင့်တတိယအကြိမ်အိမ်ထောင်ပြုပြန်သည်။မန်းစိန်ပွင့်၏တတိယအိမ်ထောင်ရှင်မှာမအူပင်ခရိုင်အင်းတေးရွာသူဒေါ်မြဆိုသူဖြစ်သည်။

သူမသည်ပိုးကရင်မျိုးနွယ်စုဝင်၊ဗုဒ္ဓဘာသာကိုးကွယ်သူချမ်းသာသောလယ်သမားတဦးဖြစ်သည်။ဒေါ်မြနှင့်သက်ဆုံးတိုင်သားသမီးမထွန်းကားခဲ့ဘဲပေါင်းသင်းခဲ့သည်။

ဦးဣန္ဒြကြီးမန်းဘဇန်၏ငယ်အမည်မှာဦးဝေဖြစ်သည်။ဦးဝေဟုခေါ်တွင်ရခြင်းမှာ၎င်းမွေးဖွားချိန်၊ဇရာဝတီတိုင်းပညာဝန်ဦးဝေလင်းဆိုသူမှအေဘီအိုင်ကျောင်းကိုစစ်ဆေးရန်အတွက်ဓနုဖြူသို့ရောက်ရှိလာ

သည်။၎င်းရောက်ရှိခြင်းကိုအစွဲပြုပြီးအထိမ်းအမှတ်အဖြစ်ဦးဝေလင်းဟုခေါ်ကြသည်။ထို့နောက်တချို့မှဦးဝေတချို့မှဝေလင်းဟုခေါ်ကြသည်။နောက်ဆုံးဝေလင်းပျောက်ပြီးဦးဝေသာတွင်တော့သည်။အိမ်အခေါ်ဖြစ်သည်။ကျောင်းတွင်ခေါ်ဆိုသောအမည်နှင့်အလုပ်လုပ်ရာတွင်အမှုထမ်းအမည်မှာမန်းဘဇန်ဖြစ်သည်။

ဘဇန်အမည်တွင်လာရခြင်းမှာကြာသာပတေးသားဖြစ်ခြင်းဇာတာနှင့်နမ်ဗေဒင်ကိန်းဂဏန်းအရမိခင်ဘက်မှအဒေါ်ဖြစ်သူတွက်ချက်မှည့်ခေါ်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ဥက္ကဋ္ဌကြီးမန်းဘဇန်မှ–

“ကျွန်ုပ်ဟာကလေးဘဝက၊ကလေးဆိုးဖြစ်ခဲ့တယ်။ဒီလိုကလေးဆိုးဖြစ်ခဲ့တဲ့အကြောင်းကိုဓနုဖြူမြို့သက်ကြီးရွယ်အိုတွေကကျွန်ုပ်ကိုပြောပြလို့သိရှိရတယ်။ကျွန်ုပ်ဟာမြို့အုပ်ရာထူးအဆင့်နှင့်ဓနုဖြူမြို့ကိုခရီးထွက်ရင်းရောက်ရှိလာတယ်။မြို့အုပ်စောဘဇန်လာပြီဆိုပြီးကရင်ရပ်ကွက်မှာသတင်းဖြစ်ပွါးနေတယ်။”

“ဓနုဖြူမြို့ကိုရောက်တော့ကျွန်ုပ်မွေးဖွါးခဲ့တဲ့ကရင်ရပ်ကွက်လေးကိုသွားလယ်တယ်။ကျွန်ုပ်ရောက်တော့အဲဒီရပ်ကွက်ရှိတဲ့သက်ကြီးရွယ်အိုတွေကလာနှုတ်ဆက်ကြသည်။အဖွါးအိုအချို့ကမင်းဦးဝေမဟုတ်လားလို့မေးကြတယ်။ဟုတ်ပါတယ်လို့ကျွန်ုပ်ပြန်ပြောတဲ့အခါမှာသူတို့ရင်ဘတ်ကိုလက်ဝါးနှင့်တီးပြီး၊သြစောဘဇန်ဆိုတာလက်စသပ်တော့ဒင်းကိုးလို့ပြောကြတယ်။ကျွန်ုပ်ကဘာဖြစ်လို့လဲလို့မေးတော့၊နင်ဒီလိုမြို့အုပ်ဖြစ်လာတာသိပ်အံ့သြစရာကောင်းတာပဲ၊ဘာဖြစ်လို့လဲလို့မေးတာနင်ငယ်ငယ်တုံးကနင့်ကိုတရွာလုံးကအလွန်ဆိုးတဲ့ကလေးဆိုးလို့သတ်မှတ်ကြတယ်။နင်အခုလိုကြီးကြီးကျယ်ကျယ်ဖြစ်လာတာတွေ့တော့တို့တတွေအံ့သြကြတယ်လို့ပြောကြတယ်။”

၎င်းတို့ပြောပြချက်အရကလေးဘဝတွင်ကျွန်ုပ်သည်ရွာကအော့နှလုံးနာလောက်အောင်ကလေးဆိုးဖြစ်ခဲ့သည်။အရိုက်မခံရသည့်နေ့ဟူ၍မရှိ၊မည်သို့ပင်အရိုက်ခံရစေကာမူအမှတ်မရှိ၊ကျွန်ုပ်၏ဆိုးသွမ်းမှုဒဏ်ကိုကျွန်တော်၏မိထွေးဒေါ်မြိုင်ပင်ခံခဲ့ရသည်။တဖန်–

ဥက္ကဋ္ဌကြီးမန်းဘဇန်မှမိထွေးဒေါ်နှင့်ပတ်သက်ပြီးထပ်မံပြောကြားရာတွင်“ ဒေါ်မြိုင်သည်စိတ်သဘောထားပျော့ပြောင်းဖြူစင်သူတဦးဖြစ်သည်။မိထွေးဟူ၍ပင်မခေါ်ရက်လောက်အောင်ကျွန်ုပ်နှင့်ကျွန်ုပ်အမများအပေါ်ကောင်းမွန်ခဲ့သည်။ကျွန်ုပ်အားလည်းမိမိမွေးထုတ်လိုက်သောသားကဲ့သို့ချစ်မြတ်နိုးသည်။ကျွန်ုပ်မည်မျှပင်ဆိုးဆိုးကျွန်ုပ်အပေါ်အလွန်စိတ်ရှည်သည်။ကျွန်ုပ်ဆိုးသွမ်းမှုကြောင့်ကျွန်ုပ်အားရိုက်နက်ဆုံးမသည်ကိုပင်လက်မခံ၎င်း၏စိတ်ရှည်သီးခံမှုဖြင့်ကျွန်ုပ်အားပြုစုပျိုးထောင်ပေးရာမှလိမ္မာယဉ်ကျေးသောကလေးဘဝသို့ပြောင်းလဲလာစေသည်။ဒေါ် မြိုင်သည်ကျွန်ုပ်သေသည့်တိုင်မမေ့နိုင်သည့်ကျွန်ုပ်၏ကျေးဇူးရှင်ဖြစ်သည်” ဟုဖေါ်ပြခဲ့သည်။

အပိုဒ်(၂)

ဥက္ကဋ္ဌကြီးမန်းဘဇန်နှင့်ကျောင်းသားဘဝ

ဓနုဖြူမြို့(အေဘီအိုင်)ကျောင်းတွင်ဒုတိယတန်းအောင်မြင်ပြီးမြောင်းမြမြို့အထက်တန်းကျောင်းတွင်စတုတ္ထတန်းမှအထက်တန်းအထိပညာသင်ကြားသည်။(၁၀)အောင်မြင်ပြီးနောက်ယုဒသန်ကောလိပ်ခေါ်ဂျက်ဆင်ကောလိပ်တွင်ဥပစာတန်းအောင်ပြီးရန်ကုန်ယူနီဗာစီတီကောလိပ်တွင်ဝိဇ္ဇာဘွဲ့ရခဲ့သည်။

မအူပင်မြို့အစိုးရအထက်တန်းကျောင်းတွင်ပညာသင်ကြားစဉ်ကတည်းကဥက္ကဋ္ဌကြီးမန်းဘဇန်မိဘများကကျွန်ုပ်အားစည်းကမ်းရှိရန်အတွက်ကြပ်ကြပ်မတ်မတ်ချုပ်ကိုင်ရေ့ဆောင်ပေးသည်။အသုံးအစွဲစနစ်ကျရန်အတွက်ကျွန်ုပ်နှင့်အမများအားသတ္တမတန်းအောင်သည်အထိမုန့်ဖိုးတနေ့နှစ်ပြားသာပေးသည်။ငွေအသုံးအစွဲမကြီးရန်နှင့်လက်မဖွါရန်လေ့ကျင့်ပေးခြင်းဖြစ်သည်။

ခုနှစ်တန်းမှ(၁၀)တန်းအထိတနေ့မုန့်ဖိုးလေးပြားအထိတိုးပေးလာသည်။ထိုသို့တိုးပေးလာခြင်းမှာငွေသုံးစွဲခြင်းနှင့်ပတ်သက်၍စနစ်တကျသုံးစွဲတတ်လာခြင်းနှင့်အရွယ်တစတစကြီးလာပြီးအသိရှိလာပြီးအသိရှိလာခြင်းကြောင့်ဖြစ်သည်ဟုဖေါ်ပြခဲ့သည်။

အလယ်တန်းအောင်သည်အထိရုပ်ရှင်၊ဇာတ်သဘင်အငြိမ့်များကြည့်ခွင့်မရှိ၊လုံးခြင်းဝတ္ထုများဖတ်ခွင့်မရခဲ့ပေ။မိဘများ၏တင်းကြပ်သောချုပ်ကိုင်မှုအောက်တွင်ကြီးပြင်းခဲ့သည်။

ကျောင်းနေစဉ်စာပေအပြင်အားကစား၊နိုင်ငံရေး၊စစ်ရေးနှင့်လူမှုရေးဘက်တို့တွင်ပါဝင်ခဲ့သည်။အားကစားလောကတွင်ဘော်လီဘော၊တင်းနစ်နှင့်ဘော်လုံးတို့တွင်ဝါသနာပါပြီး၊အထူးသဖြင့်ဘော်လုံးတွင်ထူးထူးချွန်ချွန်ပါဝင်ခဲ့သည်။အထက်တန်းကျောင်းဘော်လုံးအသင်းတွင်လက်ရွေးစင်အသင်းခေါင်းဆောင်အဖြစ်၎င်း၊

မအူပင်မြို့နယ်လက်ရွေးစင်ဘော်လုံးအသင်းတွင်လည်းကောင်း၊ရန်ကုန်တက္ကသိုလ်ဘော်လုံးအသင်းတွင်လည်းကောင်းပါဝင်ကစားခဲ့သည်။

ဥက္ကဋ္ဌကြီးမန်းဘဇန်၌လူမျိုးစုံသွေးစည်းချစ်ကြည်ရေးစိတ်ဓါတ်သည်။ကျောင်းသားဘဝထဲကပင်ဖွါးမြင်ခဲ့သည်။၎င်းမှ–

"ကျွန်ုပ်စာသင်ကြားခဲ့သောအစိုးရကျောင်းသည်လူမျိုးပေါင်းစုံနေထိုင်သောကျောင်းဖြစ်သည်။ဗမာကျောင်းသားများအများစုဖြစ်ပြီးကျောင်းဆရာများမှာ–ကရင်ဗမာကုလားကပြားများဖြစ်သည်။ကရင်ဗမာအတူတကွစာသင်ကြားသော်လည်း၎င်းတို့အကြားတွင်မှုလူမျိုးရေးပဋိပက္ခ၊လူမျိုးရေးမုန်းတီးမှုများမရှိဘဲခင်မင်ရင်းနှီးစွာပေါင်းသင်းဆက်ဆံသွားကြသည်။တဦးနှင့်တဦးလေးစားမှုရှိကြသည်။လူမျိုးစုံသွေးစည်းမှုရှိသည်ဟုဖေါ်ပြသည်။

ခရစ်ယာန်မိဘနှစ်ပါးမှဖွါးမြင်ခဲ့သဖြင့်မိရိုးဖလာခရစ်ယာန်(**Traditional Christain**)ဖြစ်သည် သာမကသခင်ခရစ်တော်ကိုအကြွင်းမဲ့ယုံကြည်သူလဲဖြစ်သည်။မအူပင်မြို့ခရစ်ယာန်အသင်းတော်လူငယ်ကြိုးစားခြင်းအသင်း၀င်တဦး၊အမှုဆောင်တဦးနှင့်အသင်း၏ဥက္ကဋ္ဌအဖြစ်အဆင့်ဆင့်အရွေးခံခဲ့ရသည်။ဘာသာရေးလုပ်ငန်းများဆောင်ရွက်သည်သာမကရပ်ရွာ၏သာရေး၊နာရေးကိစ္စများတွင်လည်းကောင်း၊လူမှုရေးကိစ္စများတွင်ပါဝင်ဆောင်ရွက်ခြင်းဖြင့်ဘာသာရေးနှင့်လူမှုရေးအတွေ့အကြုံများရရှိခဲ့သည်။

အပိုဒ်(၃)

တက္ကသိုလ်ကျောင်းတော်သားဘဝ

ဥက္ကဋ္ဌကြီးမန်းဘဇန်ကျောင်းနေစဉ်ကမြန်မာပြည်တွင်ကောလိပ်ကျောင်းသုံးကျောင်းရှိသည်။မန္တလေးတွင်တစ်ကျောင်းနှင့်ရန်ကုန်တွင်နှစ်ကျောင်းရှိသည်။မန္တလေးကောလိပ်သည်ဥပစာအတန်းထိသာရှိပြီး၊ဂျက်ဆင်ခေါ်ယုဒသန်ကောလိပ်နှင့်ရန်ကုန်ယူနီဗာစတီကောလိပ်များတွင်ဝိဇ္ဇာသိပ္ပံအတန်းအထိထားရှိသည်။

မန္တလေးကောလိပ်နှင့်ရန်ကုန်ယူနီဗာစတီကောလိပ်တို့သည်အစိုးရအထောက်အပံ့ခံကောလိပ်ကျောင်းများဖြစ်ပြီး၊ဂျက်ဆင်ကောလိပ်သည်အမေရိကန်နှစ်ခြင်းခရစ်ယာန်သာသနာပြုကောလိပ်ဖြစ်သည်။ဂျက်ဆင်ကောလိပ်၏ပါမောက္ခနဲ့ကထိကများသည်အမေရိကန်အမျိုးသားများဖြစ်ပြီးရန်ကုန်ယူနီဗာစတီကောလိပ်နှင့်မန္တလေးကောလိပ်တွင်ပါမောက္ခနှင့်ကထိများသည်အင်္ဂလိပ်၊ကုလားကပြားများဖြစ်ကြသည်။ဂျက်ဆင်ကောလိပ်တွင်ကျောင်းသားသုံးရာခန့်ရှိပြီး၊ရန်ကုန်ယူနီဗာစတီကောလိပ်တွင်တထောင်ကျော်ရှိသည်။

ယုဒသန်ကောလိပ်တွင်ပညာသင်ကြားသူများမှာခရိုင်များတွင်ဖွင့်လှစ်ထားသောအမေရိကန်သာသနာရေးအထက်တန်းကျောင်းများမှ၁၀တန်းအောင်ကရင်ကျောင်းသားများ၊မြန်မာခရစ်ယာန်ကျောင်းသားများ၊ပစ္စည်းအတော်အတန်ရှိသောမိဘ များ၏သားသမီးများဖြစ်ကြသည်။

ရန်ကုန်ယူနီဗာစတီတွင်ပညာသင်ကြားနေသောကျောင်းသားကျောင်းသူများမှာငွေကြေးချမ်းသာကြွယ်ဝသောမိဘများ၏သားသမီးများအရာရှိကြီးများ၏သားသမီးများဖြစ်ကြသည်။ယူနီဗာစတီကောလိပ်ကျောင်းသားများသည်မိမိတို့၏လူတန်းစားအနေအစားအရဂုဏ်ပကာသနများကိုလိုက်စားမက်မောသူများဖြစ်သည်။

သို့သော်အစိုးရအုပ်ချုပ်ရေးဌာနများတွင်အရာရှိကြီးဝယ်ရာထူးရှိသူများမှာကောလိပ်ကျောင်းများတွင်ဝိဇ္ဇာသိပ္ပံဘွဲ့ရအရာရှိကြီးများ၏သားသမီးများ၊ငွေကြေးချမ်းသာကြွယ်ဝသူများ၏သားသမီးများသာဖြစ်ကြသည်။

ဥက္ကဋ္ဌကြီး မန်းဘဇန်မှ–

"ကျွန်ုပ်ကိုကျွန်ုပ်မိဘတွေကယုဒသာကောလိပ်မှာတက်ရောက်သင်ကြားစေတဲ့အကြောင်းကဘာသာရေးကျောင်းလည်းဖြစ်တယ်။စရိတ်အကုန်အကျလဲနဲ့တဲ့အပြင်တက္ကသိုလ်အတွေ့အကြုံတွေရဘို့နဲ့အကျင့်စာရိတ္တပျက်ပြားမှုနဲ့ပါးစေဘို့ဖြစ်တယ်" ဟုဖေါ်ပြသည်။

ယုဒသန်ကောလိပ်တွင်ပညာဆည်းပူးနေစဉ်ပညာရေးသာမကနိုင်ငံရေးနှင့်ပါထိတွေ့မှုရှိလာသည်။မြန်မာနိုင်ငံရေးလောကတွင်တက္ကသိုလ်ကျောင်းသားများ၏နိုင်ငံရေးလှုပ်ရှားမှုများသည်အရေးပါအရာရောက်လှပေသည်။ကျောင်းသားသမဂ္ဂများဖွဲ့၍၎င်း၏နိုင်ငံရေးရှေ့ဆောင်မှုဖြင့်နိုင်ငံရေးတိုက်ပွဲများလှုပ်ရှားမှုများဖြစ်ပေါ်လာစေသည်။

ကျောင်းသားများ၏တိုက်ပွဲများသည်၎င်းတို့၏ကိုလိုနီပညာရေးစနစ်ဆန့်ကျင်ရေးတိုက်ပွဲ၌သာမကမြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲများတွင်များစွာအထောက်အကူရရှိပေသည်။

ထိုခေတ်ကမြန်မာ့နိုင်ငံရေးလောကတွင်ဒို့ဗမာအစည်းအရုံးသည်နိုင်ငံရေးသြဇာအတော်ပင်ကြီးမားပေ

သည်။ကျောင်းသားထုအတွင်းသို့လက်ဝဲဝါဒများဖြစ်သော (မာ့ခ်၊လီနင်)ဝါဒများဝင်ရောက်လာသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂခေါင်းဆောင်များမှာ–

(၁) ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)

(၂) မစ္စတာရာရှစ်

(၃) ကိုနု (သခင်နု)

(၄) ကိုဗဆွေ

(၅) ကိုကျော်ငြိမ်း

(၆)ကိုထွန်းရှိန်(ဗိုလ်ခင်နိုင်)စသည်တို့ဖြစ်သည်။

ရန်ကုန်ယူနီဗာစတီကောလိပ်ရောက်သည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂခေါင်းဆောင်မှုဖြင့် ရွှေတိဂုံစေတီတော်တွင်ဌာနချုပ်ထားရှိသောသပိတ်စခန်းမှကျောင်းသားသပိတ်ဆင်နွှဲကြသည်။

ထိုသပိတ်သို့ရန်ကုန်တက္ကသိုလ်မှကျောင်းသားအများစုပါဝင်သပိတ်မှောက်ကြသည်။ယုဒသန်ကောလိပ်မှဥက္ကဋ္ဌကြီးမန်းဘဇန်တဦးသာပါသည်။

ဥက္ကဋ္ဌကြီးမန်းဘဇန်မှ–

"ကျနော်တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှာပါဝင်တယ်။အဲဒီမှာကျွန်ုပ်ပါဝင်တာနိုင်ငံရေးအတွေ့အကြုံအတော်ရခဲ့ပါတယ်။(၁၉၃၈)ခုနှစ်ဒီဇင်ဘာလ(၂၂)ရက်နေ့မှာဗိုလ်အောင်ကျော်ကျဆုံးတဲ့ကျောင်းသားသပိတ်မှာလည်းကျနော်ပါတယ်။အဲဒီကစပြီးနိုင်ငံရေးစိတ်ဝင်စားလာတယ်။တက္ကသိုလ်သမဂ္ဂကတော့တကယ်ပြောပြရရင်ဗမာ့လွတ်လပ်ရေးအတွက်တခန်းတကဏ္ဍအနေနဲ့ပါဝင်တိုက်ပွဲဝင်ခဲ့တာဖြစ်တယ်"။

"ကျောင်းသားသမဂ္ဂဦးဆောင်ကျင်းပတဲ့ဆန္ဒပြပွဲတွေမှာပါဝင်ခဲ့တယ်။တရားပွဲတွေတက်ရောက်နားထောင်တယ်။ဟောပြောချက်တိုင်းနားမလည်ဘူး။နိုင်ငံရေးအခြေခံနဲ့အတွေ့အကြုံနဲ့သေးလို့ဖြစ်တယ်။နိုင်ငံရေးလေ့လာဆည်းပူးလာတဲ့အချိန်မှာအဲဒီဟောပြောချက်တွေကိုနားလည်သဘောပေါက်လာတယ်။သပိတ်မှောက်ရာမှာပါဝင်လို့ကျောင်းအုပ်ကြီးကကျောင်းထုတ်ပစ်မယ်ဆိုပြီးခေါ်ယူသတိပေးလာတယ်"။

ယုဒသန်ကောလိပ်တွင်နေစဉ်(ဝဲလိန်တန်)ကျောင်းဆောင်တွင်နေပြီး၊ရန်ကုန်ယူနီဗာစီတီကောလိပ်သို့ရောက်သော်ပုဂံကျောင်းဆောင်တွင်နေရသည်။

ဥက္ကဋ္ဌကြီးမန်းဘဇန်မှ–

"ကျွန်ုပ်ဖခင်ကကျွန်ုပ်ကိုပုဂံကျောင်းဆောင်မှာနေခိုင်းတယ်။အဲဒီအဆောင်ဟာစည်းကမ်းတိကျမှုရှိတယ်" ဟုဖေါ်ပြသည်။

ပုဂံကျောင်းဆောင်သည်သူ့ခြံဝင်းနှင့်သူ၊တကျောင်းတည်းသီးခြားဆောက်လုပ်ထားပြီး၊စည်းကမ်းကြပ်မတ်လွန်းသည်။အခြားအဆောင်မှကျောင်းသားများကထောင်ဟုခေါ်ကြသည်။ထိုအချိန်ကအဆောင်မှူးများမှာမွတ်ဆလင်ဘာသာဝင်သချ်ာဘာသာကထိကဆရာဦးကာ၊ဒုတိယအဆောင်မှူးကြီးဆရာဦးချို တို့ဖြစ်သည်။

ယင်းပုဂံကျောင်းဆောင်တွင်ကျောင်းသား(၈၀)ကျော်ရှိပြီးကရင်၊ဗမာ၊မွန်၊ရှမ်း၊ရခိုင်၊အင်္ဂလိပ်ကပြားများနှင့်ခရစ်ယာန်၊ဗုဒ္ဓဘာသာဝင်၊အစ္စလမ်ဘာသာဝင်တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြသည်။အဆောင်နေကျောင်းသားများမှာလူလတ်တန်းစားများဖြစ်သည်။ဆိုလိုသည်မှာအလွန်ချမ်းသာသော၊အလွန်ဆင်းရဲသောသူများ၏သားသမီးများမဟုတ်ကြသောကြောင့်ဖြစ်သည်။

ပုဂံဆောင်ရှိကျောင်းသားများမှာစည်းလုံးညီညွတ်ကြပြီးတဦးနှင့်တဦးရိုင်းပင်းကူညီမှုရှိသည်။အဆောင်နေကျောင်းသားအားလုံးကျောင်းသားသမဂ္ဂဝင်များဖြစ်ကြသည်။ပြည်ထောင်စုအငယ်စားလေးတခုကဲ့သို့ဖြစ်သည်။ထိုစဉ်ကပညာရေးစနစ်သည်ဗြိတိသျှနယ်ချဲ့များ၏ကိုလိုနီကျွန်ပညာရေးစနစ်ဖြစ်သည်။ကိုလိုနီကျွန်ပညာရေးစနစ်ဆိုသည်မှာ –

ဗြိတိသျှနယ်ချဲ့သမားများသည်၎င်းတို့အကျိုးစီးပွါးအတွက်၊တနည်းအားဖြင့်၎င်းတို့၏ကုန်ထုတ်လုပ်ငန်း၊အုပ်ချုပ်ရေးလုပ်ငန်းတို့တွင်တိုင်းရင်းသားပညာတတ်များဖေါ်ထုတ်ပြီးလုပ်ခပေါပေါနှင့်ငှါးရမ်းခြင်းဖြစ်သည်။ဘဝအာမခံချက်ဘာတခုမှမရှိသည့်ပညာရေးစနစ်ပင်ဖြစ်သည်။

၁၉၃၈ခုနှစ်ရန်ကုန်ယူနီဗာစီတီကောလိပ်ရောက်သည့်နှစ်တွင်မြန်မာနိုင်ငံရေးသမိုင်းသည်မုန်တိုင်းကြီးကျရောက်နေသည်။နိုင်ငံရေးတိုက်ပွဲများလူတန်းစားတိုက်ပွဲများခြိမ့်ခြိမ့်သဲဆင်နွှဲနေကြသည်။

ဒေါက်တာဘမော်ဦးဆောင်သည့်(ဆင်းရဲသားပါတီ)အစိုးရအဖွဲ့အုပ်ချုပ်ပြီးဦးစောနှင့်ဦးပုတို့မှာအတိုက်အခံခေါင်းဆောင်များဖြစ်ကြသည်။၁၉၃၅ခုနှစ်မတိုင်မီတွင်နိုင်ငံရေးပါတီအဖွဲ့အစည်းများတွင်ခနရှင်များ၏ကိုယ်စားလှယ်ခနရှင်ပါတီများဖြစ်သည်နယ်ချဲ့ဆန့်ကျင်ရေးကြွေး

ကြော်ခဲ့သော်လည်းထိရောက်သည့်လှုပ်ရှားမှုမလုပ်နိုင်ခဲ့ပေ။

၁၉၃၅ခုနှစ်တွင်ဒို့ဗမာအစည်းအရုံးအမည်နှင့်ခေရှင်ပေါက်စအဖွဲ့အစည်းတခုဖြစ်ပေါ်လာသည်။ယင်းအဖွဲ့အစည်းမှပညာတတ်များ၊ကုန်သည်ပွဲစားများ၊ကျောင်းသားများအပါအဝင်နယ်ချဲ့ကိုပြတ်ပြတ်သားသားဆန့်ကျင်ကြသည်။၎င်းအဖွဲ့အစည်းတွင်လက်ဝဲနှင့်လက်ယာဝါဒီများပါဝင်ပြီးလက်ဝဲဝါဒီများမှာအများစုဖြစ်ကြသည်။လက်ဝဲဝါဒီများသည်မာက္ကစ်လီနင်ဝါဒကိုယုံကြည်သူများနှင့်ဆိုရှယ်ဒီမိုကရေစီဝါဒကိုယုံကြည်သူများဖြစ်သည်။

မာက္ကစ်လီနင်ဝါဒအားယုံကြည်သူများမှဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)ကိုဖွဲ့စည်းကြသည်။ယင်းပါတီများကိုခေါင်းဆောင်သူများမှာသခင်စိုး၊သခင်သန်းထွန်း၊မစ္စတာဂိုရှယ်စသည်တို့ဖြစ်သည်။ဗိုလ်ချုပ်အောင်ဆန်း၊ဗိုလ်လကျ်ာတို့မှာဗမာပြည်ကွန်မြူနစ်ပါတီဖွဲ့စည်းစဉ်ကပါဝင်ခဲ့သူများဖြစ်ကြပြီးနောက်ပါတီမှ၎င်းတို့သည်သွေဖီရေးသမားများဖြစ်သည်ဟုသတ်မှတ်ပြီးပါတီမှထုတ်ပစ်လိုက်သည်။

ဆိုရှယ်ဒီမိုကရက်တစ်တချို့ကပြည်သူ့အရေးတော်ပုံပါတီဖွဲ့ပြီးသခင်မြ၊သခင်ချစ်၊သခင်လွင်၊သခင်တင်စသည်တို့ကခေါင်းဆောင်ကြသည်။

ဒို့ဗမာအစည်းအရုံးသည်အလုပ်သမားလယ်သမားနှင့်ကျောင်းသားထုကိုစည်းရုံးနိုင်ပြီး၎င်းတို့အပေါ်ဩဇာလွှမ်းမိုးလာသည်။ကွန်မြူနစ်လိုလားသူ၊ဆိုရှယ်လစ်လိုလားသူများနှင့်မျက်ကန်းမျိုးချစ်ဝါဒီများလည်းပါသည်။

ဒို့ဗမာအစည်းအရုံးတွင်ပါသည့်မျက်ကန်းမျိုးချစ်များမှာသခင်ဘစိန်၊သခင်ထွန်းအုပ်နှင့်သခင်ရှုမောင်ခေါ်ဗိုလ်နေဝင်းစသည်တို့ဖြစ်သည်။ဒို့ဗမာအစည်းအရုံးသည်။အယူဝါဒများကွဲပြားနေကြသော်လည်းနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများတွင်စည်လုံးညီညွတ်ကြသည်။လူတန်းစားတိုက်ပွဲများဖေါ်ထုတ်ရာတွင်လည်းထိရောက်မှုရှိသည်။

၁၉၃၅ခုနှစ်တွင်ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂခေါင်းဆောင်များဖြစ်ကြသည့်ကိုဗဟိန်း၊ကိုလှရွှေ၊ကိုဘဆွေစသည်တို့သည်ကျောင်းသားများကိုတက်တက်ကြွကြွခေါင်းဆောင်မှုပေးပြီးအလွှာစုံပြည်သူများနှင့်ဟန်ချက်ညီတိုက်ပွဲဝင်ကြတယ်။ထိုအချိန်တွင်ရန်ကုန်တက္ကသိုလ်ရှိတက္ကသိုလ်ပျော်တမ်းတပ်ဖွဲ့U.T.C (Unieversity Training Corp)ကိုဖွဲ့စည်းခဲ့သည်။စစ်အတတ်ပညာရရှိရန်၎င်းတပ်ဖွဲ့သို့ဝင်ရောက်ခဲ့သည်။စစ်လေ့ကျင့်မှုတပတ်တကြိမ်သောကြာနေ့တိုင်းပေးပြီးတနှစ်တကြိမ်မေမြို့သို့တက်ရောက်ကာစစ်မြေပြင်လေ့ကျင့်ရေးများလုပ်ခြင်းဖြင့်စစ်အခြေခံပညာရပ်များရှိလာသည်

တက္ကသိုလ်ကျောင်းတော်သားဘဝတွင်–

–တက္ကသိုလ်ကရင်ကျောင်းသားများအဖွဲ့

–တက္ကသိုလ်ရာဇဝင်ပထဝီအသင်းအမှုဆောင်

–တက္ကသိုလ်လက်ရွေးစဉ်ဘောလုံးသမားစသည်ဖြင့်ပါဝင်ခဲ့သည်။

တက္ကသိုလ်တွင်နိုင်ငံရေး၊စစ်ရေး၊လူမှုရေး၊အားကစားကိစ္စတို့တွင်ပါဝင်လှုပ်ရှားခဲ့လင့်ကစား၊စာပေသင်ကြားမှုအားအထိခိုက်မလင့်ဟင်းခဲ့ပေ။၁၉၃၉ခုနှစ်တွင်ဝိဇ္ဇာဘွဲ့ကိုရရှိပြီးတက္ကသိုလ်ကျောင်းတော်သားဘဝကုန်ဆုံးခဲ့ပေသည်။

အပိုဒ်(၄)

ဉက္ကဋ္ဌကြီးမန်းဘဇန်၏ဝန်ထမ်းဘဝ

၁၉၃၉ခုနှစ်တွင်ဝိဇ္ဇာဘွဲ့ရပြီးရန်ကုန်မြို့ရှိစာရင်းစစ်မင်းကြီးရုံးတွင်တလ(၆၀)နှင့်အထက်တန်းစာရေးအဖြစ်ဝင်ရောက်အမှုထမ်းခဲ့သည်။ဘွဲ့ရတယောက်ဖြစ်လျှက်နှင့်အဘယ်ကြောင့်အထက်တန်းစာရေးအဖြစ်ဝင်ရောက်အမှုထမ်းရသည်ကိုပြောစရာရှိသည်။ဗြိတိသျှနယ်ချဲ့များမြန်မာပြည်အားသိမ်းစဉ်ပညာတတ်များရှားသဖြင့်(၁၀)တန်းအောင်ရုံနှင့်ပင်မြို့အုပ်ရာထူးရသည်။တိုင်းရင်းသားပညာတတ်များနှင့်မလုံလောက်သဖြင့်အိန္ဒိယပြည်မှကုလားပညာတတ်တွေကိုပါခေါ်ယူအသုံးပြုကြရတယ်။

စာရေးစစ်မင်းကြီးရုံးဆိုသည်မှာအမှန်စင်စစ်ကုလားရုံးဖြစ်သည်။အမှုထမ်း(၁၀၀)တွင်(၉၉)ယောက်သည်ကုလားများဖြစ်ပြီးတစ်ရာခိုင်နှုန်းသာလျှင်တိုင်းရင်းသားများဖြစ်ကြသည်။ရေများ၍ရေနိုင်မီးများမီးနိုင်ဆိုသလိုတိုင်းရင်းသားများမှာဖိနှိပ်ခံရသည်။

ဉက္ကဋ္ဌကြီးမန်းဘဇန်မှ–

"ဒီရုံးကတိုင်းရင်းသားတွေကိုဖိနှိပ်တယ်။ဒီအချိန်ကကျွန်နော်ကလည်းနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွေမှာပါတော့နဲ့နဲ့လေးမှမခံချင်ဘူး။တခါတခါစကားများတယ်"

ဟုဖေါ်ပြသည်။

၁၉၄၀ခုနှစ်တွင်စာရင်းစစ်မင်းကြီးရုံးမှာအထက်တန်းစာရေးအဖြစ်တလလျှင်(၆၀)နှင့်အမှုထမ်းပြီးအလုပ်မှထွက်လိုက်သည်။ထိုအချိန်တွင်ဒုတိယကမ္ဘာစစ်ကြီး

ဖြစ်နေပြီးဖြစ်သည်။ ၎င်းစစ်ကြီးမှာ နယ်ချဲ့ အင်အားကြီး (၆)နိုင်ငံတို့ ဖြစ်ကြသည့် စစ်ဖြစ်သည်။ အင်္ဂလိပ်၊အမေရိကန်နှင့်ပြင်သစ်တို့၏ မဟာမိတ်အုပ်စုနှင့် ဂျပန်အီတလီနှင့် ဂျာမဏီ ဝင်ရိုးတန်းအုပ်စုဖြစ်သည်။ ဝင်ရိုးတန်းအုပ်စုသည်ဖက်ဆစ်စနစ်နဲ့ စစ်အာဏာရှင်ကို ကျင့်သုံးတယ်၊ရက်စက်တယ်။နယ်ချဲ့စနစ်ရဲ့ အမြင့်ဆုံးစနစ်ဖြစ်တယ်။

ဒီအုပ်စုနှစ်စုစစ်တိုက်ကြတာကကမ္ဘာကြီးကိုခွဲဝေစိုးမိုးဘို့ ဖြစ်တယ်။နောက်နယ်ချဲ့ အချင်းချင်းဖြစ်တဲ့စစ်ကနေအမျိုးသားစစ်ပွဲကြီးဖြစ်လာတယ်။အာရှတိုက်မှာ ဂျပန်ဟာဗြိတိသျှပြင်သစ်တွေသိမ်းထားတဲ့ကိုလိုနီနိုင်ငံတွေကိုသိမ်းဘို့ကြံနေတယ်။သူကြွေးကြော်သံက(မဟာအာရှတိုးတက်ရေးဖြစ်သည်)။

ဗြိတိသျှများသည်၎င်းတို့ ၏ကိုလိုနီတိုင်းပြည်များအားကာကွယ်ရန်အတွက်စစ်ရေးပြင်ဆင်မှုများလုပ်လာကြသည်။စစ်တပ်များဖွဲ့ စည်း။မြန်မာပြည်တွင်လည်းစစ်တပ်အသစ်များဖွဲ့ လာကြသည်။တိုင်းရင်းသားများအားစစ်ထဲဝင်ရန်စည်းရုံးလှုပ်ဆော်လက်ခံလာသည်။

ထိုကဲ့သို့ စစ်တပ်ဖွဲ့ စည်းလာသဖြင့်စာရင်းစစ်မင်းကြီးရုံးမှထွက်ပြီးရန်ကုန်မြို့တွင်၌ နချုပ်ဖွင့်ထားသောအမှတ်(၃)အမြောက်ကြီးတပ်တွင်၁၉၄၁ခုနှစ်ဦးပိုင်းလောက်တွင်ဝင်ရောက်အမှုထမ်းလေသည်။

ထိုအမြောက်ကြီးတပ်သည်အင်္ဂလိပ်ကပြားများဗြိတိသျှအဆင့်အတန်းရသောတပ်ဖြစ်သည်။ ၎င်းတပ်၏အခိကတာဝန်မှာ(၆)လက်မအမြောက်ကြီးနှစ်လက်အားတာဝန်ယူရပြီးရန်ကုန်မြို့ကိုကာကွယ်သည့် တာဝန်ဖြစ်သည်။ ဤတပ်စခန်းသည်သစ်ပင်ခြောက်ပင်စခန်းတွင် (dry three point)ဖြစ်သည်။အမြောက်ကြီးတပ်သည် အရေးပေါ်ဖွဲ့ စည်းထားသည့် တပ်၊အမြဲတမ်းတပ်မဟုတ်ပေ။

တပ်ထဲဝင်ဝင်ချင်းတပ်သားအဖြစ်စတင်အမှုထမ်းရသည်။ဤတပ်တွင်(၆)လကြာအမှုထမ်းပြီးတပ်ရင်းဗိုလ်ကြီးဗြိတိသျှဘုရင့်တပ်မတော်အရာရှိဗိုလ်မှူးဝင်း ဆိုသူနှင့်ခင်မင်ခဲ့ကြသည်။စစ်တပ်များဖွဲ့ ရန်စစ်ဗိုလ်များလိုအပ်သဖြင့်မေမြို့တွင်အရေးပေါ်ဗိုလ်သင်တန်းကျောင်းဖွင့်ရန်အပတ်စဉ်(၃)ဗိုလ်သင်တန်းကျောင်းတွင်တက်ခွင့်လျှောက်သည်။ဗိုလ်မှူးဝေးလ်၏ခင်မင်ထောက်ခံမှုကူညီမှုကြောင့်ဗိုလ်သင်တန်းတက်ခွင့်ရခဲ့သည်။

ဗိုလ်သင်တန်း(၆)လတက်ပြီးသင်တန်းဆင်းဆင်းချင်းဒုတိယ ဖြင့်တာဝန်ထမ်းဆောင်သည်။ဗိုလ်ဟုဆိုသော်ငြားလည်းစစ်မြေပြင်မဆင်းရသေးပေ။အဘယ့်ကြောင့်ဆိုသော်ဗိုလ်သင်တန်းတက်နေချိန်တွင်ဘီအိုင်အေများနှင့်ဂျပန်တပ်များမြန်မာပြည်တွင်းသို့ ဝင်ရောက်တိုက်ခိုက်နေခြင်းကြောင့်ဖြစ်သည်။ဗြိတိသျှများကလည်း၎င်းတို့ စစ်ရေးနည်းဗျူဟာအရကြာကြာမခုခံပဲတပ်အားလုံးအိန္ဒိယပြည်သို့ ဆုတ်ခွါသွားကြသည်။ထို့ကြောင့်ဗိုလ်သာဖြစ်ခဲ့သည်စစ်မြေပြင်အတွေ့ အကြုံမရလိုက်ပေ။

အင်္ဂလိပ်များဆုတ်ခွါသွါးပြီး၁၉၄၂ခုနှစ်မေလကုန်တွင်ဂျပန်များမြန်မာတပြည်လုံးကိုသိမ်းပိုက်လိုက်ရာကျွန်ုပ်၏စစ်မှုထမ်းဘဝမှာ လည်းပြီးဆုံးသွားပြီးမြစ်ကြီးနားမှတဆင့်မအူပင်မြို့ သို့ပြန်ရောက်လာခဲ့သည်။

၁၉၄၀ခုနှစ်မှ၁၉၄၂ခုနှစ်မေလကုန်အထိဥက္ကဋ္ဌကြီးမန်းဘဇန်အသက်မွေးဝမ်းကြောင်းမှုမှာ–
စာရင်းစစ်မင်းကြီးရုံး၏အထက်တန်းစာရေး
အမှတ်(၃)အမြောက်ကြီးတပ်သား
အမှတ်(၃)အမြောက်ကြီးတပ်၏ဒုတိယဗိုလ်

အပိုဒ်(၅)

ဥက္ကဋ္ဌမန်းဘဇန်၏ဂျပန်ခေတ်အမှုထမ်းဘဝ

ဒုတိယကမ္ဘာစစ်အတွင်းဂျပန်ဖက်ဆစ်နှင့်မြန်မာပြည်ထွက်ရပ်ဂိုဏ်းပူးပေါင်းကာ၁၉၄၂ခုနှစ်တွင်မြန်မာပြည်ကိုသိမ်းယူခဲ့သည်။ဗမာ့ထွက်ရပ်ဂိုဏ်းဆိုသည်မှာ–

(FREEDOM BLOCK)

(၁)ဒေါက်တာဘမော်၏ဆင်းရဲသားပါတီ
(၂)ဒို့ ဗမာအစည်းအရုံး(ဗမာပြည်ကွန်မြူနစ်ပါတီပြည်သူ့ အရေးပေါ်ပါတီနဲ့ မျက်ကန်းမျိုးချစ်များ)ပူးပေါင်းဖွဲ့ စည်းထားသည့်ဂိုဏ်းဖြစ်ဖြစ်သည်။

ထိုဂိုဏ်းသည်မြန်မာပြည်လွတ်လပ်ရေးလက်နက်ကိုင်တိုက်ပွဲကိုဂျပန်နှင့်ပေါင်းပြီးတိုက်ခိုက်သိမ်းယူရန်ဖြစ်သည်။လွတ်လပ်ရေးအာဏာရယူပြီးဂျပန်များမြန်မာပြည်မှဆုတ်ခွါသွားရန်ဖြစ်သည်။

ဂျပန်များမှာထွက်ရပ်ဂိုဏ်းကိုအသုံးချပြီးအာရှတိုက်တခုလုံးသို့ မိမိကိုလိုနီအဖြစ်သိမ်းယူရန်ဖြစ်သည်။

အဆိုပါရည်ရွယ်ချက်ဖြင့်ထွက်ရပ်ဂိုဏ်းသည်ဖက်ဆစ်ဂျပန်နှင့်ပူးပေါင်းပြီးမြန်မာပြည်ကိုသိမ်းပိုက်သည်။ သို့သော်ဖက်ဆစ်ဂျပန်များမှာသဘောတူညီချက်ကိုချိုးဖေါက်ပြီးမြန်မာပြည်ကိုဆက်လက်အုပ်ချုပ်ထားသည်။

အတွင်းဝန်ရုံးမှအထက်တန်းစာရေး

ဂျပန်များသည်မြန်မာပြည်ကိုသိမ်းယူပြီးဒေါက်တာဘမော်အားဝန်ကြီးချုပ်ခန့်၊ရုပ်သေးအစိုးရ ဖွဲ့ကာ

အုပ်ချုပ်စေသည်။ ရုပ်သေးအစိုးရသည် အာဏာမရှိ ရုပ်သေးအစိုးရသာဖြစ်သည်။
အုပ်စိုးသူများကို သာအလုပ်အကြွေးပြုကြရသည်။ ဂျပန်ဖက်ဆစ်များ၏သြဇာခံဖြစ်သည်။
ဒေါက်တာဘမော်အစိုးရဖွဲ့တွင် –
(၁) ဒေါက်တာဘမော်
(၂) ဗိုလ်ချုပ်အောင်ဆန်း
(၃) သခင်နု
(၄) သခင်သန်းထွန်း
(၅) ဦးဘဝင်း
(၆) ပျော်ဘွယ်ဦးမြ
(၇) ပအိုဝ်းဦးလှဖေ
(၈) ဗန္ဓုလဦးစိန်တို့ဖြစ်သည်။

ပအိုဝ်းဦးလှဖေသည်ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းဝန်ကြီးအဖြစ်၁၉၄၂ခုနှစ်ဇူလိုင်လဖွဲ့စည်းသည့်ဒေါက်တာဘမော်ရုပ်သေးအစိုးရအဖွဲ့တွင်ဝန်ကြီးအဖြစ်အမှုထမ်းခဲ့သည်။

တနေ့တွင်ဦးလှဖေ၏ကူးသန်းရောင်းဝယ်ရေးစက်မှုဝန်ကြီးဌာနဒုတိယအတွင်းဝန်မန်းဖိုးဝေနှင့်တွေ့ဆုံပြီးၿငင်းမှတဆင့်ဦးလှဖေနှင့်တွေ့ဆုံကာ၊ယင်းဌာနတွင်အထက်တန်းစာရေးဖြစ်လာသည်။သို့သော်အထက်တန်းစာရေးသက်သက်မဟုတ်ဘဲအခြားလုပ်ငန်းများနှင့်တွဲဘက်လုပ်ကိုင်ရသည်။အခြားလုပ်ငန်းဆိုရာတွင် –
ကရင်၊ဗမာညီညွတ်ရေးဆောင်းပါးများရေးသား၍သတင်းစာတိုက်သို့ပို့ခြင်း၊
အေစီအိုနှင့်ဒေါက်တာဘမော်အစိုးရကိုယ်စားလှယ်အစည်းဝေးပွဲသို့တက်ရောက်လေ့လာရခြင်းတို့လုပ်ရသည်။

ထိုအချိန်တွင်ဒေါက်တာဘမော်ရုပ်သိမ်းအစိုးရလုပ်ဆောင်ရသည့်လုပ်ငန်းတခုမှာ(ကရင်၊ဗမာချစ်ကြည်ရေး)ဖြစ်သည်။ယင်းလုပ်ငန်းဖြစ်ပေါ်လာပုံမှာမြန်မာပြည်အရှေ့တောင်ပိုင်းရှိကော့ကရိတ်နှင့်ဖါပွန်နယ်၊မြစ်ဝကျွန်းပေါ်မြောင်းမြခရိုင်တွင်ဘီအိုင်အေတပ်များသည်လက်နက်နှင့်အာဏာကိုအလွဲသုံးစားလုပ်ပြီးအနိုင်ကျင့်ခြင်း၊မြောင်းမြမြို့ပေါ်ရှိကရင်ဝန်ကြီးဟောင်းစောဖေသာနှင့်၎င်း၏ဇနီးအပါအဝင်ကရင်များအားလုယက်တိုက်ခိုက်သတ်ဖြတ်ရာမှကရင်ဗမာလူသတ်ပွဲကြီးဖြစ်လာသည်။ဒီလူသတ်ပွဲကြီးသည်မြန်မာပြည်အတွက်အလွန်ပင်အကျည်းတန်အရုပ်ဆိုးစေခဲ့သည်။အလွန်တရာကြီးကျယ်သည့်ပြဿနာဖြစ်သည်။ယင်းပြဿနာမှလူမျိုးရေးမုန်းတီးမှုများကြီးထွားလာနိုင်သည်။

ကရင်ဗမာနားလည်မှုရရှိရေး–လူမျိုးရေးမုန်းတီးမှုပပျောက်ရေးအတွက်၎င်းအစိုးရနဲ့ပူးပေါင်းဆောင်ရွက်လုပ်ဆောင်ရန် ကရင်ဗဟိုအဖွဲ့ချုပ် K.C.O (Karen Central Organization)အမည်နှင့်အဖွဲ့တဖွဲ့ဖွဲ့စည်းခဲ့သည်။ယင်းအဖွဲ့ချုပ်၏ ခေါင်းဆောင်များမှာ –
(၁) ဆာတစ်စီဖိုး
(၂) မန်းဘခင်
(၃) မန်းရွှေထွန်းကြာ
(၄) စောဘဦးကြီး
(၅) ဆရာသာထို
(၆) မန်းဖုံတလုတ်
(၇) ဒေါက်တာစောလှထွန်း
(၈) စောဘမောင်
(၉) စောဖါးခစသည်တို့ဖြစ်သည်။

K . C. O အဖွဲ့နှင့်ဒေါက်တာဘမော်တို့၏ပူးတွဲဖြေရှင်းမှုကြောင့်(၆)လအကြာတွင်ကရင်ဗမာလူသတ်ပွဲကြီးမှာအဆုံးသတ်သွားသည်။နှစ်ဖက်စည်းဝေးပွဲများတွင်ဦးလှဖေမှခေါ်ယူလေ့လာခွင့်ပေးသောကြောင့်ဗဟုသုတများတိုးပွါးလာသည်။မျိုးချစ်စိတ်များ၊အမျိုးသားစိတ်ဓါတ်များတိုးပွါးလာသည်။ဝန်ကြီးဦးလှဖေ၏အစိုးရကိုယ်စားလှယ်ဖွဲ့တွင် –
(၁) ဗိုလ်ချုပ်အောင်ဆန်း
(၂) သခင်သန်းထွန်း
(၃) သခင်နု
(၄) ပအိုဝ်းဦးလှဖေတို့ဖြစ်သည်။

အဆိုပါနှစ်ဘက်အစည်းအဝေးကျင်းပတိုင်းလေ့လာခွင့်ပေးခြင်းမှာကရင်များအတွင်းအမျိုးသားရေးတာဝန်ယူမည့်ကေဒါများမွေးမြူခြင်းဖြစ်သည်။

ဝန်ကြီးဦးလှဖေသစ်တောဝန်ကြီးဌာနသို့ပြောင်းလဲတာဝန်ယူသဖြင့်အထက်တန်းစာရေးအဖြစ်တနှစ်လုပ်ပြီးအလုပ်မှနုတ်ထွက်ကာမအူပင်တွင်ပြန်လည်နေထိုင်သည်။

အပိုဒ်(၆)

မအူပင်ခရိုင်–ဒုတိယကာကွယ်ရေးမှူး

၁၉၄၃ခုနှစ်တွင်ဗြိတိသျှစစ်တပ်သည်အိန္ဒိယပြည်မှနေ၍မြန်မာပြည်တွင်းသို့ပြန်လည်ထိုးစစ်ဆင်ရန်ပြင်ဆင်လာသည်။လေထီးတပ်သားများစေလွှတ်၍သတင်းထောက်လှမ်းစေသည်။ဗိုလ်မှူးချုပ်ဝင်းဂိတ်ဦးစီးသည့်

မျက်နှာဖြူ အိန္ဒိယနှင့် အိန္ဒိပြည်ရောက်ကရင်၊ကချင်၊ချင်းလက်နက်ကိုင်တပ်များဖြင့် အထူးတပ်ဖွဲ့ဖွဲ့ကာ ဂျပန်စစ်နောက်ပိုင်းများကိုတိုက်ခိုက်ရန်မြန်မာပြည်–ချင်းတွင်းမြစ်ဝှမ်းဒေသမြစ်ကြီးနားဗန်းမော်ဒေသများသို့ဝင်ရောက်ထိုးဖေါက်လာသည်။

ဗြိတိသျှများ၏စစ်ရေးပြင်ဆင်မှုများကိုဂျပန်များထောက်လှမ်းရရှိခဲ့သဖြင့် ကာကွယ်ရေးတပ်ဖွဲ့များဖွဲ့စည်းလာကြသည်။ ဒီကာကွယ်ရေးတပ်ဖွဲ့အား(ဂျေတိုင်)ဟုခေါ်သည်။ ထိုအချိန်တွင် မအူပင်မြို့တွင်လည်း(ဂျေတိုင်)ခေါ်ကာကွယ်ရေးတပ်ဖွဲ့များဖွဲ့လာကြသည်။

ဂျပန်အုပ်ချုပ်ရေးကာလမအူပင်မြို့တွင်စက်ရှင်မင်းကြီးစောစိန်ဦးနှင့် ဒုတိယခရိုင်ဝန်စောရွှေစိန်တို့ဖြစ်ကြသည်။ ၎င်းတို့နှစ်ဦး၏မေတ္တာရပ်ခံမှုကြောင့် မအူပင်မြို့ဗပေါ်ရှိမအူပင်မြို့လုံခြုံရေး(ကာကွယ်ရေး)ဗမာတပ်စုနှစ်စုနှင့်ကရင်တပ်စုတစုရှိသည့်အနက်ကရင်တပ်စုတစုမှာအုပ်ချုပ်ဦးစီးရန်တာဝန်ယူခဲ့သည်။

ကာကွယ်ရေးတပ်စုများအဖြစ်လုံခြုံရေးတာဝန်ယူနေချိန်တွင် ခရိုင်ကာကွယ်ရေးမှူးဂေါ်တောဆိုသူနှင့်သိကျွမ်းခင်မင်မှုရရှိခဲ့သည်။ ဗိုလ်မှူးဂေါ်တောသည်မက်သဒစ်ခရစ်ယာဘာသာဝင်၊အမေရိကန်၌မဟာဝိဇ္ဇာဘွဲ့ရထားသူတဦးဖြစ်သည်။ အသက်(၃၀)ခန့်ရှိပြီးယဉ်ကျေးဖေါ်ရွေသူဖြစ်သည်။

မအူပင်မြို့လုံခြုံရေးတာဝန်များကိုဗိုလ်မှူးဂေါ်တောနှင့်ပူးပေါင်း၍၊ခရိုင်ဒုတိယကာကွယ်ရေးမှူးတာဝန်ယူရန်ကမ်းလမ်းပြောဆိုလာမှုကိုလက်ခံလိုက်သည်။ ထိုအချိန်မှစ၍ဗိုလ်ကြီးအဆင့်(Three line one star)သို့ရောက်သွားသည်။

ခရိုင်ဒုတိယကာကွယ်ရေးမှူးနှင့်မအူပင်ခရိုင်အတွင်းနယ်ဆင်းပြီးတရားဟောသည်။ ကာကွယ်ရေးအဖွဲ့များကိုဖွဲ့သင့်သည့်ရွာများတွင်ဖွဲ့သည်။ ထိုအချိန်ကကင်ပင်တိုင်ခေါ်စစ်ပုလိပ်စုံထောက်အဖွဲ့များထားရှိသည်။ မလိုမုန်းထားရှိသူများအားလက်ညှိုးထိုးလျှင်သတ်ပစ်သည်။ အတော်ဆိုး၍ကရင်များအတော်အသတ်ခံရပါသည်။

ဥက္ကဋ္ဌကြီးမန်းဘခန်မှ –

“ဂျပန်ကအင်္ဂလိပ်ကိုတိုက်ဘို့ဖြစ်တယ်။ ကျနော်တို့ကအမျိုးသားအတွက်ဖြစ်တယ်။ ဒီလိုလုပ်ရင်းနဲ့ကရင်လူထုနဲ့တော်တော်အဆက်အသွယ်ရတယ်။ ကရင်လူထုကလဲကျနော့်ကိုအတော်ယုံကြည်အားကိုးကြတယ်။ အဲဒီမှာစည်းရုံးရေးအတွေ့အကြုံတွေရလာတယ်”ဟုဖေါ်ပြသည်။

ထိုအချိန်ကဗြိတိသျှများစေလွှတ်လိုက်သောအမှတ်(၁၃၆)တပ်ဖွဲ့(force 136)ကလေထီးတပ်တွင်ကရင်တပ်သားများမှာအများစုဖြစ်သည်။ လေထီးတပ်သားများဆင်းလေလေ၊ကရင်ရွာများဒုက္ခရောက်လေလေဖြစ်သည်။ မသင်္ကာသူများကိုဖမ်းဆီးသတ်ဖြတ်ကြသည်။ ရက်ရက်စက်စက်စစ်ဆေးမေးမြန်းသည်။ ဤသည်ကိုမရှုစိမ့်သောကြောင့်ဗိုလ်မှူးဂေါ်တောနှင့်ဆွေးနွေးညှိနှိုင်းပြီးလွှတ်မြောက်အောင်ဆောင်ရွက်ပေးသည်။ ဆောင်ရွက်သလောက်လဲလွှတ်မြောက်ကြသည်။ ကရင်လူထုများ၏ခင်မင်မှုယုံကြည်အားကိုးမှုထောက်ခံမှုများရလာသည်။

ထိုမအူပင်ခရိုင်ဒုတိယကာကွယ်ရေးမှူး–ဗိုလ်ကြီးအဖြစ်နှင့်တနှစ်အမှုထမ်းသည်။

အပိုဒ်(၇)

မအူပင်ခရိုင်ပြည်သူ့ဝန်ထမ်းမှူး

၁၉၄၄ခုနှစ်တွင်၊ဒေါက်တာဘမော်အစိုးရသည်ပြည်သူ့ဝန်ထမ်းဌာနတခုကိုဖွင့်လှစ်လာသည်။ ထိုအဖွဲ့၏လုပ်ငန်းများသည်ပြည်သူကိုအကျိုးပြုပြီး၊စည်းရုံးရန်ဖြစ်သည်။ ဤပြည်သူ့ဝန်ထမ်းဌာနများကိုခရိုင်တိုင်းတွင်ဖွဲ့စည်းကြသည်။ ကရင်များနေထိုင်ရာဒေသများတွင်လည်းခရိုင်ပြည်သူ့ဝန်ထမ်းများကိုဖွဲ့စည်းထားရှိသည်။

ခရိုင်ကရင်ပြည်သူ့ဝန်ထမ်းမှူးများမှာ–

(၁) စောဘဇန် မအူပင်ခရိုင်
(၂) စောမောင်ငြိမ်း ပုသိမ်
(၃) မန်းငြိမ်းတင် မြောင်းမြ
(၄) စောမော်ဂင်ဝင်း ဟင်္သာတ
(၅) စောစံထွန်း သာယာဝတီ
(၆) ဆရာစောဘထွန်း တောင်ငူ
(၇) စောရှေးသ ပဲခူး
(၈) မန်းပေါလ်ငြိမ်း ဟံသာဝတီ
(၉) စောဘိုသိုး ဖျာပုံခရိုင်စသည့်ခရိုင်ကရင်ပြည်သူ့ဝန်ထမ်းမှူးများခန့်အပ်ထားကြသည်။

ပြည်သူ့ဝန်ထမ်းဌာနများဖွဲ့ချိန်တွင်ဝန်ကြီးဦးလှဖေမှ၎င်းအားထိုဌာနတွင်အလုပ်လုပ်ရန်ပြောသည်။ အမျိုးသားများကိုစည်းရုံးရန်၊စုစည်းရန်၊ကောင်းမွန်သည့်လုပ်ငန်းဌာနဖြစ်သည်။ ဗိုလ်မှူးဂေါ်တောထံပြော၍နုတ်ထွက်လိုက်ပြီးခရိုင်ပြည်သူ့ဝန်ထမ်းမှူးတာဝန်ကိုလက်ခံလိုက်သည်။

ခရိုင်ပြည်သူ့ဝန်ထမ်းမှူးဖြစ်လာချိန်တွင်အင်းယားကန်၊ကေဘင်ကျွန်း(Cabin islannd)တွင်သင်တန်း(၃)လကြာတက်ရသည်။ ထိုဝန်ထမ်းဌာနနှင့်ပတ်သက်၍

ဥက္ကဋ္ဌကြီးမန်းဘဇန်မှ –

"ဒီဝန်ထမ်းဌာန ဟာဂျပန်ထောက်လှမ်းရေးနဲ့ ဆက်စပ်တယ်လို့ကျနော်မှတ်ယူတယ်" ဟုဖေါ်ပြထားသည်။ ဆက်လက်၍ဥက္ကဋ္ဌကြီးမန်းဘဇန်မှ –

"အဲဒီအချိန်မှာကျနော်ဘာသိသလဲဆိုတော့ ဗမာတွေဂျပန်ကိုပြန်ချမယ်။သူတို့(A.F.O)(Anti Fascist Organization)ခေါ်တဲ့ဖက်ဆစ်ဆန့်ကျင်ရေးမြေအောက်တော်လှန်ရေးအဖွဲ့ကိုဖွဲ့တယ်။ဒီအဖွဲ့ထဲမှာကွန်မြူနစ်ပါတီပြည်သူ့အရေးတော်ပုံ(ဆိုရှယ်လစ်နဲ့)ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့(B.I.A)တွေပါတယ်။ဂျပန်ကိုတိုက်မယ်ဆိုပြီးစာတမ်းတွေကြေငြာချက်တွေထုတ်တယ် ဟုဖေါ်ပြသည်။

သင်တန်းဆင်းပြီးသည်နှင့်နယ်သို့ဆင်းပြီးကရင်လူထုအားစည်းရုံးသည်။ ခရိုင်ဒုတိယကာကွယ်ရေးမှူးဘဝနှင့်ဖွဲ့စည်းထားသည့်ကျေးရွာကာကွယ်ရေးတပ်ဖွဲ့များကို တိုးတိုးတိတ်တိတ်တပ်လှန့်ထားသည်။

ဗမာတွေဂျပန်ကိုတော်လှန်တော့မယ်ဟုတပ်လှန့်ထားသည်။၁၉၄၅ခုနှစ်မတ်လ(၂၇)ရက်နေ့မတိုင်မီ (B.D.A)တပ်များမှတပြည်လုံးသို့တပ်ဖြန့်လိုက်သည်။ မြစ်ဝကျွန်းပေါ်သို့(B.D.A).တပ်ရင်း(၃)မှတာဝန်ယူရသည်။ထိုတပ်ရင်း(၃)မှတပ်ရင်းမှူးမှာဗိုလ်မှူးထွန်းစိန်(ပြားကြီး)ဖြစ်ပြီး၊ဒုတိယတပ်ရင်းမှူးမှာတီးမသေဖိုးကျော်ဖြစ်သည်။ဤတပ်ရင်းတွင်ကရင်အများစုပါဝင်သည်။

ဤ(B.A.D)တပ်ရင်း(၃)သည်မအူပင်မြို့သို့ရောက်လာသည်။တပ်ရင်းမှူးဗိုလ်မှူးထွန်းစိန်(ပြားကြီး)နှင့်ခင်မင်မှုရှိသည်။

ဗိုလ်မှူးထွန်းစိန်မှ –

"ဟေ့ဘဇန်ကြီး၊ငါတို့ဂျပန်ကိုတိုက်တော့မယ်။မင်းတို့အကူအညီလိုတယ်။မင်းကလူထုကိုစည်းရုံးပြီးဒို့တပ်တွေလူထုကြားထဲဖျောက်ထားဘို့မင်းတာဝန်ယူကွာ" လို့အကူအညီတောင်းခံမှုကိုလက်ခံလိုက်သည်။ရွာများတွင်တပ်များဖြန့်ထားလိုက်သည်။

ဖက်ဆစ်ဆန့်ကျင်ရေးတော်လှန်ရေးသည်(၂၇)ရက်နေ့တွင်(B.D.A)တပ်များကရင်ကာကွယ်ရေးတပ်များပြည်သူများပူးပေါင်းပြီး၊ညောင်တုန်း၊မအူပင်၊အိမ်မဲနှင့်ပန်းတနော်နယ်များတွင်ခြိမ့်ခြိမ့်သဲတိုက်ပွဲဝင်ကြသည်။ဖရိုဖရဲတပ်ကွဲလာသည့်ဖက်ဆစ်ဂျပန်များမှာလူထု၏ဓါးမလက်ချက်ဖြင့်အသက်ထွက်ကြရသည်။

မြစ်ဝကျွန်းပေါ်တွင်ဂျပန်များရှင်းသွားသည်။ ၁၉၄၅ခုနှစ်မေလ(၄)ရက်နေ့တွင်အင်္ဂလိပ်တပ်များရန်ကုန်မြို့ကိုသိမ်း၍ဇွန်၊ဇူလိုင်လတွင်မြစ်ဝကျွန်းပေါ်ကိုသိမ်းလိုက်သည်။အင်္ဂလိပ်များတပြည်လုံးကိုသိမ်းလိုက်နိုင်သဖြင့်ခရိုင်ပြည်သူ့ဝန်ထမ်းမှူးဘဝမှရပ်ဆိုင်းသွားတော့သည်။

ဂျပန်ခေတ်အသက်မွေးဝမ်းကြောင်းမှု

(၁) အတွင်းဝန်ရုံးမှအထက်တန်းစာရေး

(၂) မအူပင်ခရိုင်ဒုတိယကာကွယ်ရေးမှူး

(၃) မအူပင်ခရိုင်ပြည်သူ့ဝန်ထမ်းမှူး၊

သူ၏ဘဝအဖုံဖုံကျင်လည်လှုပ်ရှားခဲ့သည်။

အပိုဒ်(၈)

ဗြိတိသျှအုပ်ချုပ်ရေးနှင့်အထူးအရာရှိ

၁၉၄၅ခုနှစ်ဩဂုတ်လ(၅)ရက်နေ့တွင်ဒုတိယကမ္ဘာစစ်ကြီးပြီးသွားသည်။မြန်မာတပြည်လုံးကိုအင်္ဂလိပ်များသိမ်းပိုက်လိုက်ပြီဖြစ်သည်။အင်္ဂလိပ်များမှမြန်မာပြည်အားစစ်အုပ်ချုပ်ရေးကက်(စ်)ဘီ(CASB) CIVIL AFFAIRS SERVICE (BURMA) ချမှတ်ထားသည်။ စစ်အုပ်ချုပ်ရေးများချရန်မအူပင်ခရိုင်အားအင်္ဂလိပ်အရာရှိများရောက်လာကြသည်။မအူပင်ခရိုင်အရာရှိအဖြစ်မေဂျာဒီလောင်း၊ဒုတိယခရိုင်အရာရှိဗိုလ်သင်တန်းကျောင်းအပတ်စဉ်(၃)၊တပ်စု(၄)တွင်အတူတူတက်ရောက်ခဲ့ပြီးခင်မင်ကြသူများဖြစ်သည်။သူတို့မအူပင်သို့ရောက်လာသည်ကိုတွေ့လျှင် –

"ဘဇန်မင်းဒီမှာလား၊ငါမအူပင်ခရိုင်မှာအုပ်ချုပ်ရေးတာဝန်ကျတယ်၊မင်းငါ့ကိုကူညီ" ဟုပြောသည်ကိုကူညီရန်လက်ခံလိုက်သည်။

မေဂျာရပ်ဘွန်းမှမအူပင်မြို့အုပ်ခန့်သည်။တမြို့နယ်တည်းစည်းရုံးခွင့်ရသည့်အထွက်လက်မခံခဲ့ ။နယ်ဆင်းစည်းရုံးခွင့်ရှိသည့်မြို့ပိုင်အဆင့်(အထူးအရာရှိ)ပေးသည်ကိုလက်ခံလိုက်သည်။

မြို့ပိုင်အဆင့်ရှိ(အထူးအရာရှိ)တာဝန်(၃)ခုရှိသည်။

(၁)နယ်မြေငြိမ်ဝပ်ပိပြားရေး၊

(၂)နယ်လှည့်အုပ်ချုပ်ရေးလုပ်ငန်းများချမှတ်ရန်(သူကြီးခန့်ရန်)

(၃) အမတော်ကြေးများလျှော့ပေးရန်စသည့်လုပ်ငန်းများဖြစ်သည်။

ငြိမ်ဝပ်ပိပြားရေးလုပ်ရာတွင်ဓါးပြမတိုက်ရန်

လက်နက်ပုန်းများသိမ်းရန်အတွက်ဖြစ်သည်။ လက်နက်ဆိုရာတွင်ဂျပန်ခေတ်ကျေးရွာကာကွယ်ရေးများဖွဲ့စဉ်ကကျေးရွာကာကွယ်ရေးများလက်ထဲရှိလက်နက်များအားသိမ်းဆည်းရန်ဖြစ်သည်။ ၎င်းလက်နက်များအားမသိမ်းဆည်းရန်မေဂျာရပ်ဘွန်းအားစည်းရုံးရသည်။

ဒီလက်နက်တွေကိုကျွန်တော်တို့အမျိုးသားတွေအတွက်အသုံးချမယ်လို့ပြောကြားသည်ကို၎င်းမှလက်ခံသည်။ ဒါဆိုလုံလုံခြုံခြုံထားပါဟု၎င်းမှပြောကြားသည်လက်နက်ကိုစွဲပြေလည်သွားသဖြင့်အုပ်ချုပ်ရေးချုပ်မှတ်သူကြီးများခန့်ရန်ဖြစ်လာသည်။ ဂျပန်ခေတ်တွင်ကရင်ရွာများ၌ဗမာသူကြီးများကိုသာခန့်ကြသည်။ ဗမာရွာများတွင်လည်းဗမာသူကြီးများကိုသာခန့်ကြသည်။ ထို့ကြောင့်ကရင်ရွာများတွင်ကရင်သူကြီးများကိုခန့်သည်။ အမတော်ကြီးများတရားမျှတစွာပေးသည်။ ဤလှုပ်ရှားမှုများအပေါ်မအူပင်ခရိုင်ကရင်လူထု၏ထောက်ခံမှုအတော်အတန်ရပြီးအားထားမှုရှိလာသည်။ စည်းရုံးရေးဆောက်ကျလာသည်။

လက်နက်ပုန်းများအသိမ်းမခံရခြင်း၊

ကရင်သူကြီးများခန့်ခြင်း

အမတော်ကြေးများတရားသဖြင့်ပေးရခြင်းတို့ကြောင့်အမျိုးသားလှုပ်ရှားမှုတွင်အောင်မြင်မှု၊ ထောက်ခံမှုရရှိလာသည်။ ကရင်ကာကွယ်ရေးတပ်သားများလက်ထဲတွင်လက်နက်များအဆင်သင့်ရှိနေသည်။ မြို့ပိုင်အဆင့်ရှိအထူးအရာရှိအဖြစ်(၆)လလုပ်ရသည်။ ဆာတော်မန်စမစ်အစိုးရတွင်စစ်အုပ်ချုပ်ရေးများရုပ်သိမ်းပြီးမြို့ပြအုပ်ချုပ်ရေးများချလာသည်။

မြို့ပြအုပ်ချုပ်ရေးချလာချိန်တွင်ခရိုင်အုပ်ချုပ်ရေးအရာရှိမေဂျာရပ်ဘွန်းမှဝန်ထောက်လုပ်ရန်ပြောလာသည်။ ၎င်းနောက်ဗိုလ်သင်တန်းဆင်းပြီးဒုတိယဗိုလ်အဖြစ်ဗြိတိသျှပြန်တန်းဝင်အရာရှိဖြစ်ခဲ့သောကြေး(BACK PAY) နောက်ကြောင်းလစာငွေ(၁၀၀၀၀)ခန့်ရရန်ရှိသည်။ သို့သော်ဝန်ထောက်ရာထူးအားလက်မခံတော့ပါ။

ဥက္ကဋ္ဌကြီးမန်းဘဇန်မှ–

"ဝန်ထောက်မလုပ်တဲ့အကြောင်းကတော့ကရင်အမျိုးသားရေးဟာအရေးကြီးလာပြီဖြစ်တယ်။ ခေါင်းဆောင် လိုလာပြီ။ ကျွန်တော်ကခေါင်းကြီးတက်လုပ်ပြီးခေါင်းဆောင်ဘို့မဟုတ်ဘူး။ ကျွန်တော်အပါအဝင်ကရင်များကိုခေါင်းဆောင်ဘို့ဖြစ်တယ်၊ ကျွန်တော်တို့သင်ကြားတတ်မြောက်ထားတဲ့ပညာတွေဟာအမျိုးသားတွေအတွက်အသုံးချဘို့သိပ်တန်ဘိုးရှိတယ်" ဟုဖော်ပြထားသည်။ အထူးအရာရှိ(၆)လခန့်အမှုထမ်းပြီးလစာဘားဘဝရပ်ဆိုင်းသွားတော့သည်။

အပိုဒ်(၉)

ဥက္ကဋ္ဌကြီးမန်းဘဇန်၏ အိမ်ထောင်ရေး

ဥက္ကဋ္ဌကြီးမန်းဘဇန်၏ဇနီးဒေါ်ကြည်ကြည်၏မိဘနှစ်ပါးမှာပိုးကရင်အမျိုးနွယ်စုဝင်မစ္စတာဝီလျံသော်မဆင်(ခေါ်)မန်းထွန်းစိန်နှင့်စကောကရင်မျိုးနွယ်စုဝင်အမိနော်အဲနာ(ခေါ်)နော်စိန်ရင်ဖြစ်သည်။ ဒေါ်ကြည်ကြည်သည်သားသမီး(၈)ဦးအနက်အကြီးဆုံးဖြစ်သည်။

သားသမီး ၈–ဦးမှာဒေါ်ကြည်ကြည်၊ဘောဘီ၊ဆန်နီ၊ ဂျော်ဂျီ၊ ဖရယ်ဒီ၊ (မန်းကျော်ခိုင်ထွန်း၊ ယခုတပ်မဟာ(၆)နယ်မြေတွင်အခြေပြုနေထိုင်သည်။) ဒန်နီ၊ ဝင်နီ(ဝါးဝါး)၊ ဝမ်းခါရှေ့ကက်ဘီလူးတိုက်ပွဲ၏သူရဲကောင်းစစ်သည်တော်တပ်ကြပ်ပုချို(ကျဆုံး) rocky ၏မိခင်၎င်းနောက်အထွေးဆုံးတော်မီမောင်မောင်ကြီးတို့ဖြစ်သည်။

ဒေါ်ကြည်ကြည်သည်မန်းထွန်းစိန်၊နော်စိန်ရင်တို့၏အကြီးဆုံးသမီးဖြစ်ပါသည်။ မိဘနှစ်ပါးမှာခရစ်ယာဘာသာဝင်များဖြစ်ကြပါသည်။ ဒေါ်ကြည်ကြည်သည်(၁၀)အထိပညာသင်ကြားခဲ့ကြပြီးရုပ်ရည်ချောမောလှပသူဖြစ်သည်။ ဥက္ကဋ္ဌကြီးအိမ်ထောင်ပြုချိန်တွင်အသက်(၂၁)နှစ်အရွယ်ရှိပြီးဒေါ်ကြည်ကြည်မှာအသက်(၂၀)ရှိပြီဖြစ်သည်။ ဝိဇ္ဇာတန်းနောက်ဆုံးနှစ်တွင်အိမ်ထောင်ကျသော်လည်းပညာရေးရည်မှန်းချက်အတိုင်းဘွဲ့ရသည်အထိကြိုးစားအောင်မြင်ခဲ့သည်။ သားသမီး(၁၀)ဦးထွန်းကားခဲ့သည်။ ၎င်းတို့မှာ –

(၁) ရူဘီဇန် (Ruby နှစ်နှစ်သမီးအရွယ်တွင်ဖျား၍ကွယ်လွန်သွားသည်။

(၂) ရောဘတ်ဇန်

(၃) ချောချောစိန်ဇန်(ထွီဖါးဝီးကြိုး၊ ခွေးအိပ်တောင်တိုက်ပွဲအာဇာနည်သူရဲကောင်းစစ်သည်တော်ဒုတိယဗိုလ်မိုးအောင်ဝင်း(ကျဆုံး)၏မိခင်၊)

(၄) ဆော်လ်ဒွင်ဇန်၊

(၅) အက်(စ)တာဇန်(နှစ်နှစ်သမီးအရွယ်တော်လှန်ရေးစတင်ချိန်ကကွယ်လွန်ခဲ့သည်။)

(၆) ဂျော်နီဇန်၊

(၇) ပိုးပိုဇန်(အသက်နှစ်ဆယ်လေးနှစ်တွင်မတော်တဆ



၁

၂

၃

၄

(၁)၁၉၇၄ တ ည လ တပ်ဆေါင်းစုကိုအကောင်အထည်ဖေါ်ခဲ့သူ

(၂)မန်းရောဘတ်ဇန်၊D.A.B စစ်ကြောင်းမှူး

(၃)မန်းဘောဲလဒွင်ဇန်၊K N D O တပ်ရင်း(၇) တပ်ရင်းမှူး

(၄) ၈ ထိုလွီ၊ဒုဗိုလ်–၁၉၈၇၊ကျဆုံး

၁

၂

၃

(၁)အပေါ်–မန်းဘဇန်နှင့်ဇနီးတို့သမီးထွေးမင်္ဂလာပွဲတက်ရောက်စဉ်

(၂)ရပ်–ဝဲမှယာ–နန်းနွယ်ဇန်၊ကော်နီဇန်၊ပိုးပိုဇန်(၁၉၇၄၊ဆုံး)၊
ထိုင်–ဝဲမှယာ–နော်ချောစိန်ဇန်၊ကေသီဇန်

(၃)၁၉၆၃–ဆွေးနွေး ပွဲ၊သမိုင်း၊အင်းစိန်နေအိမ်သို့ခေတ္တဝင်ရောက်စဉ်

ကျဉ်ဆံထိမှန်ကွယ်လွန်သည်။)

(၈) နန်းနွယ်ဇန်၊

(၉) ကောသီဇန်၊

(၁၀) ထိုလွီဇန်ဝမ်းခါရေ့(မြေနီတောင်)တိုက်ပွဲအာဇာနည်သူရဲကောင်းစစ်သည်တော်ဒုတိယဗိုလ်(ကျဆုံး)တို့ဖြစ်သည်။

သား(၃)ယောက်စလုံးမှာကရင့်တော်လှန်ရေးအောင်တံခွန်ကိုမြင့်မားစွာလွှင့်ထူပြီးအထွေးဆုံးသားတော်လှန်ရေးကြယ်ပွင့်မှာကြွေသွားရှာပြီဖြစ်သည်။သမီးများမှာ အိမ်ထောင်မပြုမီ တွင်တော်လှန်ရေးတာဝန်များကိုအသီးသီးယူကြပြီးအိမ်ထောင်ကျပြီးနောက်အိမ်ထောင်တာဝန်ကိုသာယူကြလေ့တော့သည်။

အိမ်ထောင်ရေးနှင့်ပတ်သက်ပြီးဉက္ကဋ္ဌကြီးမန်းဘဇန်မှ–

"ကျွန်တော်အိမ်ထောင်နှင့်ပတ်သက်ပြီးပြောရရင်ကျွန်တော်အိမ်ထောင်ဟာသာယာတဲ့အိမ်ထောင်ဖြစ်တယ်။ခရစ်ယာန်မိသားစုရဲ့အိမ်ထောင် ဖြစ်တယ်။ဘာကြောင့်လည်းဆိုရင်ကျွန်တော်ဟာဒီမိုကရေစီရှိတယ်။လင်နဲ့မယားမိဘနှင့်သားသမီးဆက်ဆံတဲ့နေရာမှာဒီမိုကရေစီရှိတယ်၊သားသမီးနဲ့မိဘဆက်ဆံတဲ့နေရာမှာ ခရစ်ယာန်ကျမ်းစာမှာပါရှိတဲ့(ဧဖက်သြဝါဒ)အခန်းကြီး(၆)အတိုင်းဆက်ဆံကြတယ်" ဟုဖေါ်ပြသည်။

အိမ်ထောင်ကျချိန်တွင်အမျိုးသားလွတ်မြောက်ရေးတာဝန်များနှင့်ပိနေသဖြင့်အိမ် တွင်နေရသည့်ရက်ဟူ၍မရှိသလောက်ပင်ဖြစ်သည်။သားသမီးများကိုဇနီးသည်မှပညာရေးကျန်းမာရေးအိမ်တွင်းမှုလုပ်ငန်းများကိုကြီးကြပ်ထိန်းကွပ်ရပါသည်။

ဇနီးသည်နှင့်သားသမီးအချို့သည်နေဝင်းအစိုးရ၏ညစ်ပတ်ယုတ်မာမှုကြောင့်၁၉၅၈ခုနှစ်တွင်(၁၁)လ,က.တကြိမ်၊(၁၉၆၆)ခုနှစ်တွင်(၅)နှစ်နှင့်(၁၀)လကြာ စုစုပေါင်းနှစ်ကြိမ်ဖမ်းဆီးခံခဲ့ရပါသည်။ကြွက်မနိုင်ကျည်မီးနဲ့ရှို့စစ်သည်တော်သူရဲကောင်းကျင့်ဝတ်မဟုတ်ဘဲခါးပြလုပ်ရပ်သာဖြစ်သည်။

မိခင်အားမတရားဖမ်းဆီးခံနေရစဉ်မိဘနှစ်ပါးနှင့်ကင်းကွာနေသောသားသမီးများမှဲ့တပေါက်မစွန်းရအောင်မိမိကိုယ်ကိုထိန်းသိမ်းခဲ့သည်။သားသမီးများမှာပညာရေးကိုလိုလားကြသော်လည်းတော်လှန်ရေးတွင်ဖြစ်ပေါ်လာသောအခက်အခဲများကြောင့်အထက်တန်းပညာအဆင့်ထိသာနေခဲ့ကြရသည်။သားသမီးများသည်တော်လှန်ရေးနယ်မြေမှာပင်ကြီးပြင်းလူလားမြောက်လာကြသဖြင့်တော်လှန်ရေးအသိတော်လှန်ရေးစိတ်ဓါတ်နှင့်မျိုးချစ်စိတ်ဓါတ်ရှိကြသည်။

အိမ်ထောင်ရှင်တော်လှန်ရေးသမားတယောက်နှင့်ပတ်သက်၍ထားရှိရမည့်သဘောထားကိုဉက္ကဋ္ဌကြီးမန်းဘဇန်မှ–

"ကျွန်ုပ်အိမ်ထောင်သက်တန်းတလျှောက်အိမ်ထောင်ရေးသာယာမှုရှိတယ်၊အကြိမ်ပေါင်းများစွာတော်လှန်ရေးကဖြစ်ပေါ်လာတဲ့အခက်အခဲတွေကိုသတ္တိရှိရှိနှင့်ရင်ဆိုင်ဖြေရှင်း၊ကျော်လွှားနိုင်ခဲ့တယ်။ဘယ်လောက်ဘဲအခက်အခဲတွေကိုရင်ဆိုင်ရပါစေ၊စိတ်ဓါတ်ကျဆင်းမှုမရှိဘဲတော်လှန်ရေးအလံတော်ကိုမြင့်မြင့်မားမားလွှင့်ထူသွားမှာဖြစ်တယ်။တော်လှန်ရေးဟာမြတ်သောလုပ်ဆောင်ချက်ဖြစ်တဲ့အတွက်မုချအောင်ရမယ်လို့အလေးအနက်ယုံကြည်ပါတယ်" ဟုပြောကြားခဲ့သည်။

ဉက္ကဋ္ဌကြီးမန်းဘဇန်နှင့်ဒေါ်ကြည်ကြည်တို့မှဆင်းသက်ဖွါးမြင်လာကြသောမျိုးဆက်သစ်၊သားသမီး၊မြေး၊မြစ်များမှာ–

အမျိုးသားလွတ်မြောက်ရေးအတွက်၎င်း၊

ဒီမိုကရေစီရေးနှင့်တန်းတူရေးအတွက်၎င်း၊

ငြိမ်းချမ်းသာယာဝပြောသောလူ့ဘောင်သစ်အတွက်၎င်း၊

ရှင်သန်ကြီးထွားအလုပ်အကြွေးပြုနိုင်ကြပါစေဟုဆန္ဒပြုအပ်ပါသည်။

အပိုဒ်(၁၀)

မအူပင်မြို့အမျိုးသားကျောင်းအုပ်

မအူပင်မြို့တွင်ဒုတိယကမ္ဘာစစ်ကြောင့်ပိတ်ထားရသော(အေဘီအမ်)(ABM)အမေရိကန်ခရစ်ယာန်သာသနာပြုအလယ်တန်းကျောင်းသည်ကျောင်းအင်္ဂါရပ်နှင့်ပြည့်စုံသဖြင့်ခေတ်ပညာတတ်ကရင်မျိုးချစ်တယောက်ဖြစ်သူဆရာမန်းကြာလှိုင်မှထိုကျောင်းအားကြည့်ကာငါဒီကျောင်းကိုဖွင့်နိုင်ရင်ကရင်အမျိုးသားတွေအတွက်အကျိုးရှိမှာဘဲဟုစတင်တွေးမိပါ၏။သို့သော်ထိုအချိန်ကကျောင်းအုပ်လုပ်သူသည်ဝိဇ္ဇာဘွဲ့(ဘီအေ)(B.A)အောင်ရမည်ဖြစ်ရာအထက်တန်းကျောင်းအထိဖွင့်ရန်အခက်အခဲအနည်းငယ်ရှိပေသည်။ထို့ကြောင့်တနေ့တွင်ဆရာမန်းကြာလှိုင်မှ –

"ဘဘဇန်–ဒီကျောင်းကိုကြည့်စမ်း။ငါတို့ကရင်အမျိုးသားတွေအတွက်လုပ်လိုက်ရင်ကောင်းမှာပဲ။ခင်ဗျားကဝိဇ္ဇာဘွဲ့ရတော့ကျောင်းအုပ်လုပ်ရင်ရတယ်။ဒီတော့ခင်ဗျားလုပ်မလား" လို့ဆိုလာတယ်။

ဒီကျောင်းအုပ်လုပ်ငန်းဟာတဘက်ကတမျိုးသား အကျိုးအတွက်အများကြီးအထောက်အကူရမယ်။လူငယ်တွေကိုစည်းရုံးပညာပေးနိုင်မယ်လို့သဘောထားကာ ကျောင်းအုပ်လုပ်ရန်အဆိုပြုချက်ကိုလက်ခံလိုက်ပြီးမအူပင်မြို့ကရင်အထက်တန်းကျောင်း(အလွတ်ပညာသင်ကျောင်း)တည်ဆောက်လိုက်သည်။

မအူပင်မြို့ကရင်အမျိုးသားအထက်တန်းကျောင်းတည်ထောင်ဖွင့်လှစ်သည့်ကိစ္စနှင့်ပတ်သက်၍ဦးဣန္ဒြကြီးမန်းဘဇန်မှ –

"ကျွန်တော်တို့ကျောင်းထောင်မယ်သာပြောတာ ဘာမှမရှိဘူး၊ဘာလုပ်ရလဲဆိုတော့ငွေနှင့်ကျောင်းဆရာတွေရအောင်စည်းရုံးရမယ်" ဟုဖေါ်ပြသည်။

ကျောင်းဆရာကိုဦးစားပေးရှာရသည်။ယခင် (အေဘီအမ်)ကျောင်းမှကျောင်းဆရာများသည်ယခုအလုပ်အကိုင်မရှိကြပေ။၎င်းဆရာများသည်အရည်အချင်း၊အတွေ့အကြုံများစွာရှိသည့်အပြင်မျိုးချစ်စိတ်ရှိသူများဖြစ်ပြီးဆရာဖြင့်လက်မှတ်ရထားသူများလည်းဖြစ်သည်။

ကျောင်းအတွက်လိုအပ်သော်ဆရာ၊ဆရာမများကိုကြိုးစားရှာဖွေရာ(၇)တန်းအထိသင်ရန်ဆရာ၊ဆရာမများကိုရရှိခဲ့သည်။ယင်းအထက်တန်းကျောင်းအတွက်နောက်ထပ်လိုအပ်သည်များ၊ဆောင်ရွက်နိုင်ရန်ဆရာကြီးမန်းကြာလှိုင်နှင့်ပူးတွဲကာဝန်ယူလိုက်သည်။နယ်မှတက်လာသော ကျောင်းအိပ်၊ကျောင်းစားကျောင်းသားများနေထိုင်ရန်အတွက်အဆောင်ရှိပြီးဖြစ်ရာစားရေး၊သောက်ရေးအတွက်ထပ်မံစီစဉ်ရပြန်သည်။

ကျောင်းဖွင့်လျှင်ကျောင်းအိပ်၊ကျောင်းစားများစားသောက်နိုင်ရန်အတွက်ဆရာမန်ကြာလှိုင်ထံမှစပါးအတင်း (၂၀)ကိုယူကာနယ်မှကျောင်းသားများ၏စားဝတ်နေရေးပြဿနာကိုဖြေရှင်းရလေသည်။နယ်မှကျောင်းသားများလာရောက်ပညာသင်ကြားကြရန်ဦးဣန္ဒြကြီးမန်းဘဇန်မှ–

"ကျွန်တော်မှမအူပင်ခရိုင်ကောအဲန်ယူကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌတယောက်အနေနဲ့အစည်းအဝေးတရပ်ခေါ်ယူပြီးအမျိုးသားအထက်တန်းကျောင်းဖွင့်မယ်၊ကျောင်းသားတွေပို့ဘို့ဆွေးနွေးတဲ့အခါမှာနယ်ကကျောင်းသားတွေရောက်လာလို့ဒီအမျိုးသားကျောင်းကိုထူထောင်နိုင်ခဲ့တယ်" ဟုပြောကြားပါသည်။

ကျောင်းစတင်ဖွင့်ချိန်တွင်ကျောင်းသားများထံမှကျောင်းလခယူပြီးကျောင်းဆရာ၊ဆရာမများအတွက်လစာငွေများနှင့်ကျောင်းအိပ်ကျောင်းစား၊ကျောင်းသားများအတွက်ရိက္ခာနှင့်ရေမီးများပါစီစဉ်ရသည်။အစပထမတွင်မူလတန်း၊အလယ်တန်း၊အထက်တန်းပြဆရာ၊ဆရာမများနှင့်ကျောင်းအုပ်ပါမကျန်တလလျှင်(၄၀)ကျပ်နှင့်စတင်ကြရန်အားလုံးကသဘောတူကြသည်။မျိုးချစ်စိတ်ဓါတ်ကိုအခြေခံ၍ဖွင့်လှစ်သောကျောင်းဖြစ်သဖြင့်ထိုကျောင်းအတွက်ကျေးရွာများမှဆန်နှင့်ငရုပ်သီးများပို့ပေးကြသည်။ကျောင်းဆရာ၊ဆရာမများ၊ကျောင်းသူ၊ကျောင်းသားများအတွက်ရိက္ခာပြဿနာတစုံတရာပြေလည်မှုရှိလာသည်။

ဥက္ကဋ္ဌကြီးမန်းဘဇန်သည်သားသမီး(၃)ယောက်ထွန်းကားနေသည့်တိုင်မအူပင်ခရိုင်ကေအဲန်ယူဥက္ကဋ္ဌနှင့်အမျိုးသားအထက်တန်းကျောင်းအုပ်ကြီးဖြစ်နေလင့်ကစားမိဘကိုမှီခိုနေရဆဲဖြစ်သည်၎င်း၏လက်ရှိဘဝနှင့်ပတ်သက်ပြီး–

"ကျွန်ုပ်ကိုဝိဇ္ဇာတန်းအထိပညာသင်ပေးခဲ့တဲ့အဖေရည်ရွယ်ချက်ကအစရာရှိဖြစ်ဘို့ပဲ၊အဲ ဒီလိုဖြစ်ဘို့အကြောင်းဖန်လာတာကိုလက်မခံဘူးဆိုတော့အဖိုးကြီးဒေါပွတာပေါ့၊ကျောင်းမဖွင့်ခင်လေးမှာဖြစ်ခဲ့တဲ့ပြဿနာတခုအပေါ်ကျွန်တော်စိတ်ထိခိုက်သွားတယ်။တနေ့ကျွန်တော့်သားသမီး(၃)ယောက်ဖြစ်တဲ့ရောဘတ်၊ချောချောစိန်နဲ့ဘော်လ်ဒွင်တို့ဟာမုန့်သည်လာလို့မုန့်စားချင်တယ်လို့ပြောကြတယ်။ဒီတော့အဘိုးက" အေးအေးမင်းအဖေနိုင်ငံရေးသမားကြီးဆီမှာသွားတောင်း" လို့ခနဲ့တဲ့တဲ့နဲ့ပြောလိုက်တယ်။ကျွန်တော်အတော်စိတ်မကောင်းဖြစ်သွားတယ်။ကျနော်စဉ်းစားတယ်။အောင်ငါလုပ်တဲ့အလုပ်ခလေးတွေတော်တော်ဆင်းရဲပါလား၊ငါ့အဖေလဲ မကြိုက်ဘူး၊ငါအစိုးရအလုပ်ပြန်လုပ်ရင်ကောင်းမလားလို့စိတ်ထဲမှာဖြစ်ပေါ်လာတယ်ဟု၎င်းဘဝအခက်အခဲအတွေ့အကြုံကျော်လွှားခဲ့ပုံများကိုပေါ်ပြခဲ့သည်။

ဤအမျိုးသားအထက်တန်းကျောင်းအားစုပေါင်းခေါင်းဆောင်မှုအခြေခံပေါ်တွင်ဖွင့်ခြင်းဖြစ်သည်။ကျောင်းလခတလလျှင်(လေးဆယ်)ဆိုလင့်ကစားအရေးပေါ်ကိစ္စကိုယ်ရေးကိုယ်တာကိစ္စများပေါ်ပေါက်ခဲ့သော်အခမဲ့ထောက်ပံ့ရန်ရံပုံငွေထားရှိသည်။ထို့ကြောင့်ဆရာဆရာမများအတွင်းညီညွတ်ကြသည်။

ကျောင်း၏သင်ပြမှုစနစ်မှာစနစ်သစ်ဖြစ်သည်။ကျောင်းသားများအားရိုက်နှက်ဆုံးမမှုမရှိပဲသဘောတရားရေးရာများပေး၍သင်ကြားသည့်အပြင်ကျောင်းသားသမဂ္ဂထူထောင်ခွင့်ပေးပြီးထိုကျောင်းသားသမဂ္ဂမှ

ကျောင်းလုပ်ငန်းတစိတ်တဒေသနှင့်ကျောင်းကွင်းစည်းလုံးညီညွတ်ရေးတာဝန်များတွင်တာဝန်ယူလုပ်ကိုင်နိုင်ရန်ပညာပေးပြုစုပျိုးထောင်သည်။

ဆရာ၊ဆရာမများမှာအရည်အချင်းပြည့်ဝခြင်းနှင့်သင်ကြားမှုကောင်းမွန်ခြင်းတို့ကြောင့်ကျောင်းသူကျောင်းသားများမှာစာသင်ကြားမှုတွင်စိတ်ပါဝင်စားစွာကြိုးစားသင်ကြားကြပြီး၊အောင်ချက်များကောင်းလာကြသည်။အထက်တန်းကျောင်းဆိုလင့်ကစား(၈)တန်းအထိသာရှိသေးသည်။ထိုကျောင်းမှ(၈)တန်းကျောင်းသူကျောင်းသား(၈)ဦးအားရွေးချယ်ပြီးအစိုးရစစ်(၁၀)တန်းစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခိုင်းရာ(၆)ယောက်အောင်မြင်သည်။အောင်ချက်ကောင်းသဖြင့်အစိုးရကျောင်းမှကျောင်းသားများမှာဤကျောင်းတွင်လာရောက်ပညာသင်ကြားလိုကြသည်။သို့သော်အစိုးရကျောင်းမှ၎င်းကျောင်းသားများကိုလက်မခံရန်မေတ္တာရပ်ခံကြသည်။

ပထမနှစ်တွင်ကျောင်းသူကျောင်းသားများ(၃၀၀)ခန့်ရှိသည်။နောက်နှစ်တွင်ကျောင်းသူကျောင်းသားပေါင်း(၇၀၀)ကျော်ရှိလာသည်။ဤအချင်းအရာသည်တိုးတက်မှုဖြစ်သည်။ဥက္ကဋ္ဌကြီးမန်းဘဇန်သည်အမျိုးသားရေးလုပ်ငန်းကိုအဓိကဇောင်းပေးကာလုပ်ကိုင်နေသဖြင့်ကျောင်းကိုပြန်မကြည့်အားပေ။ဤကြောင့်၏အဓိကဇတ်ဆရာကြီးမှာဆရာကြီးမန်းကြာလှိုင် ဖြစ်သည်။၎င်းသည်အထက်တန်းကျောင်းမှ ကောလိပ်ကျောင်းအထိတိုးမြှင့်ဖွင့်လှစ်ရန်ရည်ရွယ်ချက်ထားရှိသည်။

ဤကျောင်းသည်တစတစတိုးတက်ကြီးမားလာသည်။ကျောင်းသို့ရောက်ရှိလာကြသောကျောင်းသူကျောင်းသားတိုင်းရင်းသားများအားမျိုးချစ်စိတ်များရိုက်သွင်းပေးသဖြင့်ကျောင်းသူကျောင်းသားများတွင်မျိုးချစ်စိတ်များဝင်လာကြသည်။ဤအခြေအနေအပေါ်ဖဆပလအစိုးရမှမရှုစိမ့်သဖြင့်ဤကျောင်းအားအလွတ်ပညာသင်ကျောင်းမှအစိုးရကျောင်းလုပ်ရန်နှင့်ကျောင်းဆရာဆရာမများအားအစိုးရလစာအတိုင်းတိုးမြှင့်ပေးရန်အကြပ်ကိုင်လာသည်။

အစိုးရကျောင်းအဖြစ်မခံဘဲအစိုးရအသိအမှတ်ပြုကျောင်းအဖြစ်လက်ခံပြီးဆက်ဖွင့်သည်။အစိုးရကျောင်းဆရာဆရာမများ၏လစာမှာမူလတန်း(၄၀)အလယ်တန်း(၁၂၀)နှင့်အထက်တန်း(၂၄၀)ဟုသတ်မှတ်ထားသော်လည်းဤကျောင်းတွင်မူလတန်းပြ(၈၀)အလယ်တန်းပြ(၁၁၀)နှင့်အထက်တန်း(၁၂၀)ဟူ၍သတ်မှတ်ပေးပြီးဖဆပလအစိုးရ၏ခြေရှုပ်မှုကို ကျော်လွှားနိုင်ခဲ့သည်။

နောက်တနှစ်(KYO) Karen Youth Organization) ကရင်လူငယ်အဖွဲ့မှ ခြေရှုပ်လာပြန်သည်။ဤကျောင်းသည်ကေကအဲန်ယူခေါင်းဆောင်မန်းဘဇန်တို့မှ ဦးစီးဖွင့်လှစ်ထားသဖြင့်(KYO)မန်းဝင်းမောင်တို့မှမကျေနပ်ကြပေ။ထို့ကြောင့်၎င်းတို့စည်းရုံးသိမ်းသွင်းထားသော(BED)ပညာရေးဝိဇ္ဇာဘွဲ့ ဆရာမနှစ်ဦးအားခေါ်သွင်းလာသည် ကျောင်း၏တိုးတက်မှုကိုအဟန့်အတားလုပ်ရန်ဖြစ်သည်။

(KYO) ဆရာမနှစ်ဦးမှသတင်းကျွတ်တွင်ကျောင်းတာလပိတ်ရေးကိုကန့်ကွက်ပြီး(၁၀)ရက်သာပိတ်ရန်အဆိုတင်သွင်းသည်။သို့သော်၎င်းတို့အဆိုတင်သွင်းမှုအားပယ်ချခဲ့ကြသည်။ဆက်လက်၍၁၉၄၈ခုနှစ်ဖေဖော်ဝါရီလ(၁၁)နေ့တွင်မအူပင်မြို့ပေါ်၌ကျောင်းလုံးကျွတ်ဆန္ဒပြပွဲကြီးစီစဉ်သည်ကို၎င်းတို့မှကန့်ကွက်ဟန့်တားကြသည်။ထိုသို့ကန့်ကွက်ဟန့်တားမှုကိုအချို့ကျောင်းသားများမှခင်ဗျားတို့သစ္စာဖေါက်တွေဟုပြောဆိုကြသဖြင့်ကျောင်းသားထုအတွင်း၎င်းတို့ခြေရှုပ်မှုများဆုံးရှုံးသွားခဲ့သည်။

တနေ့တွင် ဇရာဂကီကိုင်း ကရင်ပညာဝန်မှ "ဟေ့–မန်းဘဇန် မင်းကျောင်းအုပ်လုပ်နေတယ် မဟုတ်လား။ ကျောင်းအုပ်လုပ်ပြီးဘယ်လိုလဲ"ဟုမေးလာသဖြင့် "ဒီလိုပေါ့ ပညာဝန်ရယ် အမျိုးသားရေးအတွက် လုပ်ရတာပေါ့"ဟု ပြန်ဖြေကြားလေသည်။ ထိုအချိန်၌ တမျိုးသားလုံးမှာအမျိုးသားရေးစိတ်ဓါတ်များတက်ကြွနေသဖြင့် တိုင်းပညာဝန်မှ ဝင်ရောက်ဟန့်တား ခြင်းမပြုပေ။

စော ဘဇန်မှ မန်းဘဇန်သို့ ပြောင်းလဲခေါ်ရခြင်းနှင့် ပတ်သက်၍ ဥက္ကဋ္ဌကြီးမန်းဘဇန်မှ –

"မန်းတတ်တာနဲ့ ပတ်သက်ပြီး နည်းနည်းပြောချင်တယ်အခြားကြောင့်မဟုတ်ဘူး။ကျွန်တော်တို့ကရင်ထဲမှာ အစွဲအလန်းရှိတယ် ဒီအဖွဲ့အစည်းဟာ စကော ဦးဆောင်တာလား ပိုးဦးဆောင်တာလားပေါ့၊ ကျွန်တော်ကတော့မလိုပါဘူးပိုးဖြစ်ဖြစ်စကောဖြစ်ဖြစ်ဦးဆောင်ရင်ပြီးတာပဲဒါကြောင့်ကျွန်ုပ်နာမည်ကိုစောဘဇန်ကနေမန်းဘဇန်လို့ ပြောင်းတတ်လိုက်တယ်။ မန်းဘဇန်ဖြစ်သွားတယ်။ မန်းတတ်ချင်လို့ပိုးကရင်အစွဲကြီးလို့မဟုတ်ဘူး၊တဖက်ကပိုးကရင်လူထုကို စည်းရုံးဘို့ ပိုးကရင်တွေ တော်လှန်ရေးမှာ ပါဝင်လာဘို့ဖြစ်တယ် ဒီလိုမှ မလုပ်ရင် ပိုးကရင်တွေသိပ်ဘဝင်မကျဘူး။တို့မန်းတွေလည်းပါတယ်ဆိုတော့သူတို့သဘောကျတယ် လုပ်ငန်းအောင်မြင်ရေး အတွက်

ပေါ့" ဟုဖော်ပြသည်။

ဤကျောင်းသည် ပညာရေးဘက်တွင် အောင်ချက်ကောင်းခြင်း အမျိုးသားရေး လှုပ်ရှားမှုသည် ကျောင်းလုံးကျွတ် ဆန္ဒပြခြင်းနှင့် ကေအဲန်ယူကျောင်းဖြစ်သောကြောင့် ဖဆပလအစိုးရမျက်မုန်းကျိုးနေသည်ကရင်အမျိုးသားများ လက်နက်ကိုင်တော်လှန်ရေးစတင်သည့် (၁၉၄၉) ခုနှစ် ဇန္နဝါရီလ(၃၁)ရက်နေ့၌(KNDO) ကိုမကရားအသင်းကြေငြာပြီးဤကျောင်းအားမီးရှို့ဖျက်ဆီးလိုက်တော့သည်။

ဖဆပလအစိုးရ၏ မီးကင်ရှို့မှုကြောင့်ကရင်အမျိုးသားအထက်တန်းကျောင်းကြီးသည်မီးလောင်ပြာကျပျက်စီးသွားပြီဖြစ်သော်လည်းကရင်တမျိုးသားလုံး၏ နှလုံးသားတွင် ဤသို့သောအထက်တန်းကျောင်းများကောလိပ်တက္ကသိုလ်များဆေးတက္ကသိုလ်များစက်မှုတက္ကသိုလ်စိုက်ပျိုးရေးတက္ကသိုလ်စစ်တက္ကသိုလ်စသည့်တက္ကသိုလ်များအနာဂါတ်တွင်ဖွားမြင်လာမည့်အဘကရင်ပြည်တွင်အနှံ့အပြားပေါ်ထွက်လာမည်ဟုမျှော်လင့်ယုံကြည်နေသည်။

ကျောင်းသားလေးများ၏စာအံသံတေးသီသံနှင့်ခေါင်းလောင်းသံများသည်အဘကရင်ပြည်၏ထက်ဝေဟင်ကောင်းကင်ပြင်၌အမြောက်သံဗုံးသံစိန်ပြောင်းသံများကိုဖုံးအုပ်လွှမ်းခြုံသွားလိမ့်မည်ဟုယုံကြည်မျှော်လင့်နေကြသည်။

မအူပင်မြို့ ကရင်အမျိုးသား အထက်တန်း ကျောင်းကြီး မီးလောင်ပြာကျသွားသည်နှင့် မန်းဘဇန်၏ အမျိုးသားကျောင်းအုပ်ဘဝသည်လည်း ကခန်းရပ်သွား ရလေသည်။

အပိုဒ်(၁၁)

မန်းဘဇန်နှင့်မန်းစိန်ပွင့်

မန်းဘဇန်နှင့်မန်းစိန်ပွင့်ကို နှစ်ဦးသည်စာရေးသူ၏ဖခင်နှင့်အဘိုးများဖြစ်ကြသည်။၎င်းတို့နှစ်ဦး၏ (ကရင့်တော်လှန်ရေးအပေါ်အမြင်နှင့်သဘောထား)ကို ရေးမပျက်စေခြင်းငှာဥက္ကဌကြီးမန်းဘဇန်ကိုယ်တိုင်အသံသွင်းခဲ့သည့်တိတ်ခွေမှတိုက်ရိုက်ကူးယူဖော်ပြထားပါသည်။ ဥက္ကဋ္ဌကြီးမန်းဘဇန်မှ –

"ကျွန်ုပ်အဖေကတော့အစိုးရအမှုထမ်း(ဝန်ထောက်) ပေးတာမယူလို့မကျေနပ်ဘူး။ဒါပေမဲ့ထူးခြားတာတခုက (၁၉၄၈)ခုနှစ်ဖေဖော်ဝါရီလ(၁၁)ရက်နေ့ဆန္ဒပြပွဲကိုသူသွားကြည့်တယ်။တောကတက်လာတဲ့ကရင်(၂၀၀၀၀)ကျော်ကမြို့ထဲမှာဆန္ဒပြကြတယ်။မအူပင်မြို့ပေါ်မှာတော့ကရင်အိမ်ခြေ(၅၀)လောက်ဘဲရှိတယ်။ကရင်လူထု(၂၀၀၀၀)လောက်ဆန္ဒပြကြတော့ဒီလောက်အုံကြွနေပါလားညီညွတ်နေကြပါလားဆိုတာသူတွေ့သွားတယ်။ဒီတော့မှငါ့သားလုပ်တာအတော်အောင်မြင်နေပါလားဆိုတာသိသွားပြီးဘာမှမပြောတော့ဘဲငြိမ်နေတော့တယ်"။

"တခုတော့ထူးခြားတာရှိတယ်။ကျွန်တော်တို့အတူတူတအိမ်တည်းနေတဲ့ကျောင်းအုပ်လုပ်တော့တောကတက်လာတဲ့ကျေးရွာဥက္ကဋ္ဌတွေ၊မြို့နယ်ဥက္ကဋ္ဌတွေနဲ့ဆွေးနွေးတာကိုသူနားထောင်ပြီးစိတ်ဝင်စားလာတယ်။ထောက်ခံလာတယ်။ဒီလိုလုပ်နေတာတွေကိုသိပ်ပြီးမကန့်ကွက်တော့ဘူး"။

"အဲဒီလိုမြို့နယ်ခေါင်းဆောင်တွေကျေးရွာခေါင်းဆောင်တွေနဲ့တွေ့ဆုံတာကိုသူသိပ်ပြီးသဘောကျတယ်။တနေ့အကြောင်းတခုပေါ်လာတယ်။(၁၉၄၈)ခုနှစ်မတ်လ(၁)ရက်နေ့အစည်းအဝေးပြီးတဲ့အခါကရင်တွေသိပ်ပြီးအုံကြွလာတယ်။ဖဆပလအစိုးရကသူ့အစီအစဉ်တွေမအောင်မြင်တော့ဘယ်လိုတွေးခေါ်လာသလဲဆိုတော့၊ဒီကိစ္စမှာတကယ်အရေးကြီးတဲ့ပုဂ္ဂိုလ်ကတော့စောဘဦးကြီးနဲ့မန်းဘဇန်ဘဲဖြစ်တယ်။မန်းဘဇန်ကိုတခုခုလုပ်လိုက်မယ်ဆိုရင်ကရင်တွေအုံကြွမှုဟာတခုခုဖြစ်သွားနိုင်တယ်ဆိုတဲ့အတွေးအခေါ်ဝင်လာတယ်"။

"ဟုတ်ပါတယ်။ကျွန်တော်(KNDO)ကိုကိုင်တော့လှုပ်ရှားမှုတွေအားလုံးကို(KNDO)ကလုပ်တယ်။စောဘဦးကြီးကတော့ဩဇာရှိတဲ့ခေါင်းဆောင်တယောက်၊သူတို့ဘာစီစဉ်သလဲဆိုရင်ကျွန်တော်အလုပ်မလုပ်နိုင်အောင်ကျွန်ုပ်ကိုဖမ်းဘို့စီစဉ်လာတယ်။အဲဒီလိုမဖမ်းခင်သတိပေးတဲ့အနေနဲ့ဦးနုကစောဘဦးကြီးကိုခေါ်ပြောတယ်"။

"ခင်ဗျားမန်းဘဇန်ကိုပြောလိုက်ပါ။ဒီလိုတော့မလုပ်ပါနဲ့အခြေအနေတွေသိပ်ဆိုးနေပြီ။ကျွန်တော်တို့မန်းဘဇန်ကိုတခုခုလုပ်ရလိမ့်မယ်လို့ပြောကြောင်းစောဘဦးကြီးကကျွန်ုပ်ကိုခေါ်ပြောတယ်။

"ဟေ့–ဘဇန်မင်းကိုဖမ်းလိုက်မယ်တဲ့"

"ဖမ်းရင်လဲဖမ်းပေါ့ဗျာ၊ကျနော့ကိုဖမ်းရင်အလုပ်လုပ်လို့မရဘူးဒါပေမဲ့ကျနော်ကိုပြန်နောက်ဆုတ်လို့မရဘူး။ဒါဟာသူ့ကာလသူ့အချိန်နဲ့ဖြစ်ပေါ်လာတဲ့ကိစ္စပဲ၊ဒီတော့ကျွန်တော်ဆက်လုပ်ရမှာပဲ" လို့ပြောတော့ဥက္ကဋ္ဌကြီးစောဘဦးကြီးက"အေး–ကြည့်ပြီးတော့သာနေပေါ့"လို့ဆိုတယ်။ဦးနုတို့ဖဆပလအစိုးရကဖမ်းမယ်ဆိုတာကိုကျနော့်အဖေသိလာတယ်။ဖမ်းမယ်ဆိုတော့ကျနော့်မှာ

အခက်အခဲရှိတယ်ဖမ်းမယ်ဆိုရင်အလုပ်မလုပ်နိုင်တာတကြောင်း၊နောက်တချက်ကျနော့်ခလေးတွေကိစ္စ၊ဒီသံယောဇဉ်ကြောင့်ပေါ့နဲ့နဲတော့စိတ်ပူတယ်၊ဒါပေမဲ့ကျနော်သိပ်မမှုဘူး။ကျနော်လုပ်ရမဲ့အလုပ်ကသိပ်ပြီးတိုးတက်အောင်မြင်နေတယ်။ကျနော့်ကိုဖမ်းမယ်ဆိုတာအဖေကကြားတော့ခေါ်မေးတယ်"။

"ဟော့ဘဇန်မင်းကိုဖမ်းမယ်ဆို"အဲဒီလိုပဲ"ဉက္ကဋ္ဌကြီးစောဘဦးကြီးကပြောတယ်" "အဲဒါမင်းဘယ်လိုလုပ်မလဲ" "အဖမ်းခံရရင်တော့ကျနော့်အလုပ်လဲထိခိုက်မယ်၊ကျနော့်သားမယားတွေအတွက်လဲပူပန်တယ်၊သူတို့အတွက်အိမ်ထောင်ရေးဝမ်းရေးပြဿနာတွေ"ဒီတော့အဖေက"အိမ်ထောင်ရေး၊ဝမ်းရေးပြဿနာတွေဟုတ်လား၊မင်းကိုအရင်တုံးကဘယ်သူကြွေးထားလဲ၊မင်းနိုင်ငံရေးလုပ်တဲ့အခါအမျိုးသားရေးလုပ်တဲ့အခါငါပဲကြွေးနေတယ်၊အခုမင်းအဖမ်းခံရရင်ငါပဲကြွေးရမှာပေါ့"တဲ့ကျနော်သိပ်အံ့အားသွားတယ်ဝမ်းလဲသာတယ်၊ကျနော့်အဖေကဆက်ပြောတယ်၊မင်းအလုပ်ကတော့အခုမှနိ ပြီကွ၊ဒါပေမဲ့ဒီလိုရှိတယ်။အမျိုးသားရေးလုပ်ရင်အဖမ်းခံရမယ်။ထောင်ကျမယ်။သေမယ်။မင်းကြည့်ပေါ့ကွာ၊အိန္ဒိယပြည်လွတ်လပ်ရေးရသွားပြီးမဟုတ်လား။ဘယ်သူလုပ်လဲ၊ဂန္ဒီလုပ်တယ်။ဂန္ဒီဘယ်နှစ်ကြိမ်ထောင်ကျသလဲဆိုတာမင်းသိသားပဲ။ အေး–အဲဒီလိုလုပ်ရမှာပဲကွ" အဲဒီလိုကျနော့်အဖေကပြောလာတော့အင်မတန်အားတက်ဝမ်းသာသွားတယ်။(ဟုတ်ပြီငါ့အလုပ်တခုတော့အောင်ပြန်ပြီ)ဆိုပြီးအမျိုးသားရေးအတွက်စိတ်ဓါတ်တက်ကြွလာတယ်။အလုပ်လုပ်၍ပိုပြီးစိတ်ဓါတ်တက်ကြွခိုင်မာလာတယ်။နောက်တချက်ကတော်လှန်ရေးစပြီး(၁၉၅၀)ခုနှစ်မှာကျနော့်အဖေဟာလူကြီးရောဂါနဲ့ကွယ်လွန်သွားတယ်။သူမကွယ်လွန်မီစာတစောင်ရေးထားခဲ့တယ်။ဒီစာမှာဘယ်လိုပါသလဲဆိုတော့–" ငါ့သား–မင်းဒီနေ့လုပ်နေတဲ့အလုပ်ဟာမှန်တယ်၊ဒီတော့မင်းဒီအလုပ်ကိုရှေ့ဆက်သွားပါ၊နောက်ပြန်လှည့်မကြည့်နဲ့၊ပြဿနာတွေတော့ရှိလာမယ်၊ဘာဘဲရှိရှိပေါ့လေ၊ကျမ်းစာထဲမှာပါတယ်မဟုတ်လား၊လယ်သမားတယောက်ဟာသူတမန်းရအောင်လယ်ထွန်တာ ရှေ့မှာမြို့တွေ ငုတ်ခံတွေ ဘာတွေပဲ ရှိရှိ ရှင်းပစ်ပြီး တမန်းရအောင်လုပ်သလို မင်းတို့အခုလုပ်နေတဲ့တော်လှန်ရေးမှာ ဘယ်လိုအခက်အခဲ အနှောက်အယှက်အတားအဆီးတွေရှိရှိ ရှေ့ကိုသာ တစိုက်မတ်မတ်သွား၊ကိုယ်လုပ်မဲ့အလုပ်ကိုသာလုပ်၊မင်းအခုလုပ်နေတဲ့တော်လှန်ရေးဟာမှန်တယ်။ ဒါအောင်ရမယ်။ ငါ့သား – မင်းတခုနားလည်ရမှာက–ဘုရားသခင်ကိုမမေ့ပါနဲ့၊ဘုရားသခင်ကိုဦးထိပ်ထားပြီးတော့ မင်းလုပ်သွားမယ်ဆိုရင် အောင်မြင်မှာဖြစ်တယ်"ဆိုတဲ့စာလေးရေးပေးခဲ့တယ်။ဒီစာကိုဖတ်ပြီးငါ့တော်လှန်ရေးလုပ်ငန်းတဝက်အောင်ပြီကွလို့ဝမ်းသာသွားတယ်။ ဘာပဲဖြစ်ဖြစ်ငါသေရင် သေပါစေ ငါ့လုပ်ငန်းဟာမှန်ကန်တယ်။ မှန်မြတ်တယ်။ ပြီးဆုံးတဲ့အထိ ငါလုပ်သွားမယ်လို့သံဓိဋ္ဌာန်ချလိုက်တယ်။ကျနော့်အဖေရဲ့သဘောထားပြောင်းသွားမှုဟာ ကျနော့်ရဲ့အောင်မြင်မှုတရပ်လို့ ကျနော်ခံယူတယ်။ အဲဒီအဖေ့စကား အဖေ့သေတမ်းစာဟာ ဒီနေ့အထိကျနော့်ဦးနှောက်ထဲမှာရှိတယ်။အဲဒီသေတမ်းစာဟာအကြပ်အတည်းတွေကိုင်းကျွန်တော်သတိရပြီးအကြပ်အတည်းကိုရင်ဆိုင်ကျော်လွှားခဲ့တယ်၊ဖြေရှင်းနိုင်ခဲ့တယ်ဟုဖေါ်ပြခဲ့သည်၊

မန်းစိန်ပွင်နှင့်မန်းဘဇန်ဆိုသည်မျိုးချစ်ပုဂ္ဂိုလ်နှစ်သည်တော်လှန်သည်ကရင်မျိုးဆက်သစ်များမွေးဖွါးပေးခဲ့ပြီးလူလောကမှအသီးသီးထွက်ခွါသွားကြပြီးဖြစ်သည်၊သို့သော်ငင်းတို့ချမှတ်ပျိုးထောင်ပေးခဲ့သည့်အမျိုးသားဒီမိုကရေစီရေး၊တန်းတူရေး၊လူမျိုးစုံသွေးစီးချစ်ကြည်ရေးနှင့်ထာဝရငြိမ်းချမ်းရေးအသီးအပွင့်များ၊ဝေဆာစွာဖူးပွင့်လာစေရန်ဆန္ဒပြုအပ်ပါသည်။

(ဖူးကီးဒိုရေးသားသော"မန်းဘဇန်နှင့်ကရင်တော်လှန်ရေး" လုံးချင်းထုတ်ဝေရန်စတင်ရိုက်နှိပ်နေပြီဖြစ်ပါသည်။မကြာမီစာဖတ်ပရိတ်သတ်များဖတ်ရှုရတော့မည်ဖြစ်ပါသည်။စာအုပ်မထွက်မီကရင်သမိုင်းသုတေသနစာစောင်မှ၊အခန်းဆက်ထည့်သွင်းဖေါ်ပြသွားရန်ဆုံးဖြတ်လိုက်ပါသည်။ထိုသို့စီစဉ်ရခြင်းမှာနိုင်ငံသစ်ပရိတ်သတ်များလေ့လာရန်ဖြစ်သည်။

"မန်းဘဇန်"သည်"စောဘဦးကြီး"ကျဆုံးသွားပြီးနောက်ကရင်တော်လှန်ရေးကိုအညံမခံ၊ဒူးမထောက်စတမ်းရှေ့ဆောင်ခဲ့သူတဦးဖြစ်ပြီး၊ တမျိုးသားလုံးကကြည်ခဲ့ရသူတဦးဖြစ်သည်။သူ့ဘဝသည်ကရင့်ဘဝ၊သူ့သမိုင်းသည်တမျိုးသားလုံး၏သမိုင်းဖြစ်သည်။ကရင်တော်လှန်ရေးသမိုင်းတလျှောက်ခေါင်းဆောင်ကြီးမန်းဘဇန်၏စွမ်းဆောင်ချက်များကိုရေးသားထားသော၄ါစာအုပ်တွင်မျက်မှောက်နှင့်အနာဂတ်ကရင်လူငယ်များအတွက်နိုင်ငံရေးအတွေ့အကြုံ

-စာမျက်နှာ(၄၁)သို့.

Bibliography on the Karen people in Burma and Thailand
Compiled by kennedy Tapa (a) Tin Maung Lwin

1. ANLERSON, J.P "A journey along a part of the Siam Burma frontier." n Journal of Siam Society 18, pt. 2 (1924) 111-134
Daily record of the journey and the Karen villages.

